ရှေးအတိတ်က ဗျာနိရ-ရသေ့ကျော်,မင်းဆရာ ပုဏ္ဏားမော်
တို့၏ ဗေဒင်ဟောနည်းများအတိုင်း၊ဝရာဟမိဟိရဆရာ
သည်၊နာဂရီအက္ခရာ,သကၠတဘာသာဖြင့်၊
ရေးသား,စီရင်အပ်သော
အဗ္ဗဇာတကကျမ်းကို

# ပဉ္စမကြီး

ပါဠိဘာသာဋီကာ ဖွဲ့တံဆိပ်ရ
သာမိန ဆရာသည်-သကၠတဘာသာမှ
မြန်မာပြန်၍ စီရင်အပ်သော
ဗေဒသံခိပ်ကျမ်း

၎င်း၏ အဘွင့် ဖြစ်သော

# ဗေဒနီတိကျမ်း။

ရိုက်နှိပ်ထုတ်ဝေ ပြုလုပ်ပြီး။

မူပိုင်ရှင်။ ။မောင်အောင်ခင်၊မတင်အုံး။
နံပါတ်-၃၉၊ လယ်တီဝံသ-စာအုပ်ဆိုင်ကြီး။
ရွှေတိဂုံဘုရားကြီးဈေးအတွင်း၊
ရန်ကုန်မြို့။

မဟိန္ဒစာပုံနှိပ်တိုက်။
တိုက်နံပါတ်-၂၅၆၊ လှော်ကားလမ်း။
ရန်ကုန်မြို့။
၁၂၉၂-ခု၊ တန်ဆောင်မုန်းလ။

Rs. 1-12 1930. အဘိုး၊ ၁-၁၂-ဲ။

ဦးရေ၊ မာတိကာ။ စာမျက်နှာနံပါတ်။


| | | |
|---|---|---|
| | နိဒါန်း။ | ၁။ |
| | ပဏာမ။ | ၃။ |
| ၁။ | မင်္ဂလာပြုခြင်း။ | ၅။ |
| ၂။ | ကျမ်းအကျိုး။ | ၇။ |
| ၃။ | ကာလယောကျ်ား၏ ကိုယ်အင်္ဂါရာသီများ။ | ၈။ |
| ၄။ | ရာသီအဆင်း။ | ၉။ |
| ၅။ | ရာသီအမည်စသည်ကို ဝေဘန်ခြင်း။ | ၁၀။ |
| ၆။ | ရာသီအရှင်ဂြိုဟ်များ။ | ၁၁။ |
| ၇။ | နဝင်း။ | ၁၂။ |
| ၈။ | ဒွါဒသင်း။ | ၁၃။ |
| ၉။ | ဒြေက္ကာဏ်။ | ၁၃။ |
| ၁၀။ | ဟောရတ်။ | ၁၄။ |
| ၁၁။ | တိံသင်း။ | ၁၄။ |
| ၁၂။ | ဒွိပဒ စသော အမည်များ။ | ၁၅။ |
| ၁၃။ | ရာသီဗလ။ | ၁၆။ |
| ၁၄။ | တနု စသည်ကို ဝေဘန်ခြင်း။ | ၁၇။ |
| ၁၅။ | ကေန္ဒြ စသော အမည်များ။ | ၁၈။ |
| ၁၆။ | ဥပစည်း,ဝဂ္ဂုတ္တမလက္ခဏာ။ | ၁၈။ |
| ၁၇။ | ဒိနရတ္တိဗလရာသီများ။ | ၁၉။ |
| ၁၈။ | ဥစ်,နိစ်လက္ခဏာ။ | ၂၀။ |
| ၁၉။ | မူလတြိကုဏ်း။ | ၂၂။ |
| ၂၀။ | ဝဂ္ဂခြောက်ပါး။ | ၂၂။ |
| ၂၁။ | ကာလယောကျ်ား၏ ကိုယ်အင်္ဂါများ။ | ၂၃။ |
| ၂၂။ | မင်း စသောဂြိုဟ်များ။ | ၂၃။ |

ဦးရေ။ မာတိကာ။ စာမျက်နှာနံပါတ်။


၂၃။ အရပ်ကို အစိုးရသော ဂြိုဟ်များ။ ၂၄။
၂၄။ ပါပဂြိုဟ်များ။ ၂၄။
၂၅။ ယောက်ျား,မိန်းမ,နပုန်းဂြိုဟ်များ။ ၂၅။
၂၆။ ဗေဒင်ဂြိုဟ်လေးပါး။ ၂၅။
၂၇။ အမျိုးငါးပါးဂြိုဟ်များ။ ၂၅။
၂၈။ ဗလာဗလအပြား။ ၂၆။
၂၉။ ဒိသာဗလအရပ်အား။ ၂၆။
၃၀။ စေဋ္ဌဗလသွားခြင်း၊ဗျာပါရအား။ ၂၇။
၃၁။ ကာယဗလ အခါအား။ ၂၈။
၃၂။ နေသဂ္ဂိကဗလသဘောရင်းအား။ ၂၉။
၃၃။ ဌာနဗလ တည်နေရာအား။ ၂၉။
၃၄။ ဂြိုဟ်မြင်ပုံများ။ ၃၀။
၃၅။ မိတ်ရန်ဂြိုဟ်များ။ ၃၀။
၃၆။ နေသဂ္ဂိကမိတ်၊ရန်၊ဥဒါသိန်များ။ ၃၂။
၃၇။ တက္ကာလိကမိတ်ဂြိုဟ်များ။ ၃၃။
၃၈။ တက္ကာလိက,နေသဂ္ဂိက မိတ်ချင်းထပ်မိပုံ။ ၃၄။
၃၉။ ဝါဒဘပါး၊တက္ကာလရန်ဂြိုဟ်များ။ ၃၄။
၄၀။ တနင်္ဂနွေဂြိုဟ်၏ သရုပ်များ။ ၃၅။
၄၁။ တနင်္လာဂြိုဟ်၏ သရုပ်များ။ ၃၅။
၄၂။ အင်္ဂါဂြိုဟ်၏ သရုပ်များ။ ၃၅။
၄၃။ ဗုဒ္ဓဟူးဂြိုဟ်၏ သရုပ်များ။ ၃၆။
၄၄။ ကြာသပတေးဂြိုဟ်၏ သရုပ်များ။ ၃၆။
၄၅။ သောကြာဂြိုဟ်၏ သရုပ်များ။ ၃၇။
၄၆။ စနေဂြိုဟ်၏ သရုပ်များ။ ၃၇။

| | | |
|---|---|---|
| ၄၇။ | သတိပေးချက်။ | ၃၇။ |
| ၄၈။ | မျိုးချရာ၌ မေထုန်လက္ခဏာအဟော။ | ၃၈။ |
| ၄၉။ | မိုက်မှောင်တွင် ဖွားရာအဟော။ | ၃၈။ |
| ၅၀။ | ကြာမြင့်မှ ဖွားရာအဟော။ | ၃၉။ |
| ၅၁။ | အမိအဘအနာရောဂါအဟော။ | ၃၉။ |
| ၅၂။ | အမိအဘသေခြင်းအဟော။ | ၄၀။ |
| ၅၃။ | ကိုယ်ဝန်တည်ရာ,ဖွားရာအဟော။ | ၄၀။ |
| ၅၄။ | သန္ဓေတည်ပုံအဟော။ | ၄၂။ |
| ၅၅။ | တနည်း၊သန္ဓေတည်ပုံအဟော။ | ၄၂။ |
| ၅၆။ | ယောကျ်ား,မိန်းမ ဖွားရာအဟော။ | ၄၃။ |
| ၅၇။ | တနည်း၊ယောကျ်ား,မိန်းမ ဖွားရာအဟော။ | ၄၃။ |
| ၅၈။ | အမြွှာဖွားရာအဟော။ | ၄၄။ |
| ၅၉။ | တနည်း၊ယောကျ်ားဖွားရာအဟော။ | ၄၄။ |
| ၆၀။ | ဂုဏ်သုံးပါးအဟော။ | ၄၅။ |
| ၆၁။ | ကိုယ်အဟော။ | ၄၆။ |
| ၆၂။ | အဘမျက်ကွယ်ဖွားရာအဟော။ | ၄၆။ |
| ၆၃။ | လင်ငယ်နှင့် ဖွားရာအဟော။ | ၄၇။ |
| ၆၄။ | ဖွားအိမ်တံခါးဟော။ | ၄၇။ |
| ၆၅။ | ဆီမီး,မီးစာအဟော။ | ၄၇။ |
| ၆၆။ | ဖွားရာအိမ်အဟော။ | ၄၈။ |
| ၆၇။ | ဖွားရာအိမ်,ဘုံဆင့်,ဘုံဆောင်အဟော။ | ၄၉။ |
| ၆၈။ | ဆောင်ပန်းဟော။ | ၅၀။ |
| ၆၉။ | အမြင်ရစ်ပတ်၍ ဖွားရာအဟော။ | ၅၁။ |
| ၇၀။ | ဖွားရာအိမ်၌ ဥစ္စာအဟော။ | ၅၁။ |

| ဦးရေ။ | မာတိကာ။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၇၁။ | ဖွားရာအနီးရှိလူအဟော။ | ၅၂။ |
| ၇၂။ | မွေးဖွား၍သေသော အရိဋ္ဌယုဂ်အဟော။ | ၅၂။ |
| ၇၃။ | တနင်္ဂနွေ၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၅၈။ |
| ၇၄။ | တနင်္လာ၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၅၉။ |
| ၇၅။ | အင်္ဂါ၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၆၀။ |
| ၇၆။ | ဗုဒ္ဓဟူး၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၆၂။ |
| ၇၇။ | ကြာသပတေး၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၆၃။ |
| ၇၈။ | သောကြာ၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၆၄။ |
| ၇၉။ | စနေ၏ ဝဂ္ဂသုဒ္ဓိအဟော။ | ၆၅။ |
| ၈၀။ | ဝဂ္ဂသုဒ္ဓိ၏ အကျိုး။ | ၆၆။ |
| ၈၁။ | အနုဖါ စသော ယုဂ်လေးပါး။ | ၆၇။ |
| ၈၂။ | အနုဖါ,သုနုဖါယုဂ်အဟော။ | ၆၇။ |
| ၈၃။ | ဒုရုဓရကောမဒုမယုဂ်အဟော။ | ၆၈။ |
| ၈၄။ | သုနုဖါ စသော ယုဂ်သုံးမျိုး၌ ဂြိုဟ်အဟော။ | ၆၈။ |
| ၈၅။ | တနင်္ဂနွေ၏ အရော။ | ၆၉။ |
| ၈၆။ | ဂြိုဟ်နှစ်ခုပူးအဟော။ | ၆၉။ |
| ၈၇။ | ပဗ္ဗဇ္ဇယုဂ်အဟော။ | ၇၂။ |
| ၈၈။ | ရဟန်းမျိုးအပြား။ | ၇၂။ |
| ၈၉။ | တနည်း၊ရဟန်းမျိုးအပြား။ | ၇၃။ |
| ၉၀။ | ရဟန်း မဖြစ်သော ပဗ္ဗဇ္ဇယုဂ်။ | ၇၄။ |
| ၉၁။ | မင်းနှင့် တူသော ယုဂ်အဟော။ | ၇၄။ |
| ၉၂။ | စရ,စသည်၌ စန်းအဟော။ | ၇၄။ |
| ၉၃။ | ဂြိုဟ်မြင်ခြင်း၏အကျိုး။ | ၇၆။ |
| ၉၄။ | ရာသီ၏ အရာအဟော။ | ၇၆။ |

| ဦးရေ။ | မာတိကာ။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၉၅။ | လက်၌ စန်းတည်သောအကျိုး။ | ၇၇။ |
| ၉၆။ | လက်၌ တနင်္ဂနွေတည်သောအကျိုး။ | ၇၇။ |
| ၉၇။ | ဥစ်စာသည်၌ တည်သော ဂြိုဟ်၏အကျိုး။ | ၇၈။ |
| ၉၈။ | မိဿ စသော နဝင်း၏အကျိုး။ | ၇၉။ |
| ၉၉။ | ကာသစ်၏ အကျိုး။ | ၇၉။ |
| ၁၀၀။ | မိတ်၏ အကျိုး။ | ၈၀။ |
| ၁၀၁။ | ဥစ်,ကြီးကုဏ်းအကျိုး။ | ၈၀။ |
| ၁၀၂။ | နိစ်,ရန်အကျိုး။ | ၈၁။ |
| ၁၀၃။ | ရာဇယုဂ်အဟော။ | ၈၁။ |
| ၁၀၄။ | အာသယယုဂ်သုံးပါးအဟော။ | ၈၂။ |
| ၁၀၅။ | ဒလယုဂ်နှစ်ပါးအဟော။ | ၈၃။ |
| ၁၀၆။ | အာဂတိယုဂ်နှစ်ဆယ်အဟော။ | ၈၄။ |
| ၁၀၇။ | သင်္ချာယုဂ်ခုနစ်ပါးအဟော။ | ၉၀။ |
| ၁၀၈။ | လင်၏ သရုပ်။ | ၉၂။ |
| ၁၀၉။ | လားရာဂတိအဟော။ | ၉၅။ |
| ၁၁၀။ | နိဗ္ဗာန်ရောက်သော ယုဂ်အဟော။ | ၉၆။ |
| ၁၁၁။ | လားရာဂတိအဟော။ | ၉၇။ |
| ၁၁၂။ | ရာသီကိန်း,ဂြိုဟ်ကိန်းတို့ကို ပြခဏ်း။ | ၉၇။ |
| ၁၁၃။ | မယား စသည်တို့၏ နက္ခတ်များ။ | ၉၈။ |
| ၁၁၄။ | နှစ်,ရေတု စသည်များ။ | ၉၉။ |
| ၁၁၅။ | ဗေဒသံခိပ်ကျမ်းနိဂုံး။ | ၁၀၁။ |
| ၁၁၆။ | ဗေဒနိတိကျမ်းနိဂုံး။ | ၁၀၄။ |


မာတိကာပြီး၏။

# နိဒါန်း။

အဋ္ဌက၊ ဝါမက၊ ဝါမဒေဝ၊ အင်္ဂီရသ၊ ဘဂု၊ ယမဒဂ္ဂိ၊ ဝါသိဋ္ဌ၊ ဘာရဒွါဇ၊ ကဿပ၊ ဝေဿာမိတ္တဟူသောရသေ့ ဆယ်ယောက်တို့သည်—သာမ၊ ဣရု၊ ယဇု၊ ဟူ၍(ဗေဒ)ဟုခေါ်ဆိုအပ်သောအတတ်သုံးမျိုးကို ရေးစီရင်သောကျမ်းပြုဆရာကျော်တို့ပေတည်း၊ ထိုအတတ်သုံးမျိုးတွင်ပါဝင်သောဗေဒအတတ်၏အစိတ်အင်္ဂါ ဗေဒင်ကျမ်းတို့သည်ကား အလှူယဇ်ပူဇော်ခြင်းနည်းဥပဒေသကို ပြသောကပ္ပကျမ်း၊ သဒ္ဒါအရာ၌လိင်ဓာတ် စသည်တို့အစီအရင်ကို ပြသောဗျာကရဏ်းကျမ်း၊ ကုသိုလ်၊ အကုသိုလ်တို့၏ ကောင်းကျိုး၊ မကောင်းကျိုးကို၊ ယခု မျက်မှောက်၌ပင် မှန်ကန်စွာသိနိုင်အောင် ပြသ စီရင်သော ဇောတိသတ္ထကျမ်း။ အ—စသောဝဏ္ဏတို့၏ဖြစ်ပေါ်ရာ ဌာနကရိုဏ်းစသည်တို့ကို၊ ပြသောသိက္ခာကျမ်း၊ ဝဏ္ဏတို့၏ လာခြင်းဘောက်ပြန်ခြင်း စသည်တို့ကိုပြသောနိရုတ္တိကျမ်း။ ဆန်း၌အနုဋ္ဌုဘစသောဂါထာတို့၏ အနေအထားကိုပြသော ဆန္ဒောဝိစိတိကျမ်းဟူ၍ ခြောက်မျိုးကွဲပြားလျက်ရှိလေသည်၊ ထိုကျမ်းခြောက်မျိုးလုံးပင် ဗေဒင်ကျမ်းဖြစ်ကုန်သော်လည်း ယခုအခါမှာ လူမြိန်းတွင်သာများလှသဖြင့်ကောင်းကျိုး၊ မကောင်းကျိုးကို ယခုမျက်မှောက်၌ပင်မှန်ကန်စွာသိနိုင်အောင်ပြသောဇောတိသတ္ထကျမ်းမျိုးကို သာလျှင်(ဗေဒင်)ဟူ၍ခေါ်ကြလေသည်၊ သတ္တဝါတို့သန္တာန်တွင်ဖြစ်တည်လျက်ရှိသော အကြောင်းစုံကို လက်ပေါ်တွင် တင်၍ထားသော ပတ္တမြားကဲ့သို့ ကုန်စင်အောင် မှန်ကန်စွာ ဟောပြနိုင်သော ရသေ့ ကျော်ရသေ့ မော်တို့သည်၊ ထိုဇော

တိသဏ္ဍာကျမ်းမျိုးတွင် ပါဝင်လျက်ရှိသော ဗြိုဟာဇကျမ်း။ ရာဇမတ္တဏ်ကျမ်း၊ အပ္ပဇာတကကျမ်းစသော များစွာသော ဗေဒင်ကျမ်းတို့ကို ရေးသားစီရင်တော်မူကြလေသည်။ ထို ဗေဒင်ကျမ်းတို့တွင်လည်းအပ္ပဇာတကကျမ်းသည် အနည်းငယ်မျှသော ဂါထာစကားရပ်များဖြင့် များစွာသော အနက်အဓိပ္ပါယ်တို့ကိုရပေါင်းသိမ်းရုံး၍ရေးသားထားသော ကျမ်းငယ်တခုဖြစ်၍ များစွာလေ့လာမှတ်သားဘွယ် ကောင်းလှသော်လည်း မြန်မာဘာသာဖြင့်မရှိ။ နာဂရီအက္ခရာသက္ကတဘာသာဖြင့်သာတည်ရှိသောကြောင့် ကျွန်ုပ်တို့မြန်မာအမျိုးသားသမီးတို့သည်လေ့လာကျက်မှတ်ခြင်း ငှါလွန်စွာခဲယဉ်းလှသဖြင့် ထိုအပ္ပဇာတကကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို လွယ်ကူစွာသိနိုင်ရန် နာဂရီအက္ခရာသက္ကတဘာသာမှမြန်မာဘာသာသို့ ပြောင်းလဲပြီးလျှင်၊ သိလွယ်သော သံပေါက်ကဗျာများနှင့်ရုဏ္ဏသမြန်မာစကားအဘည့်ဖြင့်ဤဗေဒသံခိပ်ကျမ်းနှင့်ဗေဒနီတိကျမ်းကိုရေးသားစီရင်ပုံနှိပ်ထုတ်ဝေ၍ ထားပေသတည်း။

# မေဒနီတိကျမ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

ပဏာမ။

(က) ဝေဒန္တဂုံဖြိုးနှံ့တွာ၊
ဓမ္မံမဟာပိဋံသကံ။
သံဃာဋ္ဌမလသံသုဒ္ဓံ၊
မာဒိသမ္ဘာကပိက်ရုံ၊ ။

(ခ) ကေရာဇိကမာစေရံ
သဗ္ဗကာလံဿပေါဓနံ၊
ကန်ဦးဝါသဋ္ဌအာစေရံ၊
သေလဗ္ဗွံ့မ္ဘ ၂ ဝိတိမံ၊

(ဂ) ဓောတနာ ရာမထေရဋ္ဌ၊
မယှံ သကာဥဝ စကံ။
ဝေဒင်္ဂိကာနံအဗ္ဗာယာ၊
ဂိုဘာနယေဟိမဏ္ဍိတံ။

(ဃ) သုပိဉ္ဉာယျဗ္ဗဓိပ္ပါယံ၊
မြန်မဂေ ဟျာတိနန္ဒိတံ။
မေဒနီတိ ပဝက္ခာမိ၊
မေဒသင်္ခေပဝဏ္ဏနံ။

(က) အပဟံ၊ သာဝိနပုာ၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ဝေဒန္တဂုံ၊ သုံးပုံပိဋကတ်၊ လေးရင်သောဗေဒင်ကို၊ ကုန်စင်တတ်မြောက်၊ အပြီးအဆုံးသို့ ရောက်တော် မူပေထသော။ ဇိနဋ္ဌ၊ ဒေဝပုတ္တ၊ စသည်ငါးမျိုး၊ မာရ်ညစ်ဆိုးကို၊ ဖျက်ချိုးအောင်မြင်တော်မူသောမြတ်စွာဘုရားကိုရင်း။ မောဟာဝိမံသကာံ၊ မောဟာမည်ဟီး၊ ရိုက်မှောင်ကြီးကို၊ ဖျက်ဆီးပယ်ဖျောက်တော်မူပေတတ်သော၊ ဓမ္မဋ္ဌ၊ မဂ်ဖိုလ်နိဗ္ဗါန်၊ ဓမ္မခန်ကိုရင်း၊ မလသံသုဒ္ဓံ၊ ကိလေသာအညစ်အကြေးကို၊ ဆေးကြောစင်ကြယ်တော်မူပြီးထသော။ သံဃဋ္ဌ၊ ရှစ်ယောက်အရိယာ၊ မြတ်သံဃာကိုရင်း။ မာဒိသမ္ဘိ၊ အမြင်နှံ့ နှံ့၊ ကျွန်ုပ်ကဲ့သို့သောသူဘာလေးကိုမျှသော်လည်း။ ဘာဝိက်ရံ၊ ကာဝိတဦး၊ အရာထူးကို။ ဆည်းပူးချီးမြှင့်တော်မူခဲ့ပေသော။ သမ္ဘာဘာလံ၊ အမြဲမပြတ်။ အခါခပ်သိမ်း၊ တပေါ်ခန်း၊ ရွှေခဲငွေခဲ၊ မူးပဲမဟုတ်။ အကျင့်တည်းဟူသော ဥစ္စာထုပ်သည်သာလျှင်။ များများကြီးမြှုပ်နှံ့၍ရှိတော်မူပေထသော။ ကြောဖိုကာံ၊ သရက်မြို့ပိုင်။ ခြောက်တိုင်ခန့်ကွာ၊ ကြောရေ ဇေဒွါဘောင်း၊ တောင်ကျောင်း၌။ ကံ်န်းအောင်းနေ့သျော်။ နေထိုင်တော်မူပေထသော၊ အာစေရဋ္ဌ၊ ကျွန်ုပ်၏ဆရာ။ မဟာထေရ်အရှင်မြတ်ကိုရင်း။ ကန်ဦးဝါသံ၊ ရန်ကုန်မြို့၌။ ကန်ဦးတိုက်တွင်။ ယာပိုထ်လေးလီ။ မျှညီ၍နေထိုင်တော်မူသော။ သေလဗ္ဗတံဝ၊ မယိမ်းမယိုင်။ ကျောက်စာတိုင်ကြီးကဲ့သို့။ ဓိတိမံ၊ ခိုင်ခိုင်ခန့်ခန့်။ တည်တန့်သောသမာဓိရှိတော်မူသော။ အာစေရဋ္ဌ၊ ကျွန်ုပ်၏ဆရာ၊ မဟာထေရ်အရှင်မြတ်တဦးကိုငင်း။ မယှံ၊ အကျွန်ုပ်အား၊ သကဒုဝါစကာံ၊ နာဂရီအက္ခရာ၊ သက္ကဋဘာသာကျမ်းကို။ ကြိုးပမ်းလို့လ

ဖွဲ့ချ၍ပေးတော်မူသော။ဇေတနာရာမထေရ်ဆ၊ရန်ကုန်မြို့မြတ် အလုံခုဝ်အဝင်အပါ။ ဇေတနာရာမကျောင်းတိုက်၌။ ကံနိုး အောင်းနေ့လျော်။ နေထိုင်တော်မူသော။ မဟာထေရ်အရှင် မြတ်ကိုငှင်း။နတွာ၊ကြည်ဖြူမြတ်နိုး။ရှိခိုးပြီး၍။ ဝေဒဂိကာနံ၊ ဇေဒင်အတတ်။ ကမ်းသို့ခတ်အောင်။ ကျက်မှတ်သင်အံကုန် သောသူတို့၏။အဇ္ဈာသယ၊ဥာဏ်အမြင်ဖွင့်ဖြိုး။ တတ်မြောက် စေခြင်းအကျိုးငှာ၊ ဋီကာနယေဟိ၊ အပ္ပဓာတကာ၊ဖြို့ဟာဇ္ဇ သောဋီကာနည်းတို့ဖြင့်။ မဏ္ဍိတံ၊ ပျိုကညာအသွင်။ မိပ္ပါယ် ယဉ်အောင်။ ဘန့်ဆာဆင်အင်ထသော။ သုဝိဒြေယျဇ္ဈမိပ္ပါ ယံ၊ကောင်းစွာသိလွယ်သော အနက်အဓိပ္ပါယ်လည်း ရှိထ သော။မြန်မိကေဟိ၊မြန်မာဘာသာကိုသေချာစွာနားလည်ကုန် သောသူဟူသမျှတို့သည်၊အဘိနန္ဒိတံ၊ ရှုတိုင်းတအိအိ၊ဖွမ်း ဆီထိသို့။ ပီတိပေါ်ဖြစ်။ နှစ်သက်စေအောင် ထသော။ ဇေဒ သင်္ခေပဝဏ္ဏနံ၊ ဇေဒသံခိပ်။ တံဆိပ်မည်ဆန်း၊ လင်္ကာသန်း ကျမ်း၏အဖွင့်ဖြစ်သော။ဇေဒနီတိ၊ဇေဒနီတိ၊ အမည်ရှိသော ကျမ်းကို။ ပဝက္ခာမိ၊ ဇေဒင်လိုလား။အမျိုးသားတို့အို၊ ရေး ထားမြွက်ဆိုပါတော့အံ့သတည်း။

---

## ၁—မင်္ဂလာပြုခြင်း။

(၁) ရောင်ချည်ခပင်း။ ထိန်ထိန်လင်း။ နေမင်းထွက်အ ဝင်။

(၂) နတ်ဗိုလ်သကျော်။လက်ဒုပ်မိုး။ညွတ်ကျိုးသခ္ခါရွှင်။

(၃) ကျမ်းဂန်ဗုဒည်း။ငါတို့လည်း။ထိုနည်းအတူပင်၊ ရှိသော သံပေါက်ကဗျာလင်္ကာသုံးပုဒ်နှိက်။ရောင်ချည် တဝေဝေခင်ဆောင်သောနေမင်းကြီးသည်။ ကမ္ဘာသူ-ကမ္ဘာ သား။သတ္တဝါအများအားမိမိ၏အလင်းရောင်ကို ထင်ရှားစွာ ဖြလျက် နေ့စဉ်နေ့တိုင်း။ ပုဗ္ဗဝိဒေဟ အရှေ့ကျွန်းမှထွက် ပေါ်ပြီးလျှင်။ဤဇမ္ဗူဒိပ်တောင်ကျွန်းတွင်ထွန်းလင်းတောက် ပခြင်းတည်းဟူသော မိမိ၏ပြုအွယ်ကင်းစွ အလုံးစုံကိုကုန်စင် အောင် ပြုလုပ်၍ အပရဂေါယာန 'အနောက်ကျွန်းသို့' ကျူး မြောက်ချုပ်ဝင်ခြင်းသို့ရောက်သဖြင့်။ ဘွယ်ပျောက်တော်မူ ပေသတည်းဟုပထမ( )ကဗျာဖြင့်ပြဆိုသတည်း။ထိုနေမင်း ကြီးကိုထွက်ချိန်ဝင်ချိန်အခါ၌။ဗိသကြိုးနတ်မင်းသ ဉ်။နေ့စဉ် နေ့တိုင်းသဒ္ဓါ ရွှင်ပြုံး။လက်အုပ်မိုး၍ရှိခိုးခြင်းမင်္ဂလာကိုပြုရ ၏ဟုဒုတိယ(၂)ကဗျာဖြင့်ပြသည်၊အပ္ပမာတကကျမ်းကိုရေး သားစီရင်သော၀ရေဟာမိဟိရဆရာဖြစ်သောအကျွန်ုပ်တို့သည် လည်းဗိသကြိုးနတ်မင်းနှင့်နည်းတူသလျှင်နေမင်းကြီးအားရှိ ခိုးခြင်းမင်္ဂလာကိုပြုကြပါကုန်၏ဟုတတိယ(၃)ကဗျာဖြင့်ပြ ဆိုသတည်း။တနည်းကား ဗိသကြိုးနတ်မင်းသည်။ပူဇော်အပ် သောပူဇနီယ ပုဂ္ဂိုလ်ဟုယုံကြည်သဖြင့် နေမင်းကြီးအားရှိခိုး ခြင်းမင်္ဂလာကိုပြုသကဲ့သို့။ထိုနည်းအတူ ဗေဒင်သံခိုင်ကျမ်း ပြုဆရာကျွန်ုပ် (သာဓိန) သည်လည်း မိမိယုံကြည် ကိုး ကွယ်သော။ဘုရား,တရား,သံဃာ, သုံးဖြာသောရတနာအား ၎ှိခိုးခြင်းပူဇနီယ ပူဇမင်္ဂလာကို ပြုပါကုန်၏ဟု ကဗျာသုံးပုဒ် လုံးဖြင့်ပင်ပြဆိုသတည်း။(ခ)ကဗျာ၌ခပင်းသဒ္ဒါသည်အများ ကိုဆိုသည်။)

## ၂–ကျမ်း အကျိုး။

(၄) ဗေဒင်ဟူးရားကျမ်းဂန်များ၊ ရှုစားဘန်ခါခါ၊
(၅) ဗေဒင်သံခိပ်၊ ဘွဲ့တံဆိုင်၊ ခင်နှိပ်မည်သည်သာ၊
(၆) အဆီကိုနှုတ်၊ လိုရင်းချုပ်၊ ရေးထုတ်စီရင်မှာ။

ဓာတ်သဂ္ဂဟကျမ်း၊ ဖြို့ဟာဇာကကျမ်း၊ ဂုဏမဏ္ဍာကျမ်း စသောဗေဒင်ဟူးရား ကျမ်းဂန်များကို အဘန်ဘန်အခါခါ၊ ကြည့်ရှုပြီးလျှင်၊ ဗေဒင်သံခိပ်ဟု ဘွဲ့တံဆိပ် အမည်ရှိသော ကျမ်းကိုထုံဆိုအင်ပြီးသော ကျမ်းတို့၏ အဆီအနှစ်ကိုညှစ်ထုတ်၍သိုရင်းအကျဉ်းချုပ်အားဖြင့်ရေးသားစီရင်မည်ဟုဆိုလိုရင်းဖြစ်သတည်း။

(၇) ဘဝတပါး၊ ပြုရထား၊ နှစ်ပါးကံအကျိုး။
(၈) ဟူးရားဟူကာ၊ ထိုနှစ်ဝ၊ ဆိုင်ဖြကောင်းအဆိုး။
(၉) ခန်းတို့ဘာက်ရိက်မှောင်၊ ဆိမ်းရောင်၊ ထုတ်ဆောင်ပမာထိုး။

ရှေးရှေးအတိတ်ဘဝတပါးကပြုရလုပ်ကိုင်၍ထားသော ကုသိုလ်ကံ၏ကောင်းကျိုး၊ အကုသိုလ်ကံ၏ မကောင်းကျိုး များသည်သတ္တဝါ ခပ်သိမ်းမှာပင် ထင်ရှားရှိကြ၏၊ ဟူးရား ကျမ်းဆိုသည်မှာ၊ ထိုကောင်းကျိုး မကောင်းကျိုးနှစ်မျိုးတို့တွင်၍သူကား၊ ဤဘဝ၌မည်သည့်အခါမှာကောင်းကျိုးပေးမည်၊ မည်သည့်အခါမှာချမ်းသာကြွယ်ဝမည်၊ မည်သည့်အခါနှိုက်မကောင်းကျိုးပေးမည်မည်သည့်အခါ၌ဆင်းရဲမည်စ

သည်ဖြင့် ပြဆိုသော ကျမ်းမျိုးပေတည်း။ ထိုဟူးရားကျမ်းသည်၊ သတ္တဝါတို့ကောင်းကျိုး မကောင်းကျိုးကိုပြဆိုရာ တိုက်ခန်းတွင်းရှိပစ္စည်းဝတ္ထုများကို၊ ဆီမီးရောင်သည်၊ ရိုက်မှောင်ကိုပယ်ဖျောက်ပြီးလျှင် မိမိအလင်းရောင်ဖြင့်ဘော်ပြသည်နှင့်ဥပမာဆောင်ရာ၏၊


—— ၀ ——

၃-ဘာလယောဂျ်ား၏။ကိုယ်အင်္ဂါရာသီများ။

(၁၀) မိဿ်ခေါင်းဖြိုဿ်မျက်၊ မေမွာလက်၊ တဲ့ဘက်ကင့်နှစ်လုံး။

(၁၁) သိဟ်ဝမ်းကန့်ခါး၊ တူအိမ်ထား။ ဗြိစ်ကားသိုဟာသုံး။

(၁၂) နုပေါင်မရူး၊ ကုံမြင်းပူး၊ နှစ်ဦးခြေမိန်ဆုံး။



မိဿဦးခေါင်း။ ပြိဿမျောက်နှာ၊ မေထုန်လက်ရုံး၊ ကရကာင့်နှစ်လုံး။ သိဟ်ဝမ်း။ ကန်ခါး။ တူသိုအိမ်။ ပြိစ္ဆာအင်္ဂါဇာတ်သို ဓနုဝေါင်။ မကာရရူး။ ကုံမြင်းခေါင်း။ မိန်ခြေနှစ်ဘက်။ ဤသို့ ဆဲ့နှစ်ရာသီကို ကာလယောကျ်ား၏ ကိုယ်အင်္ဂါ ၁၂ ပါး အပိုင်းအစိပ်ဖြင့်သိရာ၏။ တန်ခူးလမိဿရာသီ၊ ကဆုန်လပြိဿ ရာသီစသည်ဖြင့်လည်းအစဉ်အတိုင်းသိရာ၏။

(၁၃) ကာလယောကျ်ား ဆဲ့နှစ်ပါး။ ရှုစားအင်္ဂါကို။
(၁၄) ကောင်း မကောင်းမှု၊ ဂြိုဟ်နှစ်ရု၊ မှတ်ရှုအဖြေ ဟောသို။

မိဿရာသီ၌သောမဂြိုဟ်ရှိမူ၊ မိဿရာသီသည်။ ကာလ ယောကျ်ား၏ဦးခေါင်းဖြစ်၍။ ထိုဇာတာရှင်၏ ဦးခေါင်းကား ကောင်းမွန်လှပ၏။ ပါပဂြိုဟ်ရှိမူ၊ မလှမတင့်တယ်၊ ပြိဿရာသီ နှုတ်။ သောမဂြိုဟ်ရှိမူ။ လှပသောမျောက်နှာရှိ၏။ ပါပဂြိုဟ်ရှိမူ မလှပမတင့်တယ် စသည်ဖြင့် ကာလယောကျ်ား၏ ကိုယ် အင်္ဂါဆဲ့နှစ်ပါးရာသီဆဲ့နှစ်ပါးကို။ တွဲဘက်ရှုစား၍ဇာတာ ရှင်၏ကိုယ်အင်္ဂါဆဲ့နှစ်ပါးကိုဟောသိုရာ၏။

## ၄=ရာသီအဆင်း။

(၁၅) မိဿ်နီပြိဿ်ဖြူ၊ စိမ်းမေဟူ၊ နီပြာကရကာန်။
(၁၆) သိဟ်ဖြော့ပြောက်ကန်၊ တူမြည်းမှန်၊ ဖြွဟာန် ပြိစ္ဆာရပ်၊
(၁၇) ကြောင်နုရောမ၊ ကုံကြောင်ပြာ၊ ညစ်ဘမိန်ဟု မှတ်၊

မိဿရာသီသည် စဉ်းငယ်နီ၍ နေအရုဏ်အဆင်းရှိ၏။ ဗြိဿရာသီသည် ဖြူ၏။ မေထုန်ရာသီသည် ဘော့ရွှေးတောင် (ကြက်တူရွေးတောင်)ကဲ့သို့စိမ်းသောအဆင်းရှိ၏၊ ကရကဋ်ရာသီသည်စဉ်းငယ်ဖြူနီသောအဆင်းရှိ၏၊ သိဟ်ရာသီသည် စဉ်းငယ်ဖြူ၍မီးခိုးရောင် ဖြော့သောအဆင်းရှိ၏၊ ကန်ရာသီသည်။အဆင်းအမျိုးမျိုးရှိ၍ပြောက်ကြား၏။ တူရာသီသည် မြည်းနက်၏။ဗြိစ္ဆာရာသီသည်။ရွှေအဆင်းရှိ၍ဝါ၏။ ဓနုရာသီသည်၊ စဉ်းငယ်ကြောင်၏။မကာရရာသီသည်၊ အဖြူအကြောင်ရောသောအဆင်းပင်ရှိ၏၊ ကုံရာသီသည်။ ကြောင်သောအဆင်းရှိ၏။ မိန်ရာသီ သည်ကား။ ငါးအဆင်းကဲ့သို့ ညစ်သောအဆင်းရှိ၏။

(အကျိုးကားခိုးသူဆောင်ယူ၍ပျောက်သောဥစ္စာစသည်တို့၏အရောင်အဆင်းကိုသိနိုင်ရခြင်းပင်တည်း။)

၅-ရာသီအမည်စသည်ကိုဝေဘန်ခြင်း၊

(၁၈) ယောကျ်ားမိန်းမပါပသောမ၊စရ၊ထိရစ္ဆ။

(၁၉) မိဿဗြိဿ၊အစဉ်ချ၊သုံးခုနည်းကိုသိ။

မိဿရာသီသည်ယောကျ်ား၊ ဗြိဿရာသီမိန်းမ။ မေထုန်ရာသီယောကျ်ား၊ ကရကဋ်ရာသီမိန်းမ၊စသည်ဖြင့်၊အစဉ်အတိုင်းတဆဲ့နှစ်ရာသီစေ့အောင်နည်းတူသိရာ၏၊ ၁ ။မိဿသည်၊ မကောင်းသောပါပရာသီ၊ ဗြိဿသည် ကောင်းသောသောမရာသီ၊မေထုန်သည်ပါပစသည်ဖြင့်နည်းတူပြီ။ ၂။ မိဿသည်စရ၊ ဗြိဿသည်ထိရ၊ မေထုန်သည် ဒွိသဘာဝ၊ ကရကဋ်သည်စရစသည်ဖြင့် တဆဲ့နှစ်ရာသီစေ့အောင်နည်းတူ

ပင်တည်း။ ၄။ ဤသို့သုံးပါးသောနည်းကို၊ သိနိုင်ရာ၏။ (အကျိုးကား။ သဏ္ဍာဝါတို့၏ အလေ့အကျင့်ကို သိခြင်း စသည်တို့တည်း။)

(၂၀) မိဿ်ဖြိသ်မေကာင်ု၊ လေးပါးမှတ်။ ငါးရင်ကိုးခုမြောက်။

(၂၁) ရာသီ ယှဉ်၍၊ အစဉ်ကွေ့။ အရှေ့တောင်နောက်မြောက်။

မိဿ ဖြိဿ။မေထုန်။ကရကင့်၊ ဤလေးရာသီတို့သည်၊ မိမိတို့မှ၊ ငါးခုမြောက်၊ ကိုးခုမြောက်ရာသီတို့နှင့်အတူ အစဉ်အတိုင်း။ကွေ့လည်၍အရှေ့အရပ်၊တောင်အရပ်။ အနောက်အရပ်။ မြောက်အရပ်ရာသီတို့မည်ကုန်၏။ မိဿသည်မိမိမှငါးခုမြောက် (ငါးတန့်မြောက်) သိဟ်ရာသီကိုးခုမြောက် ဓနုရာသီတို့နှင့်အရှေ့အရပ်ရာသီမည်၏။ နည်းတူဖြိဿ၊ကန်မကာရ်သုံးရာသီတို့သည် တောင်အရပ်၊ မေထုန်။တူ၊ ကုံသုံ။ရာသီတို့သည်အနောက်အရပ်။ ကရကင့်၊ ဗြိစ္ဆာ၊ မိန်သုံးရာသီတို့သည်။မြောက်အရပ်မည်ကုန်၏ (အကျိုးကားဥစ္စာကိုခိုးယူရာ၌အရပ်ကိုသိခြင်းစသည်တည်း။)

၆-ရာသီအရှင်ဂြိုဟ်များ။

(၂၂) စ,သား,ရွှေ,ကျ၊ အင်း,ဝ,သူ၊ ဆံ,ဖြူ,တ,တင်း လေး။

(၂၃) မိဿစလို။ ကသစ်ဂြိုဟ်၊ လှစ်ဆိုသရောရှေး။

မိဿရာသီ၏အရှင်ကသစ်ဂြိုဟ်သည်၊ (စ) အင်္ဂါ။ ဖြိဿ

(သား)သောကြာ မေထုန်၊(အွေ) ဗုဒ္ဓဟူး။ ဘရကင်(ကျ)တ
နင်းလာ၊သိပ်(အင်း)တနင်္ဂနွေ။ ကန်။(ဝ)ဗုဒ္ဓဟူး။ တူ(သူ)
သောကြာ၊ဗြိစ္ဆာ(ဆံ)အင်္ဂါ။ ခနု(မြူ)ကြာသပတေး၊ မကာရ
(တ)စနေ။ကုံ(တင်း)စနေ၊မိန်(ပေး)ကြာသပတေး၊ဤသို့မိသ
ရာသီကစ၍။ရာသီအရှင်ကာသစ်ဂြိုဟ်ကို ဖော်ဆရာတို့မိန့်ဆို
ကြသတည်း။


### ၇- နဝင်း။

(၂၄) မိဿ,မ,တူ,ကရ်၊ စရေအင်၊ ကိုးရပ် အိမ်သို့ ရောက်၊

(၂၅) ရှိသည်ဂြိုဟ်များ၊ မိဿဂသား၊ လေးပါးနဝင်း ဘောက်။

(၂၆) ငါးကိုးတန့်မူ၊ နဝင်းဟူ၊ နည်းတူ သဘော ပေါက်။

(နဝင်းဇယားပုံ။)



မိဿကစ၍၊ မေနှတိုင်အောင် ကိုးရာသီ၌ ရှိသောကာသစ်ဖြုတ်ကိုးလုံးတို့သည်မိဿ၏နဝင်းမည်ကုန်၏။ နည်းတူမကာရကစ၍ကန်အထိဖြုတ်ကိုးလုံးတို့သည်မကာရ၏နဝင်း၊ တူကစ၍မေထုန်အထိဖြုတ်ကိုးလုံးတို့သည်၊ တူရာသီ၏နဝင်း၊ ကရကဋ်ကစ၍ မိန်အထိဖြုတ်ကိုးလုံးတို့သည် ကရကဋ်၏နဝင်းမည်ကုန်၏။ မိဿမှငါးတန့်သိဟ်ကိုးတန့်ဓနုတို့သည် မိဿနှင့်တူ၏။ မကာရမှငါးတန့်ပြိဿ ကိုးတန့်ကန်တို့သည် မကာရနှင့်တူ၏။ တူရာသီမှငါးတန့်ကုံ၊ ကိုးတန့်မေထုန်တို့သည် တူရာသီနှင့်တူ၏။ ကရကဋ်မှငါးတန့်ဗြိစ္ဆာ၊ ကိုးတန့်မိန်ရာသီတို့သည်ကရကဋ်ရာသီနှင့်တူ၏။

ဂ—ဒွါဒသင်း။

(၂၇) မိမိတော့၊ရာသီကုန်၊ ဖြုတ်ရုံဒွါဒသံ။

တရာသီကို ၂ အသ်ာနှင့်၊လိတ္တာ၁၃၀ စိအညီအမျှဆဲ့နှစ်ပုန်-ပုန်၍တပုန်တပုန်ကိုဒွါဒသင်းခေါ်၏။ မိဿကစ၍မိန်ရာသီအထိတဆဲ့နှစ်ရာသီ၌ ရှိသောကာသစ် ပြုတ်တဆဲ့နှစ် လုံးတို့သည်မိဿရာသီ၏ဒွါဒသင်းမည်ကုန်၏။ ပြိဿကစ၍မိဿအထိဖြုတ်တဆဲ့နှစ်လုံးတို့သည် ပြိဿရာသီ၏ ဒွါဒသင်းမည်ကုန်၏။ ကြွင်းရာသီတို့၏ ဒွါဒသင်းကိုလည်းနည်းတူသိနိုင်လောက်ပြီ။

ဃ—ဒေက္ကာဏ်။

(၂၈)နဝင်းကိုးသွယ်၊သုံးမျိုးချယ်။စ,လယ်,ဆုံး,ဒေက္ကာဏ်။

ရာသီတခုတခုကို၁၀အသ်ာစီသုံးပုန်ပုန်၍တပုန်တပုန်ကိုဒေက္ကာဏ် (တြိဂုင်း) ခေါ်သည်၊ တရာသီတရာသီ၌ကိုးနဝင်း

တို့တွင်အစနဝင်းသည်ပထမ၊ အလယ်နဝင်းသည်ဒုတိယ။ အဆုံးနဝင်းသည် တတိယဒေက္ကာဏ်မည်၏၊ မိသန္ဓပထမ အင်္ဂါ၊ ဒုတိယတနင်္ဂနွေ၊တတိယ ကြာသပတေးဒေက္ကာဏ် တည်း၊ဗြိသစသည် တို့၌လည်းတျပြီ။

(နဝင်းဇယားပုံအတိုင်းရှုပါ)။

၁၀—ဟောရတ်။

(၂၉) ရာသီတခု၊နှစ်ပုန်ပြု၊ခေါ်မှူးဟောရတ်မှန်၊
(၃၀) မရုံခြောက်လ၊ဝိသမ၊နေလရှေ့နောက်ရုံ၊
(၃၁) ရုံသည့်ခြောက်လ၊ခေါ်သမ၊ရှေးကနည်းကိုပြန်၊

တရာသီကို ၁၅ အသ်ာစီအညီအမျှနှစ်ပုန်ဝုန်၍ ဘပုန်တ ပုန်ကိုဟောရတ်ခေါ်၏၊ မိသ၊ မေထုန်စသောမရုံခြောက်လ ဝိသမရာသီ၌ ပထမဟောရတ် အရှင်သည်တနင်္ဂနွေ၊ဒုတိယ ဟောရတ် အရှင်သည် တနင်းလာတည်း၊ ဗြိသ၊ကရကင့်စ သောရုံခြောက်လသမရာသီ၌ကားရှေးနည်း ကိုပြန်သဖြင့်ရှေး ပထမဟောရတ်အရှင် တနင်းလာ၊ ဒုတိယဟောရတ်အရှင် တနင်္ဂနွေတည်း။(နေ့ကိုတနင်္ဂနွေ၊လကိုတနင်းလာဆိုသည်)

၁၁—တြိံသင်း။

(၃၂) ခြသေ့ဖြွေပေါး၊ကြွက်ရှစ်ထား၊ဆင်ကားခွန်ပါးပူး၊
(၃၃) သုံးဆယ်အပုန်၊တြိံသင်းကြို၊မရုံလခြောက်အရှ၊
(၃၄) ရုံသည့်လခြောက်၊နည်းတူကောက်၊ရှေ့နောက်ပြန်ရုံထူး

ရာသီတခုကိုဘအသ်ာစီအညီအမျှသုံးဆယ်ပုန်၍ တပုန် ကိုတြိံသင်းခေါ်၏၊မရုံခြောက်လဝိသမရာသီ၌အစငါးအသ်ာ

ကိုအင်္ဂါ၊ထိုနောက်ငါးအသ်ာကိုစနေ၊ ထိုနောက်ရှစ်အသ်ာကိုကြာသပတေး၊ထိုနောက်ခုနစ်အသ်ာကိုဗုဒ္ဓဟူး၊ ထိုနောက်ငါးအသ်ာကိုသောကြာပိုင်၏။ ရုံခြောက်လသမရာသီ၌ကား။ ရှေ့နောက်ပြန်သဖြင့် အစငါးအသ်ာကိုသောကြာ၊ထိုနောက်ခုနစ်အသ်ာကိုဗုဒ္ဓဟူး။ ထိုနောက် ရှစ်အသ်ာကို–ကြာသပတေး၊ ထိုနောက်ငါးအသ်ာကိုစနေ၊ ထိုနောက်ငါးအသ်ာကိုအင်္ဂါပိုင်သတည်း။

## ၁၂–ဒွိပဒစသောအခြည်များ။

(၃၅) နရပသုကိဋမ္ဗုလေးရာသီများ။
(၃၆) ရှေ့,တောင်,နောက်,မြောက်၊အစဉ်ရောက်ယူကော့အရပ်အား။

နရရာသီ၊ပသုရာသီ၊ကိဋရာသီ၊အမ္ဗုစရရာသီဟူ၍လေးပါးတည်း။ နရရာသီသည်အရှေ့အရပ်သို့ရောက်မူအား ရှိ၏။ ပသုရာသီသည်တောင်အရပ်သို့၊ ကိဋရာသီသည်အနောက်အရပ်သို့၊အမ္ဗုစရရာသီသည်မြောက်အရပ်သို့ရောက်မူအားရှိ၏(လဂ်နေရာသီကိုအရှေ့၊ဆယ်တန့်ရာသီကိုတောင်၊ခုနစ်တန့်ရာသီကိုအနောက်၊လေးတန့်ရာသီကိုမြောက်ဆိုသည်။)

(၃၇) ကိဋမ္ဗုမှာ။ချိန်ဆည်းဆာ၊နေ့ခါနရရောက်။
(၃၈) ပသုမှာညဥ့်၊အချိန်ကျ ကာလအားကိုကောက်။

ကိဋရာသီအမ္ဗုစရရာသီတို့သည် ဆည်းဆာအချိန်၌အားရှိကုန်၏။ (နေဘခြမ်းဝင်သည့်ကြသနက္ခတ်တို့ကို မမြင်ရသေးခင်အချိန်ကာလကို ညဆည်းဆာ။ သဲးခါနိုး၍ ကြယ်

နက္ခတ်များကို ထင်ရှားစွာ မမြင်သည့် မှနေတခြမ်းထွက်သည့် တိုင်အောင်အချိန်ကာလကို နံက်ဆည်းရှာဆိုသည်။) နရာသီသည်နေ့အခါ၌ အားရှိ၏။ ပသုရာသီသည်ကားညအခါ၌အားရှိသတည်း။

(၃၉) မိသ်ဗြိသ်သိဟ၊ ဓနုမှ၊နောက်ကအပိုင်းရ။
(၄၀) မကရမှာ၊ ရှေ့ပိုင်းသာ။သညာခေါ်ပသု။
(၄၁) ဗြိစ္ဆာ ကီနှ၊မကရ၊နောက်က အပိုင်းဟု။
(၄၂) မိန်ကရကင့်၊အမွှမှတ်။ကြွင်းလတ်နရရှု။

မိသ၊ဗြိသ၊သိဟ် ၃ ရာသီ၊ဓနုရာသီ၏နောက်ပိုင်း။ မကရရာသီ၏ ရှေ့ပိုင်းများသည်ပသုရာသီမည်၏၊ ဗြိစ္ဆာရာသီသည်ကီနှရာသီမည်၏၊ မိန်ကရကင့် ၂ ရာသီ၊မကရရာသီ၏နောက်ပိုင်းများသည်အမွှစရရာသီမည်၏။ ကြွင်းကျန်သောမေထုန်၊ကန်၊ တူ၊ ကုန် ၃ရာသီ၊ဓနုရာသီ၏ ရှေ့ပိုင်းများသည် နရ ရာသီမည်၏။

၁၃—ရာသီဗလ၊

(၄၃) သက်ရှင်ဆင်ကြွက်၊ယှဉ်မြင်ဘက်၊ မိနံ့ထွက်၍လေးပါး။
(၄၄) ရာသီဗလ၊အားကိုပြ၊ကြွင်းကမရှိအား၊

လက်အရှင်ဂြိုဟ်ယှဉ်သော်ရာသီမြင်သောရာသီ၊ဗုဒ္ဓဟူးဂြိုဟ်ယှဉ်သောရာသီ၊ မြင်သောရာသီ၊ ကြာသပတေးဂြိုဟ်ယှဉ်သောရာသီ မြင်သောရာသီများသည် အားရှိ ကုန်၏၊ ကြွင်းဂြိုဟ်တို့ယှဉ်သောရာသီ မြင်သောရာသီတို့သည်အားမရှိကုန်။

## ၁၄-တနုစသည်ကိုဖော်ပြခြင်း။

(၄၅) တ,ဓ,သ,ဗန်,၊သု,ရိ,ဓံ,၊မစ်,ဝံ,ကံ,ယာ,ဗျ။
(၄၆) လက်မှစလျှင်၊ ဆဲ့နှစ်ခွင်၊ အစဉ်ဝဲရစ်ချ။

တ-တနူ၊ကိုယ်။ဓ-ဓန၊ဥစ္စာ၊သ-သဟာဇ၊ ညီအစ်ကိုမောင်နှမမွေးချင်းပေါက်ဖော်။ဗန်—ဗန္ဓု၊ဆွေမျိုးဉာတိ။ သု—သုတ၊ သားသမီး။ ရိ—ရိပု၊ရန်သူ။ ဓံ—ဓာယာ၊မယား။ မစ်—မစ္စု၊သေခြင်း။ ဝံ—ဓမ္မ၊ကောင်းသောသဘော၊ ကံ-ကမ္မ၊အမှုအလုပ်အကိုင်။ယာ၊ဥစ္စာလာဘ်ရရာ။ ဗျ—ဗျယ၊ပျက်စီးခြင်း။ ဤဆဲ့နှစ်မျိုးကိုလက်နေရာသီကစ၍ ဆဲ့နှစ်ရာသီစေ့အောင်အစဉ်အတိုင်းလက်ဝဲရစ်မှိသ၊ဖြိုသစသည်ဖြင့်ချရမည်။

(၄၇) လဂ်မှလေးချ၊ရှစ်တန့်ဟု၊စတုရဿဆို။
(၄၈) လဂ်မှရေထောက်၊ လေးချမြောက်၊ ကျရောက် ရာသီကို။
(၄၉) ပါတာလ,ဟိဗုက၊ဝေသ္မ၊သုခ,ဗန္ဓုလို။
(၅၀) ကိုးငါးတြိကုဏ်း၊ တြိတြိကုဏ်း၊ခေါ်သုံးကိုး တန့်ကို။

လဂ်မှလေးတန့် ရှစ်တန့်ရာသီတို့သည် စတုရဿ မည်ကုန်၏။ လဂ်မှလေးတန့်ရာသီသည်ပါတာလအမည်၊ ဟိဗုကအမည်၊ ဝေသ္မအမည်၊ သုခအမည်၊ ဗန္ဓုအမည်ရှိ၏။ လဂ်မှကိုးတန့်၊ ငါးတန့်ရာသီတို့သည်တြိကုဏ်းမည်ကုန်၏။လဂ်မှကိုးတန့်ရာသီတခုကားတြိတြိကုဏ်းမည်၏။

(၅၁) ဓိငါးတန့်မြောက်၊သုံးတန့်ရောက်၊ယူကောက် ဒုဿိက်ပင်။

(၅၂) ချနှစ်ဌာန၊ ဇာပမိတြ၊ ဒျုနာ,ဒျူတာထင်၊
(၅၃) ဆိဗ္ဗရှစ်ဟု၊ ဆဲ့နှစ်ချ၊ ခေါ်မှရိပ်ဖတ္တင်၊
လက်မှ ငါးတန့် ရာသီသည် ဗိ၊ သုံးတန့် ရာသီသည် ဒုတ္တိကျ၊ ခုနစ်တန့်ရာသီသည်ဇာပမိတြ,ဒျုနာ,ဒျူတာ,၊ရှစ်တန့် ရာသီသည် ဆိဗ္ဗဆဲ့နှစ်တန့် ရာသီသည်ကား ရိပ မည်သတည်း၊

၁၅--ကေန္ဒြစသောအမည်များ။

(၅၄) လက်ခွန်တဆယ်၊ လေးတန့်ချယ်၊ လေးသွယ် ရာသီများ၊
(၅၅) ကေန္ဒြ,စတုဌ္ဌ၊ကဏ္ဍက၊ခေါ်ကြမည်သုံးပါး၊
(၅၆) ထိုမှနောက်တွင်၊ ပဏာ,ပင်၊ နောက်လျှင်,အာပေါက်,ထား၊
လဂ်နေရာသီ၊ လက်မှခုနစ်တန့်ရာသီ၊ ဆယ်တန့်၊ လေးတန့်ရာသီများသည်ကေန္ဒြအမည်၊ စတုဌ္ဌယအမည်၊ကဏ္ဍက အမည်သုံးပါးကို အသီးအသီး ရရှိကုန်၏။ (ဤလေးရာသီကို ကိန်းအိမ်ဟု ခေါ်ဆိုသည်၊ ) ထိုလေးရာသီမှနောက်ရာသီသည်ပဏာဖရမည်၏။ ထိုပဏာဖရ လေးရာသီမှ နောက်ရာသီသည်အာပေါက္လိမမည်၏။

၁၆—ဥပစည်း--ဝဂ္ဂုတ္တမလက္ခဏာ၊

(၅၇) ဆဲ့တစ်,သုံး,ခြောက်၊ ဆယ်ဝန်မြောက်၊ ယူကောက်ဥပစည်း၊
(၅၈) ထိုမှကြွင်းလျှင်၊ရာသီခွင်၊ ခေါ်တွင်အပစည်း။

လဂ်မှဆဲ့ တတန့်၊ သုံးတန့်၊ ခြောက်တန့်၊ဆယ်တန့်မြောက် ရာသီတို့သည်ဥပစည်းမည်ကုန်၏။ ထိုဥပစည်း ရာသီများမှ ကြွင်းကုန်သောရာသီတို့သည်ကားအပစည်းမည်ကုန်၏။

(၅၉) စရအစ၊လယ်ထိရ၊ဆုံးဒွိသဘာ။

(၆၀) ဝဂ္ဂုတ္တမ၊နဝင်းပြ၊မှတ်ရတို့သူငါ။

ဇယားပုံနှင့်တကွပြဆိုခဲ့ပြီးသည် အတိုင်း တရာသီတရာသီ၌နဝင်းကိုးလုံးရှိရာ၊ စရရာသီ၌အစနဝင်း၊ ထိရရာသီ၌အလယ်နဝင်း၊ဒွိသဘာဝရာသီ၌အဆုံးနဝင်းတို့သည်ဝဂ္ဂုတ္တမနဝင်း မည်ကုန်၏၊ မိဿ၌စရရာသီဖြစ်၍ အစအင်္ဂါနဝင်း၊ ပြိဿ၌ ထိရရာသီဖြစ်၍ အလယ်သောကြာနဝင်း၊မေထုန်၌ဒွိသဘာဝရာသီဖြစ်၍ အဆုံးဗုဒ္ဓဟူးနဝင်းသည် ဝဂ္ဂုတ္တမနဝင်းမည်၏။

၁၇–ဒိနရတ္တိဗလရာသီများ။

(၆၁) ဓနုမကရ၊မိဿစ၊လေးဝရာသီများ။

(၆၂) ဤသည့်ခြောက်ခွင်၊ ညဥ့်အားထင်၊ နေ့တွင် ကြွင်းခြောက်ပါး။

ဓနု၊မကရ၊မိဿ၊ပြိဿ၊မေထုန်၊ကရကဋ်၊ဤခြောက်ရာသီတို့သည်ညဥ့်အခါ၌အားရှိကုန်၏၊ကြွင်းကုန်သည့်သိဟ်၊ကန်တူ၊ဗြိစ္ဆာ၊ကုံ၊မိန်၊ ဤခြောက်ရာသီတို့သည်ကား၊နေ့အခါ၌အားရှိကုန်၏။

(၆၃) မိဿ်, ပြိဿ်, ကရ်ကဋ်ဟု၊ မ,ဓနု၊ ငါးခု ကျောဘ် မှတ်တွက်။

(၆၄) မိန်မှကြွင်းခြောက်၊ ဦးခေါင်းကောက်၊ ပေါ်ပေါက်မိန်နှစ်ဘက်။

မိဿ၊မြိဿ၊ ကရကဋ်၊ မကာရ၊ဓနု၊ ဤငါးရာသီတို့သည် ကျောက်ကုန်းမှထွက်သော ပိဋ္ဌောဒယရာသီမည်ကုန်၏။ မေထုန်၊သိဟ်၊ကန်၊ တူ၊ မြိစ္ဆာ၊ ကုံ၊ ဤခြောက်ရာသီတို့သည် ဦးခေါင်းမှထွက်သော သီသောဒယရာသီမည်ကုန်၏။ မိန်ရာသီသည်ကား ဦးခေါင်းကျောက်နှစ်ပါးစုံမှ ထွက်သော ဥဘယောဒယရာသီမည်၏။

### ၁၈—ဥစ်—နိစ်လက္ခဏာ။

(၆၅) အိမ်မိဿမှာ၊ဆယ်အာသ်ာ၊ ဝင်လာဂဠုန်မင်း။

(၆၆) မြိဿမှာကား၊ အင်္ဂါးပါး ၊တည်ငြား စန်းယုန်မင်း။

(၆၇) နှစ်ဆဲ့ရှစ်အင်၊ မကာရ်းတွင်၊ ပျော်လျှင်ခြသေ့်မင်း။

(၆၈) ကန်တွင်အာသ်ာ၊ ဆဲ့ငါးဖြာ၊ တည်လာဆင်ဖြူဟ်မင်း။

(၆၉) ကရကဋ်တွင်၊ ငါးပါးအင်၊ကြွက်ချျင် ပျော်ဘွယ်ခင်း။


(၇၀) နှစ်ဆဲ့ခုနစ်၊မိန်တွင်ဖြစ်၊တည်လစ်ပူးနတ်မင်း။


(၇၁) တူရာသီဝယ်၊အင်နှစ်ဆယ်၊ စဝ္ဖယ်နဂါးမင်း။

(၇၂) ဤသို့ပြခဲ့၊ဥစ်အိမ်ဂြိုဟ်၊ လူမိုလ်နှစ်လုံးသွင်း။

(၇၃) ဥစ်မှရေလျှောင်၊ခုနစ်ခွင်၊နိစ်ပင်မှန်မယွင်း။

ဥစ်ဇယားပုံ။ နိစ်ဇယားပုံ။




မိဿတွင်ဆယ်အံသာ၌တည်သောတနင်္ဂနွေ၊ ဗြိဿတွင်သုံးအံသာ၌တည်သောတနင်းလာ၊ မကာရတွင် နှစ်ဆဲ့ရှစ်အံသာ၌တည်သောအင်္ဂါ၊ ကန်တွင်ဆဲ့ငါးအံသာ၌ တည်သော ဗုဒ္ဓဟူး။ ကရကဋ်တွင်ငါးအံသာ၌ တည်သော ကြာသပတေး၊ မိန်တွင်နှစ်ဆဲ့ခုနစ်အံသာ၌ တည်သောသောကြာ တူတွင်အံသာနှစ်ဆယ်၌ တည်သောစနေသည် ဥစ်မည်၏။ ဤဥစ်ဂြိုဟ်ခုနှစ်လုံးတို့သည် မိမိတို့ဥစ်အိမ်ရာသီမှ ခုနစ်တန့်မြောက်သတ္တမရာသီတွင် မိမိတို့ အံသာအတွင်း၌ တည်မူ နိစ်မည်ကုန်၏။ မိဿရာသီတွင်ဆယ်အံသာ၌ တည်သောတနင်္ဂနွေဥစ်သည်မိဿရာသီဟူသော မိမိဥစ်အိမ်မှ ခုနစ်တန့်မြောက်, သတ္တမ, တူရာသီ၌တည်မူ နိစ်မည်၏။ တနင်းလာစသည်ကိုလည်းနည်းတူသိရာ၏။ ။(ဇယားပုံတွင်ကြည့်ပါ။)

## ၁၉—မူလတြိကုဏ်း။

(၇၄) သိပ်ဟ်မှာဂဠုန်၊ ဖြိသ်စန်းယုန်၊ မိသ်တုံမင်း ခြသေ့်။

(၇၅) ကန်ရာသီဆင်၊ ဓနုတွင်၊ ကြွက်လျှင်ရွှင်ပျော်မွေ။

(၇၆) တူမှာကားပူး၊ကုံမြွေမြူး၊ကြည်နူးသူ့အလေ့။

(၇၇) မူလတြိကုဏ်း၊ အကျဉ်းချုံး။ ရှေးထုံးကျမ်းအတွေ့။

သိပ်ဟ်၌တနင်္ဂနွေ၊ဖြိသ၌တနင်းလာ၊မိသ၌အင်္ဂါ၊ကန်၌ဗုဒ္ဓဟူး၊ဓနု၌ကြာသပတေး၊တူ၌သောကြာ၊ ကုံ၌စနေသည်မူလတြိကုဏ်းမည်၏။

## ၂၀—ဝဂ္ဂခြောက်ပါး။

(၇၈) သစ်, ဟော, ဒေက်, ဝင်း၊နွါဒသင်း၊ တိံသင်း ဝဂ်, ခြောက်ပါး၊

(၇၉) ရာသီကထွာ၊အကျဉ်းဖြ၊မှတ်ကြလူအများ။

စသားဖွေ့ကျ၊ အင်းဝသု-စသည်ဖြင့် ဖြဆိုခဲ့ပြီးသော ကသစ်,၊ရာသီတခု၊ နှစ်ပုန်ပြု-စသည်ဖြင့်ဖြဆိုပြီးသော ဟောရတ်၊နဝင်းကိုးသွယ်၊ သုံးမျိုးချယ်-စသည်ဖြင့် ဖြဆိုပြီးသော ဒေက္ကာဏ်,၊ မိသ်မတူကဠု၊ စရေအင်-စသည်ဖြင့် ဖြဆိုပြီး သောနဝင်း၊ မိမိတော်၊ ရာသီကုန်-စသည်ဖြင့် ဖြဆိုပြီးသော နွါဒသင်း၊ ခြသေ့်မြွေငါး၊ကြွက်ရှစ်ထား-စသည်ဖြင့်ဖြဆိုပြီး သောတိံသင်း၊ဤခြောက်မျိုးကို ဝဂ္ဂခြောက်ပါး,ဟူ၍ မှတ် ကုန်ရာ၏၊ ။ရာသီပိုင်းပြီး၏။

၂၁-ကာလယောကျ်ား၏ကိုယ်အင်္ဂါများ။

(၁၀) ကိုယ်ဂဠုန်ထားးစိတ်မှာကျား။စွမ်းကာ ငြုတ်အင်္ဂါ။

(၁၁) ဆင်စကားယူ၊ ကြွက်မှာမူ၊ နှစ်သူဉာဏ်ချမ်းသာ။

(၁၂) သောကြာမာ ၊မြွေနက္ခ၊ကာလကိုယ်အင်္ဂါ။

(၁၃) ကိုယ်စသည်များ၊ ငြုတ်၏အား၊ ရှုစားဟောဆိုရာ။

(၁၄) စနေမှာကား၊ အပြန်ထား၊မှတ်သားမြဲသချာ။

ဘနက်နွေသည်ကာလယောကျ်ား၏ ကိုယ်တည်း။ တနင်းလာကားစိတ်နှလုံးတည်း။အင်္ဂါကားအစွမ်းသတ္တိတည်း။ ဗုဒ္ဓဟူးကားနုတ်စကားတည်း။ ကြာသပတေးကား ဉာဏ်ချမ်းသာတည်း။သောကြာကားမာန်မာနတည်း။စနေကားဆင်းရဲနက္ခတည်း။ ။ကာလ ယောကျ်ား၏ ကိုယ်ဖြစ်သောတနင်္ဂနွေငြုတ်အားရှိသောဇာတာရှင်၏ကိုယ်သည်အားရှိ၏။လှပတင့်တယ်၏။ တနင်္ဂနွေငြုတ်အားမရှိမူ ထိုဇာတာရှင်၏၊ကိုယ်သည်အားမရှိ။ မလှပမတင့်တယ်။ တနင်းလာစသောငြုတ်ငါးလုံးတို့ကိုလည်း၊ နည်းတူဟောဆိုရာ၏။ စနေငြုတ်သည်ကား ဆင်းရဲနက္ခဖြစ်၍ အားရှိမူချမ်းသာသုခများအံ့။အားမရှိမူ ဆင်းရဲနက္ခများအံ့ဟူ၍သာ ငြုတ်ခြောက်လုံးတို့နည်းမှအပြန်အားဖြင့်ဟောဆိုရာ၏။

၂၂—မင်းစသောငြုတ်များ။

(၁၅) ဂဠုန်ရွှေကျား၊ မင်းငြုတ်များ။ ဆင်ကားအိမ်ရှေ့မင်း။

(၈၆) စစ်ဗိုလ်အင်္ဂါ။ကြွက်ပုံးမှာ၊ပညာအမတ်မင်း။
(၈၇) ဂြိုဟ်စနေမှာ၊စေခံသား၊သချာနှုလုံးသွင်း။
(၈၈) အားရှိသည့်ဂြိုဟ်၊အကျိုးကို၊ဟောဆိုသဘော ရင်း။

တနင်္ဂနွေ၊တနင်္လာဂြိုဟ်တို့သည် မင်းယောကျ်ား၊ မင်း မိန်းမတို့တည်း။ဗုဒ္ဓဟူးသည်အိမ်ရှေ့မင်းသားတည်း၊ အင်္ဂါ သည် စစ်သူကြီးတည်း။ ကြာသပတေး သောကြာတို့သည် ကားပညာရှိအမတ် နှစ်ယောက် တို့တည်း။ စနေကားအစေခံ ကျွန်တည်း။ဤဂြိုဟ်များသည်အားရှိ၍။ဥပစည်းအိမ်၌တည်မူ မင်းစသော၀ိမိတို့အမှုကိစ္စအကျိုးကိုပြီးစီးစေနိုင်၏။

၂၃-အရပ်ကိုအစိုးရသောဂြိုဟ်များ၊

(၈၉) ဂဠုန်သောကြာ။ ဂြိုဟ်အင်္ဂါ၊ရာဟုစနေလ၊
(၉၀) ဆင်ကြွက်ရှစ်ဖြာ၊ရှုပုဗ္ဗာ၊စခါလကျ်ာပြ။

တနင်္ဂနွေသည်၊ အရှေ့အရပ်။ သောကြာသည်။ အရှေ့ တောင်ထောင့်အရပ်၊အင်္ဂါသည် တောင်အရပ်၊ ရာဟုသည် အနောက်တောင်ထောင့်အရပ်။ စနေသည် အနောက်အရပ်။ လ-တနင်္လာသည်အနောက်မြောက်ထောင့်အရပ်၊ ဗုဒ္ဓဟူး သည် မြောက်အရပ်၊ ကြာသပတေးသည် အရှေ့မြောက် ထောင့်အရပ်ကိုအစိုးရ၏။

၂၄-ပါပဂြိုဟ်များ။

(၉၁) ခိဏစန်း၀ါ၊မြွေအင်္ဂါ၊တဖြာဂဠုန်ဌက်။
(၉၂) ထိုလေးယှဉ်ကာ၊ဆင်ပါပြ၊ပါပဂြိုဟ်ငါးချက်၊

ဆုတ်ပက္ခရှစ်ရက်နေ့မှစ၍ နောက်ဆန်းပက္ခရှစ်ရက်နေ့ အတွင်း၌တည်သောခိဏစန်း (တနင်္လာ)စနေ၊အင်္ဂါ၊တနင်္ဂ

ငှေ့၊ထိုငြှက်သေးလုံးတို့တွင်တလုံးလုံးနှင့်ယှဉ်သောဗုဒ္ဓဟူး၊ ဤငါးမျိုးတို့သည်ပါပငြှက်မည်ကုန်၏၊

၂၅—ယောကျ်ား၊မိန်းမ နပုန်းငြှက်များ။

(၉၃) ဆင်နှင့်နဂါး၊နပုံးထား၊ပူးကျားမိန်းမငြှက်။

(၉၄) ဂဠုန် ခြင်္သေ့၊ ကြွက်ကိုတွေ့၊ ခေါ်ငွေ့ ယောကျ်ားဆို၊

ဗုဒ္ဓဟူးစနေတို့သည် နပုံးငြှက်တို့တည်း။ သောကြာတနင်းလာတို့သည်မိန်းမငြှက်တို့တည်း။ တနင်္ဂနွေ၊အင်္ဂါ၊ ကြာသပတေးတို့သည်ကားယောကျ်ားငြှက်တို့တည်း။ (အကျိုးကားခိုးသူကိုသိခြင်းစသည်တည်း။)

၂၆—ဗေဒင်ငြှက်လေးပါး။

(၉၅) ကြွက်ဣရုဘွင်၊အထဗ်ဆင်၊ခြင်္သေ့ သာမဆို၊

(၉၆) ပူးကားယဇု၊ပိုးအခုင်ပြု၊လေးခုဗေဒင်ငြှက်။

ကြာသပတေးသည် ဣရုဗေဒင်ကို၊ ဗုဒ္ဓဟူးသည်အထဗ္ဗဗေဒင်ကို၊ အင်္ဂါသည်သာမဗေဒင်ကို၊ သောကြာသည်ယဇုဗေဒင်ကိုအစိုးရ၏။ (အကျိုးကားအားရှိသောငြှက်၏ဗေဒင်ကိုတတ်မြောက်ခြင်းတည်း။)

၂၇-အမျိုးငါးပါးငြှက်များ၊

(၉၇) ကြွက်ပူးပုဏ္ဏားကုန်သည်ကျားတည်း။ ဆင်းရဲသားဆင်၊ခြင်္သေ့ ဂဠုန်၊ ပိုးတုံမင်းမျိုး၊စနေပိုး၊ အမျိုးရိုင်းယုတ်သူ။

ကြာသပတေးသောကြာတို့သည်ပုဏ္ဏားမျိုးကို၊ တနင်းလာသည်သူဌေးသူကြွယ်ကုန်သည်မျိုးကို၊ ဗုဒ္ဓဟူးသည်သူရင်းငှါးကျွန်ဆင်းရဲသားတို့ကို၊အင်္ဂါတနင်္ဂနွေတို့သည်မင်း

မျိုးကို၊ စနေသည် လူရိုင်းလူယုတ်မူဆိုးတံငါနွှန်းစသွားတို့ ကိုအစိုးရ၏၊ (အကျိုးကား ဉစ္စားပျက်စေသည့်နှိုက်အားရှိ သောဂြိုဟ်တို့၏အမျိုးခိုးယူသည်ဟုသိရခြင်းစသည်တည်း)

၂၈—ဗလာဗလအပြား၊

(၉၈) မိတ်,သစ်,ဥစ်,ဝင်း၊ တြိတွင်း၊ ရှိရင်းဂြိုဟ်ရ များ။

(၉၉) သောမရှုမြင်၊ ထိုဂြိုဟ်လျှင်၊ အားအင်တမျိုး ပွါး၊

(၁၀၀) မိန်းမခေတ်မှာ၊ စန်းသောကြာ၊ တြွင်းရာဂြိုဟ် ငါးပါး။

(၁၀၁) ယောကျ်ားခေတ်ဝယ်၊ အင်အားကြွယ်၊ မှတ် ဘွယ်တနည်းထား။

မိမိမိတ်,မိမိကာသစ်,မိမိဥစ်၊မိမိနဝင်း၊မိမိမူလတြိဂုဏ်း အိမ်အတွင်း၌တည်သောဂြိုဟ်များ။တနင်းလာ၊ဗုဒ္ဓဟူး၊ကြာ သပတေး သောကြာဟူသော သောမဂြိုဟ်သေးလုံးတို့တွင် တလုံးလုံးမြင်သောဂြိုဟ်များ၊ ဗြိသစသော ရုံခြေဒကိုလမိန်း မရာသိ၌ တည်ရှိသောစန်းသောကြာဂြိုဟ်များ၊ မိသစသော မရုံခြောက်လဟူသော ယောကျ်ားရာသိ၌ တည်ရှိသောတ နင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ကြာသပတေး၊စနေဂြိုဟ်များသည် တည်နေရာ၌ာနဗလအားရှိကုန်၏။

၂၉—ဒိသာဗလအရပ်အခါး။

(၁၀၂) ရွှေလဂ်တောင်ဆယ်၊ နောက်ခွန်ချယ်၊ လေး ဝယ်အတန့်မြောက်။

(၁၀၃) ကြွက်ဆင်လဂ်မှာ၊ နွေအင်္ဂါ၊ ဆယ်ဖြာအ
တန့်ရောက်။

(၁၀၄) ခုနစ်တန့်မြွေ၊ လေးတန့်နေ၊ ဇိန်းငွေပူးကိုကောံ။

(၁၀၅) ဒိသာ ဗလ၊ အားကိုပြ၊ မျှားလှ ကျမ်း အ
ထောက်၊

လဂ်နေရာသီသည် အရှေ့အရပ်၊ လဂ်မှဆယ်တန့်ရာသီသည်တောင်အရပ်၊ လဂ်မှခုနစ်တန့်ရာသီသည် အနောက်အရပ်၊ လဂ်မှလေးတန့်ရာသီသည် မြောက်အရပ် မည်၏။ ကြာသပတေး ဗုဒ္ဓဟူးတို့သည် လဂ်နေ ရာသီဟူသော အရှေ့အရပ်၌၊ တနင်္ဂနွေ အင်္ဂါတို့သည် လဂ်မှ ဆယ်တန့်ဟူသောတောင်အရပ်၌၊ စနေသည်လဂ်မှခုနစ်တန့်ဟူသောအနောက်အရပ်၌၊ တနင်းလာ သောကြာတို့သည် လဂ်မှ လေးတန့်ဟူသော မြောက်အရပ်၌ ဒိသာဗလအရပ်အားရှိကုန်၏။

၁၀ – စေဋ္ဌဗလသွားခြင်းဗျာပါရအား။

(၁၀၆) မကာရ်းစတုံ၊ ဆုံးမေထုန်၊ လုံးစုံပေါင်းခြောက်
ပါး။

(၁၀၇) ဥတ္တရယာဉ်၊ အမည်ပင်၊ ယင်းတွင် ဂဠုန်
ကျား။

(၁၀၈) ကြွင်းပြိုဟ်ငါးမှာ၊ သိမ်မွေ့ခါ၊ များစွာပေါ်ထင်
ရှား။

(၁၀၉) အကောက်သွားမူ၊ အားရှိဟူ၊ ခေါ်ယူစေဋ္ဌအား။

မကာရ၊ ကုံ၊ မိန်၊ မိသာ၊ ပြိဿ၊ မေထုန် ဤခြောက်ရာသီတို့သည်ဥတ္တရယာဉ်မည်ကုန်၏။ တနင်္ဂနွေ၊ တနင်းလာတို့သည်

ထိုဥစ္စာရယာဉ်ခြေခံရာသီတို့၌စေ႑ဗလအားရှိကုန်၏။အင်္ဂါစသော ကြွင်းဂြိုဟ်ခြောက်လုံးတို့သည် ကောင်းကင်၌ သိမ်မွေ့စွာထင်မြင်သောအခါ၊အရောင်များစွာ ပေါ်ထင်သောအခါ၊အကောက်သွားသောအခါ၌ စေ႑ဗလသွားခြင်း ဗျာပါရအားရှိကုန်၏။

## ၃၁=ကာလဗလအခါအား။

(၁၁၀) ပုဂ္ဂနိုဂ်ကြွက်၊ နေ့အားတက်။ နှစ်ချက်ညနေ့ဆင်။

(၁၁၁) ခြသေ့်ပြွေကျား၊ ဂြိုဟ်သုံးပါး၊ ညအားဘက်ကိုဝင်။

(၁၁၂) ကိုယ့်နေ့နှစ်လ၊ကာလဟူးရား၊ တည်တုံငြား၊ အားရှိဂြိုဟ်တိုင်းပင်၊

(၁၁၃) လဆုတ်ပက္ခ၊ဂြိုဟ်ပါပ၊သောမဆန်းပက်တွင်။

(၁၁၄) ကာလဗလ၊အားကိုပြ၊မိန့်ဟကျမ်းဗေဒင်။

သောကြာတနင်္ဂနွေကြာသပတေးဂြိုဟ်တို့သည်။ နေ့ အခါ၌ ကာလဗလအားရှိကုန်၏၊ ဗုဒ္ဓဟူးဂြိုဟ်သည် နေ့ညနှစ်ပါး၌ကာလဗလအားရှိ၏။အင်္ဂါစနေတနင်းလာ ဂြိုဟ်သုံးလုံးတို့သည်ကား၊ ညအခါ၌ ကာလဗလအားရှိကုန်၏။ ခပ်သိမ်းသောဂြိုဟ်တို့သည်မိမိကိုယ့်နေ့။မိမိနှစ်၊မိမိလ၊မိမိကာလ၊မိမိဟူးရား၌ ကာလဗလအားရှိကုန်၏၊ပါပဂြိုဟ်တို့သည် လဆုတ်(ပက္ခ)၌သောမဂြိုဟ်တို့သည်ကား။လဆန်း(ပက္ခ)၌ ကာလဗလအားရှိကုန်၏။

၃၂–နေသင်္ကြန်ဇလသဘောရင်းအား။

(၁၁၅) မြွေ, ခြသေ့, ဆင်၊ ကြွက်ပုံးယှဉ်၊ အစဉ်ကျွား ဂဠုန်။

(၁၁၆) ဆင့်ဆင့်အားရှိ၊နေသင်္ကြ၊မိမိစွမ်းအဟုန်။

(၁၁၇) ဂြိုဟ်အများဘက်၊မြင့်ယှဉ်ချက်၊ နေသင်္ကြန်တို့ ကြုံ။

စနေသည်အယုတ်ဆုံးအားရှိ၏၊ အင်္ဂါဂြိုဟ်သည်၊ စနေထက်အားရှိ၏။ အင်္ဂါထက် ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးထက် ကြာသပတေး၊ ကြာသပတေးထက် သောကြာ၊ သောကြာထက် တနင်းလာ၊ တနင်းလာထက်တနင်္ဂနွေသည်အားရှိ၏။ ဤသို့ မိမိတို့သဘောရင်းအတိုင်း၊အားရှိခြင်းသည်နေသင်္ကြန်အားမည်၏။ဆိုခဲ့ပြီးသောအားလေးမျိုးတို့သည် အတူအမျှ၊ မြင့်ယှဉ်၍ရှိကြလျှင် အားအကြီးအငယ်ကို နေသင်္ကြန် အားဖြင့် ကြံစည်၍ရွေးချယ်ရာ၏။

၃၃–ဒွာနဗလတည်နေရာအား။

(၁၁၈) မိတ်, ခေတ်, ဥစ္စာ၊ ဟောရတ္တာ၊ဂဟာတြိကုဏ်း။

(၁၁၉) ဒေက္ကာဏ်အသင်္ဘာ၊ နေ့များမှာ၊ တည်လာဂြိုဟ် အားလုံး။

(၁၂၀) ဒွာနဗလ၊အားကိုပြ၊ရှေးကအစဉ်ထုံး။

မိမိမိတ်အိမ်၌ တည်သောဂြိုဟ်၊ မိမိကာသစ်အိမ်၌တည်သောဂြိုဟ်၊ မိမိဥစ်အိမ်၌တည်သောဂြိုဟ်။ မိမိဟောရတ်၌ တည်သောဂြိုဟ်၊ မိမိတြိကုဏ်း၌တည်သောဂြိုဟ်။ မိမိဒေက္ကာဏ်၌တည်သော ဂြိုဟ်၊ မိမိအသင်္ဘာ၌တည်သော ဂြိုဟ်။မိမိ နေ့၌တည်သော ဂြိုဟ်တို့သည် ဒွာနဗလအားရှိကုန်၏။

### ၃၄—ဂြိုဟ်မြင်ပုံများ။

(၁၂၁) သုံး,ဆယ်,တန့်တွင်၊ နဂါးမြင်၊ ငါးခွင် ကိုးမှာ တွက်၊

(၁၂၂) လေး,ရှစ်အင်္ဂါ,၊ခုနစ်မှာ၊တွင်းရောဂြိုဟ်လေးချက်

(၁၂၃) ဂြိုဟ်ရာသီကို၊ လေးပါဒ်ဆို၊ မြင်ဂြိုဟ်ကျမ်းအ တွက်၊

စနေသည်မိမိမှသုံးတန့်၊ ဆယ်တန့်၌ ရှိသောဂြိုဟ်—ရာသီကိုလေးပါဒ်အပြည့်မြင်၏၊ ကြာသပတေးသည်မိမိမှ ငါးတန့်ကိုးတန့်ဂြိုဟ်ရာသီကိုလေးပါဒ်အပြည့်မြင်၏။ အင်္ဂါသည်မိမိမှလေးတန့်၊ ရှစ်တန့်ဂြိုဟ်-ရာသီကိုလေးပါဒ်အပြည့်မြင်၏၊ သောကြာ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ တနင်္လာဟူသော တွင်းဂြိုဟ်လေးလုံးတို့သည်ကားခုနစ်တန့်တွင်ရှိသော ဂြိုဟ်ရာသီကိုလေးပါဒ်အပြည့်မြင်ကုန်၏။

(၁၂၄) ဆယ်,သုံးမှာတစ်၊ငါး,ကိုး,နှစ်၊လေးရှစ်သုံးပါဒ်ရှု

(၁၂၅) ခုနစ်တန့်တု ၊လေးပါဒ်ကြုံ။လုံးစုံဂြိုဟ်မြင်မှု၊

(၁၂၆) ပါဒ်၏အလား၊အကျိုးထား၊မှတ်သားများဗိုလ်ထု

ခပ်သိမ်းသော ဂြိုဟ်တို့သည်၊ မိမိတည်သော ရာသီမှ ဆယ်တန့် သုံးတန့်၌တည်သော ဂြိုဟ်—ရာသီကို တပါဒ်မြင်ကုန်၏။ငါးတန့်ကိုးတန့်၌တည်သောဂြိုဟ်ရာသီကိုနှစ်ပါဒ်မြင်ကုန်၏။လေးတန့်ရှစ်တန့်၌ တည်သော ဂြိုဟ်ရာသီကို သုံးပါဒ်မြင်ကုန်၏၊ ခုနှစ်တန့်၌ တည်သောဂြိုဟ်ရာသီကိုကား လေးပါဒ် အပြည့်မြင်ကုန်၏။ အားလေးပုန်တွင်တပါဒ်မြင်မှုတပုန် နှစ်ပါဒ်မြင်မှုနှစ်ပုန်သုံး၊ ပါဒ်မြင်မှုသုံးပုန်၊လေးပါဒ်မြင်မှုလေး ပုန်အပြည့်အကျိုးပေးသတည်း၊

၃၅—မိတ်ရန်ဗြိဟ်များ။

(၁၂၇) ဂဠုန်နှံမိတ်မှာ၊ကြွက်မင်းသာ၊ ငါးဖြာကြွင်းရန်ဘက်။

(၁၂၈) ကျားမိတ်နှစ်ပင်၊ ကြွက်နှင့်ဆင်၊ ကြွင်းလျှင်ရန်လေးချက်။

(၁၂၉) ခြင်္သေ့ မိတ်ဆွေ၊ဆင်ပူးပေ၊လေးထွေရန်အတွက်

(၁၃၀) ဆင်၏မိတ်ကြံ၊ ဗြိဟ်ငါးစုံ၊ ဂဠုန်သူ့ရန်ဖွက်။

(၁၃၁) ကြွက်မင်းမိတ်မှာ၊ ဗြိဟ်ငါးဖြာ၊ အင်္ဂါသူ့ရန်ဘက်၊

(၁၃၂) ပူးမိတ်လေးပါး၊ရန်သူကား၊မြွေကျားဂဠုန်ဌာင်း၊

(၁၃၃) ဆင်ကြွက်ပူးကို၊ မြွေ့မိတ်ဆို၊ ကြွင်းဗြိဟ်ရန်အများ၊

(၁၃၄) ကေတုဝါဒ၊မိတ်ရန်ပြ၊ကျမ်းမှာထင်ရှားထွက်။

ကြာသပတေးသည်တနင်္ဂနွေ ဗြိဟ်၏ မိတ်တည်း။ တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူး၊ သောကြာ၊စနေဟူသော ကြွင်းဗြိဟ်ငါးလုံးတို့သည် တနင်္ဂနွေ၏ရန်တည်း။ ကြာသပတေး ဗုဒ္ဓဟူးတို့သည်တနင်္လာ၏ မိတ်တည်း။ တနင်္ဂနွေ အင်္ဂါသောကြာစနေဟူသောကြွင်းဗြိဟ်လေးလုံးတို့သည် တနင်္လာ၏ရန်တို့တည်း။ ဗုဒ္ဓဟူးသောကြာတို့သည်အင်္ဂါ၏မိတ်တည်း။တနင်္ဂနွေတနင်္လာကြာသပတေးစနေဟူသောကြွင်းဗြိဟ်လေးလုံးတို့သည်အင်္ဂါ၏ရန်တို့တည်း။ တနင်္လာအင်္ဂါ ကြာသပတေးသောကြာစနေဗြိဟ်ငါးလုံးတို့သည်ဗုဒ္ဓဟူး၏ မိတ်တို့တည်း။ တနင်္ဂနွေသည်ဗုဒ္ဓဟူး၏ရန်တည်း။တနင်္ဂနွေသည်တနင်္လာဗုဒ္ဓဟူး၊သောကြာစနေဗြိဟ်ငါးလုံးတို့သည်၊ ကြာသပတေး

၏မိတ်တည်း။ အင်္ဂါသည်ကြာသပတေး၏ ရန်တည်း။ အင်္ဂါ ဗုဒ္ဓဟူး၊ ကြာသပတေးစနေကြိုဟ်လေးလုံးတို့သည်သောကြာ ၏ မိတ်တည်း။ တနင်းလာ တနင်္ဂနွေတို့သည်ကား သော ကြာ၏ရန်တည်း။ဗုဒ္ဓဟူး၊ကြာသပတေး။သောကြာတို့သည်၊ စနေ၏ မိတ်တည်း၊တနင်္ဂနွေ။တနင်းလာအင်္ဂါတို့သည်စနေ၏ ရန်တို့တည်း။ဤကားကေစိဝါဒမိတ်ရန်ယူပုံတည်း။

၃၆—နေ့သင်္ဂြိုဟ်ကာမိတ်၊ရန်၊ဥဒ်သိန်များ။

(၁၃၅) ဖြွေပူးရန်သူ၊ ဆင်လစ်လျူ၊ ကြွင်းမူဂဠုန်မိတ်။
(၁၃၆) ဂဠုန်နှင့်ဆင်၊ကျားမိတ်ပင်၊ထိုဖြင့်ဥဒ်သိတ်။
(၁၃၇) ပူးမြွေလစ်လျူ၊ဆင်ရန်သူ၊ ကြွင်းမူခြင်္သေ့ မိတ်။
(၁၃၈) ပူးနှင့်ဂဠုန်၊ဆင့်မိတ်ကြုံ၊ ကျားထုံရန်မဆိတ်။
(၁၃၉) ဥဒ်သိန်ကား၊ကြွင်းဂြိုဟ်များ၊ မှတ်သားအနှစ်ပိပ်။
(၁၄၀) ဆင်ပူးရန်သူ၊ ဖြွေလစ်လျူ၊ ကြွင်းမူကြွက်မိတ် သွေ။
(၁၄၁) ပူး လစ်လျူဘက်၊ ခြင်္သေ့ကြွက်၊ မိတ်ဆက် ဆင်နှင့်မြွေ။
(၁၄၂) ကြွင်းဂြိုဟ်နှစ်ပါး၊ဂဠုန်ကျား၊ဆုံငြား၊ရန်မိုးရွေ။
(၁၄၃) မြွေ့မိတ်ပူးဆင်၊ လစ်လျူချင်၊ ကြွက်ပင်ကြွင်း ရန်တွေ။
(၁၄၄) နေ့သင်္ဂြိုဟ်ကာ၊မိတ်ရန်ပြ၊ကျမ်းကနည်းမသွေ။

သောကြာစနေတို့သည်တနင်္ဂနွေ၏ရန်တို့တည်း။ ဗုဒ္ဓဟူး သည်တနင်္ဂနွေ၏ လစ်လျူဥဒ်သိန်တည်း။ ကြွင်းကုန်သောတ နင်းလာအင်္ဂါကြာသပတေး တို့သည် တနင်္ဂနွေ၏ မိတ်တို့ တည်း။တနင်္ဂနွေဗုဒ္ဓဟူးတို့သည်တနင်းလာ၏ မိတ်တို့တည်း။

ကြွ င်းကုန်သောအင်္ဂါကြာသပတေး သောကြာစနေတို့သည်၊ တနင်္လာ၏ဥဒါသိန်တို့တည်း၊သောကြာစနေတို့သည်အင်္ဂါ၏ဥဒါသိန်၊ဗုဒ္ဓဟူးသည်ရန်၊ကြွင်းကုန်သော တနင်္ဂနွေတနင်္လာကြာသပတေးတို့သည် မိတ်ဂြိုဟ်တို့တည်း။ တနင်္ဂနွေ သောကြာတို့သည် ဗုဒ္ဓဟူး၏မိတ်၊ တနင်္လာသည် ရန်၊ ကြွင်းကုန်သော အင်္ဂါကြာသပတေး စနေတို့သည် ဥဒါသိန်တို့တည်း။ ဗုဒ္ဓဟူးသောကြာတို့သည် ကြာသပတေး၏ရန်။ စနေသည်ဥဒါသိန်၊ကြွင်းကုန်သောတနင်္လာအင်္ဂါ၊တနင်္ဂနွေတို့သည်မိတ်ဂြိုဟ်တို့တည်း။ အင်္ဂါ ကြာသပတေးတို့သည် သောကြာ၏ဥဒါသိန်၊ ဗုဒ္ဓဟူးစနေတို့သည်မိတ်၊ ကြွင်းကုန်သောတနင်္ဂနွေတနင်္လာတို့သည် ရန်ဂြိုဟ်တို့တည်း။ သောကြာဗုဒ္ဓဟူးတို့သည် စနေ၏မိတ်၊ ကြာသပတေးသည် ဥဒါသိန်၊ကြွင်းကုန်သောတနင်္ဂနွေ၊တနင်္လာ၊ အင်္ဂါတို့သည်ရန်ဂြိုဟ်တို့တည်း။ ဤကား။ နေသင်္ဂြိုဟ်က မိတ်ရန် ဥဒါသိန်ရွေးကောက်ပုံတည်း။

## ၃၇—တတ္ကာလမိတ်ဂြိုဟ်များ။

(၁၄၅) တဆယ်,ဆဲ့တစ်၊ လေးသုံးနှစ်၊ ဆဲ့နှစ်တန့်တွင်ဂြိုဟ်။

(၁၄၆) တတ္ကာလမိတ်၊ဘွဲ့တံဆိပ်၊ခတ်နှိပ်သမုတ်ဆို။

ခံသိမ်းသောဂြိုဟ်မှ ဆယ်တန့်၊ ဆဲ့တတန့်၊ လေးတန့်၊ သုံးတန့်၊နှစ်တန့်၊ဆဲ့နှစ်တန့်၌ရှိသော ဂြိုဟ်တို့သည် ထောက်ရင်းဂြိုဟ်၏တတ္ကာလမိတ်ဂြိုဟ်တို့ပင်တည်း။

၁၈—တင္ကြာဝလိကနေသင်္ဂကမိတ်ချင်းထပ်မိပုံ။

(၁၄၇) တင္ကြာလဘွင်၊နေသင်္ဂမြင်၊ဗေဒင်မှာ၍ထား။
(၁၄၈) မိတ်နှင့်ထပ်ရာ၊မိမိတ်သာ၊ဥဒါမိတ်ပင်ကြွား။
(၁၄၉) ရန်နှင့်ထပ်မူ၊ဥဒါယူ၊ ဥာဏ်ကူမြဲမှတ်သား။

ဆယ်တန်၊ ဆဲ့တတန်စသည်ဖြင့်ပြဆိုအပ်သောတင္ကြာလ မိတ်အိမ်တို့၌နေသင်္ဂကမိတ်ဂြိုဟ်ထပ်၍တည်မူ အမြတ်ဆုံး အကြီးဆုံးသော အမိမိတ်မည်၏၊ နေသင်္ဂကဥဒါသိန်ဂြိုဟ် တည်၍ထပ်မိမူ မိတ်ပင်မည်၏၊ နေသင်္ဂကရန်ဂြိုဟ်တည်၍ ထပ်မိမူကား ဥဒါသိန်ဖြစ်သတည်း။ တင္ကြာလိကမိတ်အိမ်မှ ကြွင်းကုန်သောပထမအတန်၊ ငါးတန်၊ခြောက်တန်၊ခုနစ်တန် ရှစ်တန်၊ ကိုးတန်ဟူသောတင္ကြာလရန် အိမ်တို့၌ နေသင်္ဂက မိတ်ဂြိုဟ်တည်၍ ထပ်မိမူ ဥဒါသိန်၊နေသင်္ဂကဥဒါသိန်ဂြိုဟ် တည်၍ထပ်မိမူရန်နေသင်္ဂကရန်ဂြိုဟ်တည်၍ ရန်ချင်းထပ်မိမူ အလွန်ဆိုးသောအမိရန်ဖြစ်၏။

၁၉—ဝါဒတပ်၊တင္ကြာလရန်ဂြိုဟ်များ။

(၁၅၀) တြိကူဏ်းစု၊တခုခု၊စပြုရေတွက်ပြော။
(၁၅၁) ခြောက်,ကိုး,ငါး,ရှစ်၊ တစ်ခုနစ်၊ ချောက်လစ် အိမ်ရှင်များ။
(၁၅၂) ရန်တင္ကြာလ၊တနည်းပြ၊ကျမ်းကမိန့်မှာကြား။

မူလတြိကူဏ်းဂြိုဟ်တို့တွင် တခုတခုမှခြောက်တန်၊ကိုး တန်၊ ငါးတန်၊ ရှစ်တန် တတန် ခုနစ်တန်၊ အိမ်ရှင်ဂြိုဟ်များ သည် တင္ကြာလရန်ဂြိုဟ်မည်ကုန်၏၊ အပွဇာဟာကကျမ်းရင်း တွင်ပြဆိုသောနည်းတမျိုးပင်တည်း။

၄၀—တနင်္ဂနွေဂြိုဟ်၏သရုပ်များ။

(၁၅၃) ကိုယ်မှာကြီးကျယ်၊ ညောင်ပင်နှယ်ဝန်း၊ မမြင့်လွန်းလှ။များလွန်းသည်းခြေ၊စစ်မြေတွင်ရဲ၊ဆံဝင်ကြဲ၏၊ နီရဲရွှေရောင်၊ကြောင်ညိုမျက်စိ၊ရိုးနှစ်ရှိ၊မှတ်သိဂဇ္ဇုန်ဂြိုဟ်။

တနင်္ဂနွေဂြိုဟ်သည် ကြီးကျယ်သောကိုယ်ရှိ၏။ အရပ်နှင့်အလံတူမျှသဖြင့်ပညောင်ပင်ကဲ့သို့ဝန်းသော (ပိုင်းသော) ကိုယ်ရှိ၏၊ အရပ်မရှည်လွန်းမမြင့်လွန်း။ သည်းခြေများ၏။ စစ်မြေတွင်ရဲရင့်၏။ ဆံဝင်ကြဲ၏၊နီရွှေသောအဆင်းရှိ၏၊ ညိုကြောင်သောမျက်စိရှိ၏။အရိုးလျှော်အနှစ်ရှိ၏။

၄၁—တနင်္လာဂြိုဟ်၏သရုပ်များ။

(၁၅၄) မျက်စိတင့်တယ်၊ များကျယ်ပညာ၊ ဖြူစွာအဆင်း၊လျှပ်ပေါ်ခြင်းဖြစ်။သွေးနှစ်နီဘာ၊သလိပ်မှာများ၊ လေလည်းများ၏။စကားချိုသာ၊ ကရုဏာဖြစ်၊ ချစ်စွာမိတ်များ။ ကိုယ်ကားလုံးလင့်။မြင့်လည်းမြင့်။မှတ်ချင့်စန်းယုန်ကို။

တနင်္လာဂြိုဟ်သည်မျက်စိတင့်တယ်၊ ရှုချင်ဘွယ်ရှိ၏၊ ကြီးကျယ်သောပညာရှိ၏၊ ဖြူသောအဆင်းများ၏၊အမှုကိစ္စတို့၌မမြဲသဖြင့် လျှပ်ပေါ်လော်လီ၏၊ သွေးအနှစ်ရှိ၍နီ၏၊ သလိပ်များ၏။လေလည်းများ၏။စကားနူးညံ့ချိုသာ၏။ သနားခြင်းကရုဏာရှိ၏၊မိတ်ဆွေများ၏၊ လုံးသောကိုယ်ရှိ၏။မြင့်လည်းမြင့်၏။

၄၂—အင်္ဂါဂြိုဟ်၏သရုပ်များ၊

(၁၅၅) သူ့ကိုညှဉ်းတတ်၊ အရပ်နိမ့်တို၊ ကိုယ်နှုပ်ရှိ၊ညိုမျက်စိဘည်း၊သည်းခြေများတောင်း၊မကောင်းပြုတတ်

လျှပ်ပေါ်လေသ်ထိ၊ဆင်းဖြူနီ၏။ ခြင်ဆီအနှင်၊ ဤသို့ဖြစ်၊ဗိစစ် အင်္ဂါဆို။

အင်္ဂါဂြိုဟ်သည်သူတပါးကို ဖျက်ဆီး ညှဉ်းဆဲတတ်၏။ အရပ်နိမ့်တို၏၊ အခါခပ်သိမ်းနှမျှသောကိုယ်ရှိ၏။ညိုသော မျက်စိရှိ၏။သည်းခြေများ၏၊ မကောင်းသောဒုစရိုက်အကျင့် ရှိ၏။အလိုများ၍လျှပ်ပေါ်လေသ်ထိ၏။ နီဖြူသောအဆင်းရှိသ ဖြင့်ပဒုံမာကြာရွက်နှင့်တူ၏။ ရိုးတွင်းခြင်ဆီဟူသော အနှစ် ကဲလွန်၏။

၄၃-ဗုဒ္ဓဟူးဂြိုဟ်၏သရုပ်များ။

(၁၅၄) မဆိုးမလှ၊ ပိယဝါစာ၊ နေဇာမြက်သွင်၊ ပေါ် ထင်ကြောရ၊ သိမ်မွေ့မှုဖြစ်၊ ရေခွံနှစ်ရှိ၊ တြိဒေါသ၊ နီစွရယ် ရွှင်၊ ဂြိုဟ်မင်းဆင်၊ဗေဒင်ကျမ်းအလို။

ဗုဒ္ဓဟူးဂြိုဟ်သည်အကျည်းလည်းမတန်၊ လှလည်းမလှ၊ အလယ်အလတ်မျှသောကိုယ်ရှိ၏။ အလိုရှိအပ်သော စကား မျိုးကိုသာဆိုသဖြင့် ချစ်ဘွယ်သော စကားရှိ၏။ စိမ်းရွှေ၍ နေဇာမြက် အဆင်းနှင့်တူ၏။ အကြောဖြိုင်းဖြိုင်း ပေါ်ထင် ၍ရှုမြင်လောက်၏။ အမှုကိစ္စတို့၌သိမ်မွေ့နူးညံ့၏။ အရေခွံ လျှင်အနှစ်ရှိ၏။ သည်းခြေလေသလိပ်ဟူသော ဒေါသသုံးပါး များ၏။အမြဲနီစွမပြတ်ရယ် ရွှင်၏။

၄၄-ကြာသပတေးဂြိုဟ်၏သရုပ်များ။

(၁၅၅) ဆင်းကြောင်မျက်စိ၊ ပညာရှိဟူ၊ ဝဆူအသား။ သလိပ်များခြင်း၊ ဖြူအဆင်းတည်း၊ ကြောင်ဆင်းဆံပင်၊ အ ဆီလျှင်နှစ်၊တိုနိမ့်ဖြစ်၊မှတ်လစ်ကြွက်မင်းဂြိုဟ်။

ကြာသပတေးဂြိုဟ်သည် စည်းယပ်ကြောင်သော မျက်

စိဂ္ဂိ၏။ပညာရှိ၏။ပြည့်ဖြိုး၀သရုသောအသားရှိ၏။ သလိပ်များ ၏၊အပြူလည်းများ၏။ စဉ်းငယ်ကြောင်သော ခံပင်ရှိ၏။ ဆ ဆီဟုသောအနှစ်ရှိ၏။တိုနိမ့်သောအရပ်ရှိ၏။

၄၅-သောကြာဂြိုဟ်၏သရုပ်များ။

(၁၅၈) အင်္ဂါမြည်းနစ်၊ကိုယ်အဆစ်ကြဲ၊ကောက်မဲခံ မှာ၊ချမ်းသာ—နှစ်လို၊ချိုသာသည့်နှုတ်၊ သုက်နှစ်များထွေ၊သ လိပ်လေပြော၊ပူးသဘော၊ပြဘောဘျမ်းထိုထို၊

သောကြာဂြိုဟ်သည် စဉ်းငယ် မည်းနစ်သော ကိုယ် အင်္ဂါရှိ၏၊ ကြဲသောကိုယ်အဆစ်အစပ်ရှိ၏။ ကောက်ကျစ် မြည်းနစ်သောခံပင်ရှိ၏။စည်းစိမ်ချမ်းသာရှိ၏။ နှစ်လိုဘွယ် ရှုချင်ဘွယ်ရှိ၏၊ ချိုသာနားပျော်ဘွယ်သော နှုတ်စကားရှိ၏။ သုက်သွေးနှစ်ကဲလွန်၏။လေသလိပ်များ၏။

၄၆-စနေဂြိုဟ်၏သရုပ်များ။

(၁၅၉) ကြိုရှည်ညွတ်တိ၊ မျက်စိကြောင်ခြင်း၊အဆင်း မြည်းမိုက်၊ ဂုံးတိုက်ပြင်းရိ၊ များလေရှိသည်၊ ရှည်လက်ခြေ သည်း၊သွားလည်းကြီး၏။မွေးလည်းများစွာ၊ကြောသာအနှစ်၊ ဤသို့ဖြစ်၊မိန့်လှစ်စနေကို။

စနေဂြိုဟ်သည်ပိန်ကြုံရှည်လျား၍ ကိုင်းညွတ်၏။ မျက်စိ ကြောင်၏။အဆင်းမြည်းနစ်၏။ သူ့ဘပါးတို့ကို ဂုံးတိုက်၏။ ပြင်းရိ၏။ လေများ၏။ လက်သည်းခြေသည်းရှည်၏၊ သွား လည်းကြီး၏၊အမွေးလည်းများ၏။ အကြောလျှင်အနှစ်ရှိ၏။

၄၇—သတိပေးချက်၊

(၁၆၀) ဤသို့ပြထားၲဂြိုဟ်အများ၊ အင်အားရှိမရှိ၊

(၁၆၁) ဖွားသည့်ဇာတာ၊ သဌာ၀ါ၊တျစွာကိုထိ်နှင့်ညှိ၊

(၁၆၂) အကောင်းအဆိုး၊ ဤနှစ်မျိုး အကျိုးရမည်သိ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဂြိုဟ်တို့ ကောင်းမကောင်း၊ အားနဲ့မရှိကိုဖွားသည့်ဇာတာရှင်များ၏ ကိုယ်နှင့်တွေ့စွာ ဩဇိန္နင်းထောက်ဆ၍ မကောင်းကျိုးပေးမည် ကောင်းကျိုးပေးမည်ကိုသိရမည် ဆိုလိုသတည်း။ ။ပြဆိုအပ်ပြီးသော ရာသီပိုင်းဂြိုဟ်ပိုင်းများကို အဘန်ဘန် ကြည့်ရှု နားလည်ခဲ့ပါလျှင်၊နောက်ဆိုလတ္တံ့ ဟောနည်းများ၌မခက်ခဲတော့ပြီ။

ဂြိုဟ်ပိုင်းပြီး၏။

၄၈-မျိုးချခြေ၌မေထုန်လက္ခဏာဟော။

(၁၆၃) မေထုန်အကျင့်၊သိလိုလင့်၊လဂ်ဖြင့်ဆ၍ကြံ

(၁၆၄) ချနစ်တန့်မှာ၊သဏ္ဍာဝါ၊မှုရေသူတို့ဟန်။

(၁၆၅) ပါပယှဉ်မြင်၊ထိုတန့်တွင်၊ကျင့်လျှင်ဒေါ်သရုံ။

(၁၆၆) သောမဂြိုဟ်ကောင်း၊ယှဉ်မြင်တောင်း၊ပေါင်းကဆွင်လန်းပြန့်။

မျိုးချသောအခါဖွားသောအခါ၌ ဇာတာရှင်၏လဂ်သည် ဖြိသဒ္ဒိရှိမှုဖြိဿာသည် ချနစ်တန့်ရာသီတည်း။ ဖြိဿာသည် ကင်းမြီးကောက်ဖြစ်သဖြင့်ကင်းမြီးကောက် မေထုန်ငြဲစဲသော အကျင့်မျိုးဖြင့်မေထုန်မှီဝဲ၏။ကြွင်းရာသီတို့၌လည်း နည်းတူပြီ၊ ။လဂ်မှချနစ်တန့်မြောက်ရာသီကို ပါပဂြိုဟ်မြင်မှုယှဉ်မှုအများဒေါသစိတ်ဖြင့်၊ သောမဂြိုဟ်မြင်မှုယှဉ်မှု ရယ်ရွှင်သောစိတ်ဖြင့်မေထုန်မှီဝဲ၏။

၄၉-မိုဘ်မြောင်တွင်ဖွားရာအဟော။

(၁၆၇) မိန်ကက္ကဋ၊မကာရ၊ကုမ္ဘ်နဝင်းတိုင်း။

(၁၆၈) ကြွင်းသည့်ရှစ်ပါး၊ရာသီများ၊နဂါးမြွေအပိုင်း။

(၁၆၉) လက်မှလေးချင်၊ ရာသီတွင်၊ ယှဉ်ဝင်ခိုထိုးဆိုင်း
(၁၇၀) ယှဉ်ကိုနဂါး၊ယှဉ်မြင်ကြား၊ရှုစားရာသီတိုင်း။
(၁၇၁) ယင်းသို့ဖြစ်ချင်၊ သူ့မိခင်၊ မှောင်တွင်ဖွားရာပိုင်း။

အာဝါသနမူသောအခါ ကိုယ်ဝန်တည်သော အခါ၌၊စန်းသည်။ မိန့်၊ကရကဋ်၊မကာရ, ကုံ့၊ရာသီတို့၏ နဝင်းတခုခု၌တည်သော်၎င်း။ကြွင်းသောရှစ်ရာသီတို့၏ စနေနဝင်း၌တည်သော်၎င်း။ လက်မှလေးတန့်၌တည်သော်၎င်း။ရာသီတခုခု၌ထိုစန်းကို စနေယှဉ်သော်၎င်း၊မြင်သော်၎င်း။ ထိုဇာတာရှင်၏မိခင်သည်ဆီမီးမရှိသောမိုက်မှောင်၌မွေးဖွားသတည်း။

၅၀—ကြာမြင့်မှဖွားရာအခဟော၊

(၁၇၂) မကာရကုံ၊ မွေလက်ကြုံ၊ခွန့်တုံ စနေနား။
(၁၇၃) နိုသေကမူ၊သုံးနှစ်ဟူ၊ကြာမူသန့်စင်ဖွား။
(၁၇၄) စန်းနဝင်းမှီ၊စန်းရာသီ၊စီရင်ရှေးအလား။
(၁၇၅) ဆဲ့နှစ်နှစ်ကြာ၊ဝမ်းတိုက်မှာ၊ချိန်ခါစေ့မှဖွား။

စနေရာသီဖြစ်သော မကာရကုံ၌ စနေနဝင်း ထက်တွင် လက်စီး၍ လက်မှခုနစ်တန့်၌ စနေတည်သောအခါတွင် နိုသေကမူသော်။(မျိုးချသော်)သုံးနှစ်စေ့မှဖွားအံ့။ စန်း၏ရာသီဖြစ်သောကရကဋ်၌ စန်းနဝင်းထက်တွင် လက်စီးအံ့။ ထိုအခါ၌ကား။နိုသေကမူမိသော်ကား၀ ဆဲ့နှစ်နှစ်စေ့မှဖွားအံ့၊

၅၁-အမိအဘာအနာရောဂါခဟော၊

(၁၇၆) ဂဠုန်မှလျှင်၊ခုနစ်ခွင်၊ခြင်သော့မွေတည်ရပ်၊
(၁၇၇) မျိုးစေ့ချရာ။အဘမှာ၊အနာရောဂါကပ်၊
(၁၇၈) တနင်းလာပြိုတ်အမိကို။အခိုနည်းတူထပ်၊

အာဓာနမူသောအခါ ကိုယ်ဝန်တည်သောအခါ၌ တနင်္ဂနွေတည်သောရာသီမှ ခုနစ်တန့်၌စနေသော်၎င်း။ အင်္ဂါသော်၎င်းတည်မူ၊ ထိုဇာတာရှင်၏ အသက်မှာ အနာရောဂါကပ်ရောက်၏။ စန်းတည်သော ရာသီမှခုနစ်တန့်၌ စနေသော်၎င်း၊ အင်္ဂါသော်၎င်းတည်နေမူကား၊ ထိုဇာတာရှင်၏အမိမှာ အနာရောဂါကပ်ရောက်သတည်း၊

၅၂-အမိအဘသေခြင်းအယောဂ။

(၁၇၉) စန်းဂဠုန်မှဒုတိယ၊ဒွါဒသြသော် ဖွဲ့။
(၁၈၀) ခြသော်ဖွဲ့တွင်၊တခုယှဉ်၊ ရှုမြင်ကြိုက်ဘတွေ့။
(၁၈၁) အမိအဘ၊ရှေးနည်းပြု၊မချအမှန်သေ။

ရှေးနည်းအတူ စန်းမှ ဒုတိယမြောက်နှစ်တန့်၊ ဒွါဒသမမြောက်တဆဲ့နှစ်တန့်တို့၌အင်္ဂါစနေတည်အံ့၊ထိုအခါ၌အာဓာနမူသော်၎င်း၊ကိုယ်ဝန်တည်သော်၎င်း၊အမိသေအံ့၊ တနင်္ဂနွေမှနှစ်တန့်၊တဆဲ့နှစ်တန့်တို့၌အင်္ဂါစနေတည်အံ့၊ ထိုအခါ၌အာဓာနမူသော်၎င်း၊ကိုယ်ဝန်တည်သော်၎င်း၊အဘသေအံ့၊ အင်္ဂါစနေကြိုက်နှစ်သုံးတို့တွင်၊တလုံးကစန်းကိုမြင်၍ တလုံးကစန်းကိုယှဉ်အံ့၊ထိုအခါ၌အာဓာနမူသော်၎င်း၊ ကိုယ်ဝန်တည်သော်၎င်း၊ အမိသေသအံ့၊ တနင်္ဂနွေယှဉ်မြင်ရာနှိုက်လည်းနည်းတူအဘသေအံ့ဟုဟောရာ၏။

၅၃-ကိုယ်ဝန်တည်ရာဖွားရာအယောဂ။

(၁၈၂) ရေကြည်သောကြာ၊ခဲအင်္ဂါ၊ ခက်မှာကြွက်အုပ်စိုး၊
(၁၈၃) အရိုးဂဠုန်၊ရေကျားခြံ၊မွေးတုံနဂါးမျိုး။

(၁၀၄) စိတ် နှလုံးခါတ်၊ ဟိုင်းဆင်မြတ်။ မပြတ်သွမ်း ခြုံရိုး။
(၁၀၅) စားတဘ်လဂ်ရှင်၊ ဝန်းလန့်လျှင်၊ ဖွားမြင်ဂဠုန် ဌာဘ်။
(၁၀၆) ဓိပတိဂြိုဟ်။ သိုးကောင်းကို၊ ဟောဆို ဗေဒင် ထွက်၊

ကိုယ်ဝန်တည်စပထမလဒ္ဓသုက်သွေးတို့ဖြင့် ရောယှက်လျှက်ရှိသောကာလလရေကြည်ရှင်ကိုသောကြာအစိုးရ၏။ထိုနောက်ဒုတိယလရောက်၍ ခဲဖြစ်လျှက်ရှိသော သုက်သွေးခဲကိုအင် ါဂြိုဟ်အစိုးရ၏။ ထိုနောက်တတိယလ၌ လက်ခြေဦးခေါင်းဖြစ်လိုသဖြင့်ပေါ်ပေါ်၍ လာသောခက်မငါးဖြာအစိတ်အစိတ်ကို ကြာသပတေးဂြိုဟ်အစိုးရ၏။ ထိုနောက်စတုတ္ထလ၌ဖြစ်ပေါ်၍လာသောအရိုးကို တနင်္ဂနွေဂြိုဟ်အစိုးရ၏။ ထိုနောက်ပဥ္စမလ၌ဖြစ်ပေါ်လာသောအရေခွံကို တနင်းလာဂြိုဟ်အစိုးရ၏ ၊ထိုနောက်ဆဋ္ဌလနှိုက်ဖြစ်ပေါ်၍လာသော ဆံပင်စသောအမွေးကို စနေဂြိုဟ်အစိုးရ၏။ ထိုနောက် သတ္တမလနှိုက်ဖြစ်ပေါ်၍လာသောစိတ်နှလုံးကို ဗုဒ္ဓဟူးဂြိုဟ် အစိုးရ၏။ ထိုနောက်အမိစားလိုက်သောအစာကို။သူငယ်ကတခင့်စားနိုင်သောအဋ္ဌမလနှိုက် အာဓာန လဂ်ရှင်ဂြိုဟ်အစိုးရ၏၊ ထိုနောက်ကိုယ် ဝန်ထိတ်လန့်သော နဝမလနှိုက်။ တနင်းလာ၊ဂြိုဟ်အစိုးရ၏။ထိုနောက်အမိဝမ်းမှဖွားမြင်သော ဒသယ်လမကား။ တနင်္ဂနွေဂြိုဟ် အစိုးရ၏။ အာဓာနမှုသောအခါ ဥ္ဓကောင်းသောဂြိုဟ်နှင့်စပ်သောလဒ္ဓကိုယ်ဝန်သည်ဆင်းရဲ၏င

ကောင်းသောဂြိုဟ်နှင့်စပ်သောလ၌ ကိုယ်ဝန်သည် ချမ်းသာ၏၊

### ၃၄-သန္ဓေတည်ပုံအဟော။

(၁၀၇) မိမိရာသီ၊နဝင်းမှာ၊နှစ်ထိ၊ဥဒ္ဒြုန့်မှုး။
(၁၀၈) ဥပစည်းမှာ၊အားရှိသွား၊တည်ခါသန္ဓေလျူး။
(၁၀၉) မိန်းမဇာတာ၊စန်းအင်္ဂါ၊ကြွင်းမှာနည်း မထူး၊

ယောကျ်ားဇာတာတွင်ဂေါစာဖြစ်သော တနင်္ဂနွေသော ကြာတို့သည် မိမိနဝင်း၌သော်လည်း စီးအံ့၊ ဥပစည်းအိမ်၌ သော်လည်းတည်အံ့၊ အားသော်လည်းရှိအံ့။ ဤသို့သောအခါ နှိက်အခါနမှုသောင်ကိုယ်ဝန်သန္ဓေစွဲ၏။ မိန်းမဇာတာတွင် ကား၊ ဂေါစာဖြစ်သောတနင်းလာအင်္ဂါသည် မိမိနဝင်း၌ သော်လည်းစီးအံ့၊ ဥပစည်းအိမ်၌ သော်လည်း တည်အံ့၊ အားသော်လည်းရှိအံ့။ ဤသို့သောအခါ၌ အခါခါနမှုသော် လည်းကိုယ်ဝန်သန္ဓေစွဲလေသတည်း။

### ၃၅-တနည်းသန္ဓေတည်ပုံအဟော။

(၁၈၀) လဂ်ငါးကိုးတွင်၊ရှိအားအင်၊ကြွက်ဝင်ခို့လို့ရင်း
(၁၈၁) မောင်နှံနှစ်ဖြာ။ထိုအခါ။ပေါင်းရောသန္ဓေကပ်၊
(၁၈၂) မျိုးကင်းသူအား၊ဤယုဂ်များ။ နားပင်းစောင်းပုန် ဟပ်။

အားရှိသောဂေါစာကြာသပတေးဂြိုဟ်သည် လဂ်နေ ရာ

သီလဂ်မှ၊ ငါးတန့်ကိုးတန့်ရောသီတို့တွင်။တရေ့ချ၌တည်သော အခါအာဝါသနမှုသော်ကိုယ်ဝန်သန္ဓေစွဲတည်လေသတည်း။တ နည်း ထိုကြာသပတေးသည်အာဝါသနလဂ်နှိက်ငင်း။ အာဝါ န လဂ်မှ ငါးတန့်ကိုးတန့်နှိက် ၄င်းတည်သောအခါအာဝါသန မှုလျှင်လည်းကိုယ်ဝန်သန္ဓေတည်လေသတည်း၊၍အရာနှိက် မျိုးကင်းသူတို့မှာ၊နားပင်းသူတို့အားစောင်းသည်အကျိုးမရှိ သကဲ့သို့ ကိုယ်ဝန်သန္ဓေစွဲနေခြင်းမရှိဘော့ပြီ၊

၅၆=ယောကျ်ားမိန်းမဖွားရာအဟော၊

(၁၉၃) ဝိသမခွင်၊ယင်းနှင့်ပင်၊စင်ယှဉ်နဝင်းများ။

(၁၉၄, ကြွက်မင်းယှန်လဂ်၊ ဂဠုန်ဌက်။ လေးချက်ကြုံ တည်ငြား။

(၁၉၅) ယောကျ်ားဖွားမြင်၊သမခွင်၊အလျှင်မိန်းမသား။

အာဝါသန မှုသောအခါနှိက် ဝိသမဟု ဆိုအပ်သော သောကျ်ား ရာသီ။ ထိုယောကျ်ား ရာသီနှင့် စပ်သော ယောကျ်ားကြုံဟ်နဝင်းများနှိက် ကြာသပတေး စန် လဂ် တ နဂ်န္တေကြုံဟ်တည်မူ ယောကျ်ားဖွားမြင်အံ့။သမရာသီ၊ ထိုရာ သီနှင့်စပ်သော နဝင်းများနှိက်။ ကြာသပတေး။ စန်း။ လဂ်၊ တနဂ်န္တေကြုံဟ်တည်မူကား။မိန်းမဖွားမြင်အံ့ဟောရမည်။

၅၇-တနည်းယောကျ်ားမိန်းမဖွာ ရာအဟော။

(၁၉၆) ဝိသမကျွက်၊ဂဠုန်ကြွက်၊အားတက်ပျော် ရွှင်မှု

(၁၉၇) ယင်းသို့ဖြစ်ငြား။သားယောက်ျား။ ပေါက်ဖွားခဲ့ မည်ယှု။

(၁၉၈) ခြသော်စန်းပူး၊လွှန်အားကြူး၊ပျော်မှူးသမတွင်။

(၁၉၉ ယင်းသည်အလို၊သမီးကို။မိန့်ဆိုကျမ်းဗေဒင်။

အာဓာနမှုသောအခါဝိသမရာသီနှိုက်အားရှိသော တနင်္ဂနွေကြာသပတေးဂြိုဟ်တည်မှု ယောက်ျားဖွားမြင်အံ့။ သမရာသီ၌အားရှိသောအင်္ဂါစန်းသောကြာဂြိုဟ်တို့တည် မှုမိန်းမဖွားမြင်အံ့။ဆိုလိုသတည်း။

၅၈-အမြွှာဖွားရာအယော။

(၂၀၀) ဂဠုန်အင်္ဂါ၊ ကြွက်စန်းဝါ၊ သောကြာ၅ဂြိုဟ် များ။

(၂၀၁) ဒွိသဘာဝ၊နဝံသ၊ဆင်ကမြင်ရှုစား။

(၂၀၂) ယင်းသည့်အရာ၊သားနှစ်ဖြာ၊အမြွှာရဖြိုင်ဖွား။

ဒွိသဘာဝရာသီနဝင်းနှိုက် တည်သောတနင်္ဂနွေ။ အင်္ဂါ၊ ကြာသပတေးတနင်းလာ၊သောကြာဂြိုဟ်တို့ကိုဗုဒ္ဓဟူးဂြိုဟ်မြင်မှုသားနှစ်ယောက်အမြွှာရဖြိုင်၍ဖွားမည်ဟုဟောရာ၏။

၅၉-တနည်းယောက်ျားဖွားရာအယော၊

(၂၀၃) လဂ်မှရေကာ။ဝိသမ၊ရှိကမြွှနဂါး၊

(၂၀၄) ယင်းသည် အရာ။ ဖွားပြန်လာ၊ မှန်စွာသား ယောက်ျား။

(၂၀၅) အားရှိမရှိ၊ဆုံးဖြတ်ဘိ၊အရှိဆိုပြီးသား။

လဂ်မှရေကာ။သုံးတန့်ငါးတန့်၊ ခုနစ်တန့်၊ကိုးတန့်။ဆဲ့ တတန့်ဟုဆိုအပ်သော။ ဝိသမရာသီ၌စနေဂြိုဟ်တည်မှု။ သား ယောက်ျား ဖွားမြင်အံ့ဟောရာ၏၊ ဆိုပြီးသည့် အတိုင်း

ယောက်ျား ဖွားအံ့သောယုဂ်။ မိန်းမဖွားအံ့သောယုဂ်များ၌၊ အားရှိသော ဂြိုဟ်၊ အားမရှိသောဂြိုဟ်တို့ တည်ရှိသည်၏ အစွမ်းအားဖြင့်ရွေးချယ်စိစစ်၍ဆုံးဖြတ်ရာ၏။

အာခာနပိုင်းပြီး၏။

၆၀—ဂုဏ်းသုံးပါးအဟော။

(၂၀၆) သတ္တရဇ၊တမော၊ပြ၊ထိုကြာသုံးပါးဂုဏ်။

(၂၀၇) မိမိတိ သင်း၊အဟောခင်း။ယင်းတို့သုံးပါးရုံ၊

(၂၀၈) အားရှိရာဂြိုဟ်။အတူဆို၊ကိုယ်ကိုဟောတို့ကြို။

(၂၀၉) ဇာတိကုလ။ရပ်ဒေသ၊ထပ်ပြတနည်းတု၊

သတ္တဂုဏ်၊ ရဇဂုဏ်၊ တမဂုဏ်အားဖြင့် ဂုဏ်သုံးပါးတည်း။ ဖွားဇာတာ၌တနင်္ဂနွေဂြိုဟ်သည်။ သတ္တဂုဏ်ရှိသောအိမ်သင်း၌ တည်မူ၊ထိုသူသည်။ သတ္တဂုဏ်ရှိအံ့ဟောရမည်။ (ရဇဂုဏ်တနင်္လာဂြိုဟ်စသည်တို့သည်လည်း နည်းတူပြီ၊ နေဝံနားတွင် ဆိုလတ္တံ့ကဗျာများကိုလည်း ရှုမြော်၍ကြံပါ။) ဖွားဇာတာ၌ အားရှိသော ဂြိုဟ်နှင့်အတူ၊ ထိုဇာတာရှင်၏ ကိုယ်ကိုဟောရာ၏။ (တနင်္ဂနွေဂြိုဟ်အားရှိမူပညောင်ပင်ကဲ့သို့ဝန်းသောကိုယ်ရှိ၏၊ မမြင့်လွန်းစသည်ဖြင့်ဟောပါ၊ တနည်း သင်္ကနဝင်းဂြိုဟ်နှင့်တူစွာ ကိုယ်ကိုဟောရာ၏) တနည်းလည်း ဇာတာရှင်၏ဇာတ်။ အမျိုးအရင်ကို လိုက်၍ ကိုယ်ကိုဟောရာ၏။

(၂၁၀) ကြွက်ကျားဂဠုန်၊သတ္တဂုဏ်၊ခိုင်လုံဖြောင့်သစ္စာ၊

(၂၁၁) ဂုဏ်ရဇမှာ၊ပူဆင်သာ၊လကျ်ာသွဲ့တတ်ပါ။

(၂၁၂) ခြသေ့်နဂါး၊တမထား၊လှည့်ဖျားအမျက်ဖြား။

ကြာသပတေး၊တနင်္လာ၊ တနင်္ဂနွေတို့သည် သတ္တဂုဏ်

ရှိကုန်၏၊ သတ္တဂုဏ်ရှိသောသူသည်ကား ခိုင်ခန့်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ သနားတတ်ခြင်း၊ ပုဏ္ဏား၊ နတ်ကိုဆည်းကပ်ခြင်း၊ ဗုဒ္ဓဘာသာဖြစ်မူ ရတနာသုံးပါးအားဆည်းကပ်ခြင်းကိုပြုလေ့ရှိ၏၊ သောကြာဗုဒ္ဓဟူးတို့သည် ရဇောဂုဏ်ရှိကုန်၏၊ ရဇောဂုဏ်ရှိသောသူသည်ကား ကမ္ဘာလောက်သို့တွဲတတ်၏၊ မိန်းမမြင်တိုင်းကျိုက်ချစ်တတ်၏၊ အင်္ဂါစနေတို့သည်တမဂုဏ်ရှိကုန်၏၊ တမဂုဏ်ရှိသောသူသည်ကား၊ သူတပါးတို့ကိုလှည့်ပတ်တတ်၏၊ မိုက်မဲ၏၊ ပြင်းရိဘတ်၏၊ အအိပ်ကြီး၏၊ အမျက်ဒေါသကြီး၏။

### ၆၁—ကိုယ်အဟော၊

(၂၁၃) လက်နခင်းရှင်၊ ဂြိုဟ်အသွင်၊ ကိုယ်တွင်ဗေဒင်ဟော။

(၂၁၄) တက္ကာသခါ၊ အားရှိစွာ၊ ဂြိုဟ်မှာတနည်းလော၊

ဤကဗျာနှစ်ပုဒ်၏အဓိပ္ပါယ်ကို (၂၀၈)ကဗျာ၌ပြခဲ့ပြီး။

### ၆၂—အဘမျက်ကွယ်ဖွားရာအဟော၊

(၂၁၅) ဖွားလဂ်မမြင်၊ စန်းငွေဇင်၊ ပူးဆင်အလယ်နား။

(၂၁၆) စနေလဂ်တွင်၊ ခုနစ်ခွင်၊ ခြံသော်တည်မူကား၊

(၂၁၇) သူ၏အဘ၊ မျက်ကွယ်ပ၊ မချအမှန်ဖွား။

ဇာတာရှင်၏ဖွားလဂ်ကိုစန်းသည်မမြင်မူ၊ ထိုသူသည်အဘ၏မျက်ကွယ်၌ ဖွား၏၊ ဗုဒ္ဓဟူး သောကြာနှစ်ခုတို့၏ အလယ်၌ စန်းတည်ရှိလျှင်လည်း အဘ၏မျက်ကွယ်၌ ပင်ဖွား၏၊ စနေသည်ဖွားလဂ်၌တည်ရှိလျှင်လည်းအဖမျက်ကွယ်၌ပင်ဖွား၏၊ ဖွားလဂ်မှခုနစ်တန့်၌ အင်္ဂါဂြိုဟ်တည်လျှင်လည်း အဘ၏မျက်ကွယ်၌ပင်ဖွားမြင်သတည်း။

၆၃-လင်ငယ်နှင့်ဖွားရေးအဟော။

(၂၁၆) ရာသီတဘုံ၊စန်းဂဠုန်၊ယှဉ်ကြုံမြွေခြသေ့၊
(၂၁၇) စန်းနှင့်လဂ်၊ဤနှစ်ဝ၊တွက်ကမြင်မတွေ့၊
(၂၁၈) ဂဠုန်စန်းပင်၊စကားတခွင်။တွက်ပင်မြင်မတွေ့၊
(၂၁၉) ထိုသူမိမယ်၊ဖွားရာဝယ်။လင်ငယ်သူမျိုးစေ့။

တရာသီတည်း၌တည်သောတနင်းလာ၊ တနင်္ဂနွေကိုစနေဖြစ်စေ။ အင်္ဂါဖြစ်စေယှဉ်သော်ငှင်း။ တရာသီတည်း၌ဖြစ်စေ၊ ရာသီအသီးသီး၌ဖြစ်စေတည်ရှိသော တနင်းလာဂြိုဟ်နှင့်လဂ်ကိုကြာသပတေးမမြင်သော်ငှင်း၊တရာသီတည်းတည်ရှိသော တနင်္ဂနွေနှင့်တနင်းလာကို ကြာသပတေးကပင် မမြင်သော်ငှင်း၊ထိုဇာတာရှင်၏မိခင်သည် သယောက်လင်ငယ်နှင့် မွေးဖွားသည်ဟုဟောရမည်။

၆၄-ဖွါးအိမ်တံခါးဟော။

(၁၂၀) ကိန်းအိမ်ဂြိုဟ်ရှိ၊ယင်းပင်သိ၊မရှိလဂ်ရပ်ကို၊
(၁၂၁) ထိုသူမွေးဖွါး၊အိမ်တံခါး၊ရှုစားအဟောဆို။

ကိန်းအိမ်လေးခုတွင် တခုခု၌ဂြိုဟ်ရှိမူ၊ ထိုရှိသောဂြိုဟ်၏အရပ်သည် မွေးဖွါးရာအိမ်၏တံခါးရှိရာအရပ်မည်၏။ ထိုကိန်းအိမ်လေးခု၌ဂြိုဟ်မရှိမူကား လဂ်၏အရပ်သည်မွေးဖွါးရာအိမ်၏တံခါးရှိရာအရပ်မည်၏။

၆၅-ဆီမီး၊မီးစာ၊အဟော။

(၁၂၂) ဆီမီး၊မီးစာ၊ဆီကိုသာ၊တည်ပါဤသုံးပါး။
(၁၂၃) ဂဠုန်နှင့်လဂ်၊စန်းယှုန်စက်၊သုံးချက်အစဉ်ထား၊

တနင်္ဂနွေဂြိုဟ်သည် မွေးဖွါးသောအခါ ထွန်းသောဆီမီးတည်း၊ လဂ်သည်မီးစာတည်း။ တနင်းလာဂြိုဟ်သည်ကား

ဆိုတည်း။ တနင်္ဂနွေဂြိုဟ်သည် စရဲရာသီ၌တည်မူ မွေးဖွါး သောအခါ ထွန်းသောဆီမီးသည် ထိုထိုအရပ်သို့လှည့်ပတ် သွားလာ၍နေ၏။ ထိုရာသီ၌တည်မူ ဆီမီးသည်တခုတည်း သောအရပ်၌တည်၏။ ဒွိသဘာဝရာသီ၌တည်မူဆီမီးသည် လှုပ်၏၊ လဂ်သည်ရာသီ၏အစနဝင်း၌တည်မူမီးစာသည်ညို ထွန်းစ အသစ်တည်း။ အလယ်နဝင်း၌တည်မူ မီးစာသည် လောင်၍တဝက်သာကျန်၏။ အဆုံးနဝင်းနိုက်တည်မူကား ဆီမီးစာသည်ကုန်၍မီးငြိမ်းခါနီးတည်း၊စန်းသည်ပုဏ္ဏာစန်း ဖြစ်မူဆီသည်ခွက်နှင့်အပြည့်တည်း။ ပုဏ္ဏာစန်းမဟုတ်မူခွက် ၏တဝက်သာရှိ၏၊ဟိနစန်းဖြစ်မူဆီကုန်၍မီးသေခါနီးတည်း။

၆၆—ဖွါးရာအိမ်အဟော။

(၁၂၄) အားရှိဂြိုဟ်ထောက်၊ ဖွါးအိမ်ကောက်၊ ထိုနေ့ဘုံ ဟောပြလင်း။

(၁၂၅) မခိုင်ဂဋ္ဌုန်၊သစ်စန်းယုန်၊လောင်တုံခြသေ့မင်း။

(၁၂၆) ဆန်းကြယ်မူသင်၊ ခိုင်တြွက်ပင်၊ ပူးလျှင်ပျော် ဘွယ်ခင်း။

(၁၂၇) အဲဟောင်းရှင်းရို၊မြွေမင်းဆို၊နိုးဂြိုဟ်အိမ်နို ခြင်း

ဂြိုဟ်ခုနစ်လုံးတို့တွင် တနင်္ဂနွေဂြိုဟ် အားအရှိဆုံ ဖြစ်မူ ထိုဇာတာရှင်၏ဖွါးရာအိမ်သည်မခိုင်မခန့်သော ဝါးသစ်တို့ ဖြင့် ဆောက်လုပ်သော မခိုင်သောအိမ်တည်း။ တနင်းလာ ဂြိုဟ်အားရှိမူ၊ ဆောက်လုပ်စအိမ်သစ်တည်း၊ အင်္ဂါဂြိုဟ် အားရှိမူ မီးလောင်သောအိမ်တည်း၊ ဗုဒ္ဓဟူးဂြိုဟ်အားရှိမူ ထူးထူးဆန်းဆန်းဆောက်လုပ်၍ထားသောအိမ်တည်း၊ကြာ သပတေးဂြိုဟ်အားရှိမူ ကျွန်းစသောခိုင်ခန့်သည့်သစ်သားတို့

ဖြင့်ဆောက်လုပ်သဖြင့် ခိုင်ခန့်သောအိမ်တည်း၊ သောကြာဂြိုဟ်အားရှိမူနှစ်လုံးမွေ့လျော်၊ ပျော်ရွှင်ဘွယ်ကောင်းသောအိမ်တည်း၊ စနေဂြိုဟ်အားရှိမူ အဟောင်းအမင်းချင်းရှိသောအိမ်ဒိုတည်း၊ မွေးဖွါးရာအိမ်ဂင်ပြုတတ်သောဂြိုဟ်၏ရှေ့ခွင်ငင်း၊နောက်ခွင်းရှိသောဂြိုဟ်ဖြင့်ဖွါးရာအိမ်၏အနီးဖြစ်သောအိမ်ကိုဟောဆိုရာ၏။

၆၇-ဖွားရာအိမ်ဘုံဆင့်ဘုံဆောင်ဟော။

(၁၂၈) လက်မှ ရေထောက်၊ ဆယ်တန့်မြောက်၊ ပေါ်ပေါက်ကြွက်ဥစ်ဂြိုဟ်၊

(၁၂၉) နှစ်ဆင့်သုံးဆင့်၊ ဘုံလေးဆင့်၊ ထောက်ချင့်ဖွားအိမ်ကို။

(၁၃၀) ခန္ဓရပ်တွင်၊ပြည့်အားအင်၊ကြွက်ဝင်ခိုလှိုရပ်၊

(၁၃၁) ဖွားရာ အိမ်ကို၊ သုံးဆောင်ဆို၊ လူ့မိုလ်နှစ်လုံးကင်။

(၁၃၂) ကန့်,မိန့်,မေထုန်၊အားပြည့်ရုံ၊ ခိုလှုံကြွက်ဂြိုဟ်မင်း။

(၁၃၃) ဘုံဆောင်နှစ်ဖြာ၊သူ့ဖွားရာ၊သေချာနှလုံးသွင်း။

ကြာသပတေးဥစ်ဂြိုဟ်သည်၊လဂ်မှဆယ်တန့်၌တည်မူ၊ထိုဇာတာရှင်၏ဖွားရာအိမ်သည်ဘုံနှစ်ဆင့်၊ သုံးဆင့်၊လေးဆင့်ရှိ၏(ကရကန့်ရာသီ၌ကြာသပတေးဂြိုဟ်သည်၊ငါးဟာသ့်ာအတွင်း၌ဥစ်မည်သဖြင့်၊ငါးအသ်ာကိုလွန်၍တည်မူ၊ဘုံနှစ်ဆင့်ငါးအသ်ာအောက် ယုတ်လျော့၍ တည်မူ၊ ဘုံသုံးဆင့်၊ငါးအသ်ာမြောက်၌တည်မူကားအမြတ်ဆုံးဥစ်ဖြစ်၍ ထိုဖွားရာအိမ်သည်ဘုံလေးဆင့်ရှိ၏ဟုဟောရမည်ဆိုလိုသည်။) ခန္ဓ

ရာသီ၌အားရှိသော၊ကြာသပတေးဂြိုဟ်တည်မှုထိုဇာတာရှင်၏ဖွားရာအိမ်သည်ဘုံသုံးဆောင်တည်း၊ကန်မိန်မေထုန်ရာသီတို့၌အားရှိသောကြာသပတေးဂြိုဟ် တည်မှုကား၊ ထိုသူ၏ဖွားရာအိမ်သည်၊ဘုံနှစ်ဆောင်ရှိ၏။

၆ဂ—ဆောင်ပန်းအဟော၊

(၁၃၄) လဂ်မှခြေ၁က်,သုံး။၊ကိုး, အဆုံး။ခေါ်ထုံးဆောင်ပန်းခြေ၊

(၁၃၅) ကြွင်းသည့် ၅စ်ပါး၊အင်္ဂါထား၊ မှတ်သား များမိတ်ဆွေ၊

(၁၃၆) ဗွိသဘာ၁ကြို၊အင်္ဂါရုံ၊မှတ်ယုံညွှတ်လို့နေ၊

(၁၃၇) ပါပယှဉ်ရာ၊ယင်းအင်္ဂါ၊မှန်စွာပျက်ပြားလေ၊

လဂ်မှခြေ၁က်တန်၊ ကိုးတန်၊ ကိုးတန်၊ အဆုံးတဆဲ့နှစ်တန့်ရာသီတို့သည် ဆောင်ပန်းခြေတို့တည်း။ သုံးတန့်သည်လက်ျာ။ တဆဲ့နှစ်တန့်သည်လက်ဝဲရှေ့ခြေတည်း။ ခြေံတန့်သည်လက်ျာ၊ကိုးတန့်သည် လက်ဝဲနောက်ခြေတည်း၊ လဂ်နေရာသီ၊လဂ်မှ နှစ်တန့်၊ လေးတန့်၊ ငါးတန့်၊ခုနစ်တန့်၊ ၅စ်တန့်ဆယ်တန့်၊ ဆဲ့တတန့်ရာသီတို့သည် ဆောင်ဖန်း၏ အရံ အကာ၊ အင်္ဂါတို့မည်ကုန်၏၊ ထိုဆောင်ပန်း၏ အင်္ဂါ၅စ်ရာသီတို့တွင်၊ လဂ်နေရာသီ၊သဂ်မှ နှစ်တန့် ရာသို တို့သည်၊ဦးခေါင်း၊ လေးတန့်၊ ငါးတန့် တို့သည် လက်ျာ ခုနစ်တန့်၅စ်တန့်တို့သည်ခြေ၊ ဆယ်တန့်၊ဆဲ့တတန့်တို့သည်လက်ဝဲအဘို့တို့တည်း၊ ဆောင်ပန်းအင်္ဂါသည်ဗွိသဘာ၀ ရာသီဖြစ်မှုကိုင်းညွှတ်၏၊ ပါပရာသီဖြစ်မှုကား ပျက်စီး၏၊ ဆောင်ပန်းအင်္ဂါသည်တနင်္ဂနွေဂြိုဟ်ဖြစ်မှုမဖြမခိုင်ခန့်၊ အင်္ဂါဂြိုဟ်ဖြစ်

မှုမီးလောင်ပြီး၊ စနေဂြိုဟ်ဖြစ်မှု အိုမင်းပြိုစသည်ဖြင့်ဟောရာ၏။ သောမဂြိုဟ်သည်အင်္ဂါရှင်ဂြိုဟ်နှင့် ယှဉ်မှုမညွတ်မကိုင်းကောင်း၏။ ပါပဂြိုဟ်ပင်ဖြစ်သော်လည်းမိမိဥစ်၊ တြိကုဏ်း၊ မိတ်အိမ်၌တည်မှုကောင်းသည်ဟုပင်ဟောရာ၏။

၆၉-အမြှင်ရစ်ပတ်၍ဖွားရာအဟော၊

(၁၃၈) မိသ်,သိဟ်, မြိသ်တွင်၊ လဂ်တည် လျှင်၊ မွေးခြင်းသော်လည်းရပ်။

(၁၃၉) ရာသီတူစွာ၊ဖွားသောခါ၊ကိုယ်မှာအမြှင်ပတ်။

မိသ,သိဟ်, မြိသ,ရာသီတို့တွင် တခုခု၌လဂ်နေ၍ စနေသော်ငင်း၊ အင်္ဂါသော်ငင်းတည်မှု၊ရာသီနှင့်တူသောကိုယ်အင်္ဂါအဘို့၌အမြှင်ရစ်ပတ်လျက်မွေးဖွား၏။(မိသရာသီဖြစ်မူမိသရာသီသည် ကာလယောကျ်ား၏ ဦးခေါင်းဖြစ်၍မွေးဖွားသောသူငယ်၏ ဦးခေါင်း၌ အမြှင်ရစ်ပတ်၍ ဖွား၏ဟုဆိုလိုသည်၊ နည်းတူသိဟ်ရာသီဖြစ်မူဝမ်းဘိုက်၌မြိသရာသီ ဖြစ်မူမျက်နှာ၌အမြှင်ရစ်ပတ်၍မွေးဖွားသည်ဟုဟောပါလေ)။

၇၀-ဖွားရာအိမ်၌ဥစ္စာအဟော။

(၁၄၀) ဂဠုန်ကြေးထား၊ပတ္တမြား၊မှတ်သားတနင်လာ။

(၁၄၁) အင်္ဂါမှာရွှေ၊ဆင်ကျော်ပေ၊ ကြွက်ငွေမှတ်ကြပါ၊

(၁၄၂) သောကြာပုလဲ၊မွေသံစွဲ၊စင်တွဲနေ့ဥစ္စာ။

(၁၄၃) ခနှုန်နှင့်မိန်၊မိမိအိမ်၊ကြွက်ကြိမ်ရွှေဟောရာ၊

(၁၄၄) အားရှိဂြိုဟ်ရ၊ဥစ္စာပြု၊ဘျမ်းကာထင်ရှားစွာ၊

တနင်္ဂနွေသည်ကြေးနီ၊ တနင်းလာသည်ပတ္တမြား၊ အင်္ဂါသည်ရွှေ၊ ဗုဒ္ဓဟူးသည်ရုံစီချယ်လယ်ပြီးသော ကျောက်ကြာသပတေးသည်ငွေ၊သောကြာသည်ပုလဲ၊ စနေသည်သံမည်၏။

တနင်္ဂနွေဂြိုဟ်သည် ခပ်သိမ်းသော ဂြိုဟ်တို့ထက် အားရှိမှု၊ မွေးဖွားရာအိမ်၌ ကြေးနီရှိ၏။ တနင်္လာဂြိုဟ် အားရှိမှုပတ္တမြားရှိ၏၊ ကြွင်းဂြိုဟ်များကိုလည်းနည်းတူဟောနိုင်လေသံပြီ။ မိမိအိမ်ဖြစ်သော ဓနုမိန်ရာသီနှစ်ခုတို့တွင်တခုခု၌ ကြာသပတေးဂြိုဟ်သည်ခပ်သိမ်းသောဂြိုဟ်တို့ထက်အားရှိ၍ တည်မူကားငွေကိုမဟောဆိုဘဲ၊ ရွှေကိုသာဟောဆိုရာ၏။

၇၁-ဖွားရာအနီးရှိလူအဟော။

(၁၄၅) စန်းလဂ်အကြား၊ ဂြိုဟ်သို့များ၊ ဖွားရာအနီးလူ။
(၁၄၆) ဝက်တွင်းအပ၊ ဂြိုဟ်အရေ၊ နှိုင်းဆနှစ်မျိုးယူ။

စန်းလဂ်နှစ်ခုတို့၏အကြားတွင် တည်ရှိသော ဂြိုဟ်တို့၏၊ အရေအတွက်နှင့်အတူအမျှမွေးဖွားရာအနီး ၌ရှိသောလူတို့၏ အရေအတွက်ကိုဟောဆိုရာ၏၊ မမြင်အပ်သော ဝက်ထက်ဝက်တွင် တည်ရှိသောဂြိုဟ်တို့နှင့်အတူအမျှ ဖွားရာအိမ်အတွင်း၌ရှိသောသူတို့၏ အရေအတွက်ကိုဟောဆိုရာ၏ မြင်အပ်သောဝက်ထက်ဝက်တွင် တည်ရှိသော ဂြိုဟ်တို့၏အရေအတွက် အားဖြင့်ဖွားရာအိမ်ပ၌ တည်ရှိသော သူတို့၏အရေအတွက်၊ကိုဟောဆိုရာ၏။ ။သုတိကာပိုင်းပြီး၏။

၇၂-မွေးဖွား၍သေသောအရိဋ္ဌယုဂ်အဟော။

(၁၄၇) လမှ ရေထောက်၊ ခြောက်ရှစ်မြောက်၊ တည်ရောက်စန်းယှဉ်ကို။
(၁၄၈) ပါပဂြိုဟ်မြင်၊ ဓာတာရှင်၊ လျှင်စွာသေခံ့ဆို၊
(၁၄၉) သောမမြင်ရာ၊ ယှဉ်စန်းမှာ၊ ရှစ်ဖြာနှစ်မပို၊
(၁၅၀) သောပါနှစ်ချက်၊ မြင်ပြိုင်ဘက်၊ တဝက် ထို့အောက်တို့။

ဖွားလဂ်မှခြောက်တန့် ရှစ်တန့်၌နေသောစန်းကိုပါပဂြိုဟ်မြင်မူ၊လျှင်စွာသေအံ့၊ သောမဂြိုဟ်မြင်မူ ရှစ်နှစ်သာနေရ၏၊ ထိုထက်အလွန်မနေရသေအံ့၊ သောမဂြိုဟ်ပါပဂြိုဟ်နှစ်မျိုး မြင်ယှဉ်ရောနှော၍မြင်မူကား ရှစ်နှစ်အောက် တဝက်ယုတ်လျော့သဖြင့်လေးနှစ် သာနေရ၏၊သေအံ့၊

(၁၅၁) စန်း၏အလား၊သောမများ၊အားရှိပါပမြင်။

(၁၅၂) မမြင်သောမ၊ဓာတာပြ၊တလအသက်ရှင်။

စန်းမှကြွင်းသောဗုန္ဓဟူး၊ကြာသပတေး၊ သောကြာဟူသောသောမဂြိုဟ်သုံးခုတို့တွင်တခုခုသည်စန်းကဲ့သို့ ခြောက်တန့်ရှစ်တန့်၌တည်ရှိရာ။အားရှိသောပါပဂြိုဟ်မြင်မူ သောမဂြိုဟ်ကားမမြင်မူ၍ဖွားမူ၊တသမျှဖြင့်သေအံ့။

(၁၅၃) လဂ်၏အရှင်၊ခုနစ်ခွင်၊ အောင်မြင်ဂြိုဟ်ပါပ။

(၁၅၄) ထိုဓာတာရှင်၊တလပင်၊ထိုပြင်မနေရ။

ဖွားလဂ်၏အရှင်ဂြိုဟ်သည်လ မှ ခုနစ်တန့်၌ နေ၍ပါပဂြိုဟ်နှင့်ယှဉ်၍စစ်ထိုးကြရာ ထိုလဂ်အရှင်ဂြိုဟ်ကိုပါပဂြိုဟ်ကအောင်မြင်မူ၊ ထိုဓာတာရှင်သည်တလသာနေရ၏။ ထိုထက်အလွန်မနေရ။ (တုန်လှုပ်ခြင်းဘောက်ပြန်ခြင်း၊ ဘိမ်ဆွေခြင်း။ ဂြိုဟ်ဘပါးသည်ဖြစ်ခြင်း၊ အရောင်မရှိခြင်းအဆင်းမရှိခြင်း များသည် ဖြစ်၍တောင်အရပ်၌ တည်သောဂြိုဟ်သည်ရှုံး၏။ မြောက်အရပ်၌တည်သော ဂြိုဟ်သည်အောင်မြင်၏။ ဘောမာဒိနမာကာသေယုဒ္ဓ ဘဝတိ၊ ယောဒကျွံကားဥဒ္ဓာ၊ သေဒဂသောဇိတော၊ ဖြိုဟာဇိဒိုကာ၊အခါကာသေ။ ကောင်းကင်၌၊ ဘောမာဒီနံ၊ အင်္ဂါစသောဂြိုဟ်တို့၏။ ယုဒ္ဓံ ၊စစ်ထိုးခြင်းသည်။ဘဝတိ။ ဖြစ်၏၊ ယောဂဟော၊ အ

ကြောင်ဂြိုဟ်သည်၊ဒက္ခိဏာဗြော၊တောင်အရပ်၌တည်၏။သော။ ထိုဂြိုဟ်သည်။ဇိတော၊ရှုန်းသည်မည်၏၊ ဤဇေဒနီတိကျမ်း၌ ပါရှိသမျှ။ ခက်ရာခက်ဆစ်များသည်၊နောက်ကျွန်ုပ်တို့ထုတ် လတ္တံ့သောအပ္ပဓာတကကျမ်းတွင်၊ ဖြို့ဟာဇာဒိုက်ဲလယာဓာ တကဒိုကာ၊ ဓာတိသင်္ဂကျမ်း၊ ၎င်း၏အဘွင့်ဒိုကာစကား များကိုကိုးကားထောက်ထား၍ အဓိပ္ပါယ်ရုံလင်စွာနှင့် ပါရှိ ပါလိမ့်မည်၊

(၁၅၅) ညနံနက်ဟာ၊နှစ်ပါးပြု၊တချိန်ဆည်းဈာ။

(၀၅၆) စန်း၏ ပေဟာရတ်၊လတ်တည်လတ်၊ ဆုံးသတ်န ဝင်းမှာ၊

(၁၅၇) ပါပတည်က၊အသေပြု၊ကျမ်းမှထင်ရှားလာ။

နေတခြမ်းဝင်သည်ကစ၍၊နက္ခတ်ကြယ်များကိုထင်ရှား စွာမမြင်ရမီကာလသည်၊ ညဆည်းဈာမည်၏၊ နေအရုဏ် တက်သောအခါ၊နက္ခတ်ကြယ်များကိုထင်ရှားစွာမမြင်သည် ကစ၍၊နေတခြမ်း ပေါ်ထွက်သည်တိုင်အောင် သောကာ၁လ သည်။နံနက်ဆည်းဈာမည်၏၊ ထိုဆည်းဈာ တချချ၌ သွား သောသူငယ်၏ ဇာတာတွင်တနင်းလာအစိုးရသော ဟူးရား၌ ထင်တည်၍ထိုထိုရာသီတို့၏ကိုးချမြောက် အဆုံးသတ်နဝင်း တွင်ပါပ ဂြိုဟ်တို့တည်ကုန်မူ၊ ထိုသူငယ် သေအံ့ဟု ဟော ရာ၏၊

(၁၅၈) ကိန်းအိမ်လေးခွင်၊ သီးသီးလျှင်၊ တည်ဝင်စန်း ပါပ၊

(၁၅၉) ယင်းသည့်အရာ၊ဖွားမြင်လာ၊သေရွာအမှုကြွ၊

ကိန်းအိမ်လေးခုတို့၌စန်း၊တနင်္ဂနွေ၊ အင်္ဂါ၊စနေဟူသော။

ပါပဂြိုဟ်တို့သည်အသီးအသီးဘာခုစီတည်ရှိမူ ထိုဇာတာရှင်
သည်သေအံ့ဟောရမည်။

(၁၆၀) ကိန္ဒလဂ်တွင်၊စက်ရှေ့တွင်၊ခိုဝင်ဂြိုဟ်ပါပ၊
(၁၆၁) နောက်မှာမူကား၊သောမများ၊ တည်ငြားသေချာ
ကြွ။

ဗြိစ္ဆာ၊ကရကဋ် နှစ်ရာသီတို့တွင်။တခုခု၌ လဂ်ရှိသော
သူငယ်ဇာတာရာသီစက်၏ရှေ့အတို့နှိုက်ပါပဂြိုဟ်၊ နောက်
အတို့နှိုက်သောမဂြိုဟ်တည်မူ။ထိုသူငယ်သေအံ့ (ရာသီစက်
တွင်ရှေ့အတို့ နောက်အတို့ ယူပုံကား၊လဂ်နေသောရာသီ
သည်။ အရှေ့အရပ်ဖြစ်၍။ရာသီစက်၏အလယ်၌ တောင်
မြောက်မျဉ်းဖြောင့်သားလျှင်၊လဂ်နေသောရာသီနှင့်တကွ အ
ရှေ့ဘက်မြောက်ရာသီ။အနောက်ဘက် မြောက်ရာသီဖြစ်၍
လဂ်စီးသောအသ်ာမှစပြီးလျှင် အသ်ာကိုးဆယ်တိုင်အောင်
ထောက်၊ထိုအသ်ာကိုးဆယ်သည် မြောက်အရပ်ဖြစ်၍ ကိုး
ဆဲ့တအသ်ာကစ၍။ အသ်ာပေါင်း တရာ့ရှစ်ဆယ် တိုင်
အောင်သွားလျှင်။တောင်တည့်တည့်သို့ရောက်၏၊ ထိုဒုတိယ
အသ်ာတရာ့ရှစ်ဆယ်သည်။ရာသီစက်၏ နောက်ထက်ဝက်
ဖြစ်၍။ ကြွင်းသောအသ်ာတရာ့ရှစ်ဆယ်သည်ရှေ့ထက်ဝက်
ဖြစ်၏။လဂ်စီးသော အသ်ာသည်ရှေ့ထက်ဝက်၏ အလယ်
တည့်ကျ၏။)

(၁၆၂) ကိန်းရှစ်တန့်မှာ၊ဂြိုဟ်ပါပ၊ခိုလာရွှင်ပျော်ပါး။
(၁၆၃) ဒိဋ္ဌာစန်းသည်။လဂ်မှာတည်၊ သေမည်ထိုသည့်
သား၊

ပါပဂြိုဟ်တို့သည်ကိန်းအိမ်ရှစ်တန့်တို့၌တည်၍ခိထာစန်းသည်လည်းလဂ်၌တည်မူ၊ထိုသူငယ်သေအံ့။

(၁၆၄) လဂ်အိမ်ခုနစ်၊တဆဲ့နှစ်၊ရှစ်တန့်စန်းယှန်မင်း။

(၁၆၅) ပါပသာယှဉ်၊သောမလျှင်၊ယှဉ်မြင်နှစ်မျိုးကင်း။

(၁၆၆) ကိန်းတွင်သောမ၊မရှိက၊သေရခုချက်ချင်း။

လဂ်နေရာသီ၊လဂ်မှခုနစ်တန့်၊ တဆဲ့နှစ်တန့်၊ရှစ်တန့်ရာသီတို့၌တည်ရှိသောစန်းကိုပါပဂြိုဟ်ယှဉ်၍၊သောမဂြိုဟ်တို့မူကားယှဉ်ခြင်း၊ မြင်ခြင်းကင်းသည့်ပြင်၊ ကိန်းအိမ်တွင်လည်းမတည်မရှိမူ၊ ထိုသူငယ်သည် ခုချက်ချင်း လျှင်စွာသေအံ့၊

(၁၆၇) ပါပလယ်ပြစ်၊လေးနှင့်ရှစ်၊ခုနစ်တန့်တွင်စန်း။

(၁၆၈) ဓာတာရှင်တွေ၊အသက်သေ၊ဖျက်ချေသူ့အစွမ်း

စန်းသည်လေးတန့်၊ရှစ်တန့်၊ ခုနစ်တန့်၌တည်၍ ပါပဂြိုဟ်တို့၏အလယ်၌ဖြစ်မူ၊ ထိုစန်းသည်ဓာတာရှင်၏ သေခြင်းကိုပြုတတ်၏။

(၁၇၉) ခုနစ်ဘန့်ဘုံ၊ပါပကြုံ၊စန်းယှန်လဂ်မှာ့အောင်း။

(၁၇၀) ထိုယှဂ်ရှင်မှာ၊အသက်ခန္ဓာ၊မြန်စွာဘဝပြောင်း၊

လဂ်နိုက်စန်းတည်၍ လဂ်မှခုနစ်တန့်၌ပါပဂြိုဟ်တို့တည်ကုန်မူထိုဓာတာရှင်သည်လျှင်စွာသေအံ့၊

(၁၇၁) ခိထာစန်းဝါ၊ဆဲ့နှစ်မှာ၊ပါပလဂ်ရှစ်ရပ်။

(၁၇၂) ကိန်းအိမ်အတွင်း၊ သောမကင်း၊ ချက်ချင်းသေခွာကပ်၊

ခိထာစန်းသည်လဂ်မှ တဆဲ့နှစ်တန့်၌တည်၍ပါပဂြိုဟ်တို့သည်လည်းလဂ်-လဂ်မှရှစ်တန့်၌တည်အံ့။ကိန်းအိမ်လေးခုတို့

၌လည်း ထိုသောမငြိုဖ်ာင်းအံ့။ သူငယ်သည်ချက်ချင်းသေအံ့။

(၁၇၃) ကရကာင်မှာ၊လကြပ်ခါ၊စန်းဝါလက်ဖြွေများ။

(၁၇၄) အင်္ဂါရှစ်ခွင်၊သားနှင့်ပင်၊ မိခင်သေရွာလား။

လကြပ်ႏသသအခါ၊ ကရကာင်ရာသိ၌ စန်းလက်စႏနများတည်ရှိ၍လက်မှရှစ်တန့်၌အင်္ဂါတည်မူ၊ ထိုသူငယ်သည်အမိနှင့်အတူသေအံ့။

(၁၇၅) ကရကာင်ဘုံ၊နေကြပ်ကြုံ၊ဂဠုန်သက်ဖြွေကား။

(၁၇၆) အင်္ဂါရှစ်ခွင်၊လက်နက်လျှင်၊ မိခင်သားသေပြောက်

နေကြပ်သောအခါ ကရကာင်ရာသိ၌တနင်္ဂနွေ၊ လက်စႏ၊တို့တည်၍လက်မှရှစ်တန့်၌အင်္ဂါတည်မူ၊ထိုသူငယ်သည်လက်နက်ကြောင့်အမိနှင့်အတူသေအံ့။

(၁၇၇) စန်းဝါလက်တွင်၊ဆဲ့နှစ်ခွင်၊ဖြွေဝင်ဂဠုန်ကိုး။

(၁၇၈) ခြသေ့်ရှစ်ဘုံ၊ ကြွက်အားကုန်၊ တွေ့ကြုံဇာတာမျိုး။

(၁၇၉) သေအံ့မြန်စွာ၊ဗေဒင်လာ၊ဘျောက်စာမော်ကွန်းထိုး။

လက်နေရာသိ၌စန်း၊ လက်မှတဆဲ့နှစ်တန့်၌စနေ၊ကိုးတန့်၌တနင်္ဂနွေ၊ ရှစ်တန့်၌အင်္ဂါတည်၍ ကြာသပတေးငြိုဖ်အားမရှိမူထိုအခါဖွားသောသူငယ်သည်မြန်စွာႏသအံ့။

(၁၈၀) ငါးတန့်ခုနစ်၊ကိုးဆဲ့နှစ်၊ လက်ရှစ်တည်စန်းယုန်။

(၁၈၁) ပါပနှင့်ယှဉ်၊ရှိအားအင်၊ပူးဆင်ကြွက်သုံးရုံ၊

(၁၈၂) ယှဉ်မြင်ကင်းပ၊ဖွါးလေကာ၊ဇီဝအသက်ကုန်။

လက်မှငါးတန့်၊ခုနစ်တန့်၊ကိုးတန့်၊ တဆဲ့နှစ်တန့်၊လက်ႏန

ရာသီ၊ ရှစ်တန့်တို့၌ပါပဂြိုဟ်နှင့်ယှဉ်သောစန်းကိုအားရှိကျန်သော၊သောကြာ ဗုဒ္ဓဟူး ကြာသပတေးတို့တွင် တခုခုမယှဉ်မမြင်ဘဲဖွါးသောဇာတာရှင်သည်သေအံ့၊

(၁၈၃) အားရှိဆုံးဂြိုဟ်၊စန်းလဂ်ကို၊ အားပိုဂေါ်ဇာစန်း။

(၁၈၄) ပါပမြင်ကြုံ၊ထိုစန်းယုန်၊သက်ကုန်သေနည်းဆန်း

အားအရှိဆုံးဂြိုဟ်ကိုဂုဏ်း၊စန်းကိုဂုဏ်း၊ လဂ်ကိုဂုဏ်းအားရှိသောဂေါ်ဇာစန်းစီး၍ ထိုစန်းကိုပါပဂြိုဟ် မြင်စဉ်အခါ မွေးဖွါးမူ၊ထိုသူငယ်သေအံ့။

(၁၈၅) ဤရက်ဤလ၊ပိုင်းမပြ၊ရိဋ္ဌယုဂ်အခဏ်း။

(၁၈၆) ရသေ့အလို၊တနှစ်ဆို၊ထိုထိုဗေဒင်ကျမ်း၊

ဤအရိဋ္ဌပိုင်း၌ဤရက်သေမည်၊ ဤလသေမည်စသည်ဖြင့်ပိုင်းခြား၍မပြအပ်သော အရိဋ္ဌယုဂ်ဇာတာရှင်တို့သည် တနှစ်အတွင်း၌သေကုန်အံ့ဟူ၍ ဆရာရသေ့တို့သည်ထိုထိုဗေဒင်ကျမ်းဂန်တို့၌ဟောဆိုကြကုန်သတတ်၊

၇၃—တနင်္ဂနွေ၏ဝဋ္ဋသုဥ္ဈိအဟော၊

(၁၈၇) ခြသေ့်ဂဋ္ဌုန်၊မြွေဂြိုဟ်တုံ၊ နောက်တုံကိန်းလေးပါး။

(၁၈၈) ဆဲ့တစ် ရှစ်နှစ်၊ ကိုးတန့်ဖြစ်၊ ရှောက်လစ် အကောင်းစား၊

(၁၈၉) ပုံးနောက်ခြောက်ခွန်၊ ဆဲ့နှစ်ညွှန်၊ ကောင်းမွန်အတန့်ထား၊

(၁၉၀) ကြွက်မင်းမှနောက်၊ငါးကိုးခြောက်၊ ထျှောက်ဆဲ့တစ်များ။

(၁၉၁) စန်းနောက်ဥပင်၊ဆင်နောက်ဖြစ်၊ ဆဲ့နှစ်ငါးကိုး ပွါး။

(၁၉၂) လဂ်၏နောက်တွင်၊ ဥပစ်ချောင်၊ လေးခွင်ဆဲ့နှစ် များ။

(၁၉၃) ဆိုပြီးတန့်တွင်၊ ဂဠုန်ဝင်၊ကြိုလျှင်သရေပွါး။

တနင်္ဂနွေဂြိုဟ်သည်အင်္ဂါမှရင်း၊ မိမိမှရင်း၊ စနေမှရင်းတတန့်၊ခုနစ်တန့်၊လေးတန့်၊ဆယ်တန့်၊ဆဲ့တတန့်၊ရှစ်တန့်၊ နှစ်တန့်၊ ကိုးတန့်တို့၌ကောင်း၏။သောကြာမှခြောက်တန့်၊ခုနစ်တန့်၊တဆဲ့နှစ်တန့်တို့၌ကောင်း၏။ ကြာသပတေးမှငါးတန့် ကိုးတန့်၊ခြောက်တန့်၊ တဆဲ့တတန့်တို့၌ကောင်း၏။ စန်းမှသုံးတန့်၊ခြောက်တန့်၊ ဆဲ့တတန့်၊ဆယ်တန့်တို့၌ကောင်း၏။ ဗုဒ္ဓဟူးမှသုံးတန့်၊ ခြောက်တန့်၊ဆဲ့တတန့်။ဆယ်တန့်၊ ဆဲ့နှစ်တန့်၊ ငါးတန့်၊ ၊ကိုးတန့်တို့၌ ကောင်း၏။ လဂ်မှသုံးတန့်၊ ခြောက်တန့်၊ဆဲ့တတန့်၊ ဆယ်တန့်၊လေးတ ဆဲ့နှစ်တ တို့၌ကောင်း၏။

၇၄-တနင်းလာ၏ဝဂ္ဂသုဒ္ဓိအဖြေ။

(၁၉၄) လဂ်မှနောက်မှာ၊ဥပစ်သာ၊စန်းမှာ၊တစ်ခွန်တိုး။

(၁၉၅) ခြသေ့နောက်လျှင်၊ဥပစ်ပင်၊ငါးခွင်နှစ်နှင့်ကိုး။

(၁၉၆) ဂဠုန်နောက်ဖြစ်၊ခုနစ်ရှစ်၊ဥပစ်အတန့်မျိုး။

(၁၉၇) မြွေ၏နောက်ပါး၊ ဆဲ့တစ်ထား၊သုံးငါး ခြောက် ကိုထိုး။

(၁၉၈) ဆင်မင်းနောက်ဖြစ်၊ တစ်လေးခွန်ဆယ်၊ သုံးငါး ချယ်၊ရှစ်သွယ်ဆဲ့တစ်မျိုး။

(၂၁၉) ကြွက်နောက် ဆဲ့နှစ်၊ဆဲ့တစ်ရှစ်၊ လေးတစ်ခွန် ဆယ်ထိုး။

(၂၀၀) ပူးမှနောက်ဝယ်၊ သုံးလေးချယ်၊ ခွန်ဆယ်ဆဲ့ တစ်ကိုး။

(၂၀၁) ငါးအတန့်ပါ၊စန်းရောက်လာ၊ကောက်ပါကောင်း အကျိုး။

တနင်းလာသည်လဂ်မှသုံးတန့်၊ ခြောက်တန့်၊ဆဲ့တဘန့်၊ ဆယ့်တန့်တို့၌ကောင်း၏။မိမိမှသုံးတန့်၊ ခြောက်တန့်၊ဆဲ့တတန့်၊ဆယ်တန့်၊တတန့်၊ခုနစ်တန့်တို့၌ကောင်း၏။ အင်္ဂါမှသုံးတန့်၊ခြောက်တန့်၊ဆဲ့တဘန့်၊ဆယ်တန့်၊ငါးတန့်၊ နှစ်တန့်၊ကိုးတန့်တို့၌ကောင်း၏။ တနင်္ဂနွေမှခုနစ်တန့်၊ ရှစ်ဘန့်၊သုံးတန့်ခြောက်တန့်၊ဆဲ့တတန့်၊ ဆယ်တန့်၊တို့၌ကောင်း၏။ စနေ၏နောက်မှဆဲ့တတန့်၊သုံးတန့်၊ငါးတန့်၊ ခြောက်တန့်တို့၌ကောင်း၏။ဗုဒ္ဓဟူးမှတတန့်၊လေးတန့်၊ခုနစ်တန့်၊ဆယ်တန့်၊ သုံးတန့်၊ငါးတန့်၊ရှစ်တန့်၊ဆဲ့တတန့်၊တို့၌ကောင်း၏။ကြာသပတေးမှ၊ တဆဲ့နှစ်တန့်၊ဆဲ့တတန့်၊ရှစ်တန့်၊လေးတန့်၊ဘတန့်၊ခုနစ်တန့် ဆယ်တန့်၊တို့၌ကောင်း၏။ သောကြာမှသုံးတန့်၊ လေးတန့်၊ခုနစ်တန့်၊ဆယ်တန့်၊ဆဲ့တတန့်၊ ကိုးတန့်၊ငါးတန့်တို့၌ကောင်း၏။

## ၇၅—အင်္ဂါ၏ဝဂ္ဂသုဒ္ဓိအခေဟာ။

(၂၀၂) မိမိနောက်တစ်၊ ဆဲ့တစ်နှစ်၊လေးရှစ်ခုနစ်ဆယ်။

(၂၀၃) ဆင်၏နောက်ပါး၊ဆဲ့တပါး၊ ခြောက်ငါးသုံးတန့် ဝယ်။

(၂၀၄) ကြွက်မင်းနောက်ဖြစ်၊ ဆယ်ဆဲ့တစ်၊ ဆဲ့နှစ် ခြောက်တန့်ချယ်။
(၂၀၅) ဂမ္ဗုန်ဂြုတ်နောက်၊ငါးတန့်ခြောက်၊ ကျရောက်ဥ ပစယ်။
(၂၀၆) လင်္ဂဒိပ်နောက်ကား၊ သုံးခြောက်ထား၊ တပါး ဆဲ့တစ်ဆယ်၊
(၂၀၇) စန်းမှသုံးခြောက်၊ ဆဲ့တစ်ကောက်၊ ဆယ်ရော် ကောင်းဆိုးလယ်၊
(၂၀၈) ပွားနောက်ဆဲ့နှစ်၊ခြောက်နှင့်ရှစ်၊ ဆဲ့တစ်အတန့် ဝယ်။
(၂၁၉) မြွေနောက်နိုးပု၊ဆဲ့တစ်ဟု၊ငုံးခုတန့်ရှစ်ဝယ်။
(၂၁၀) ဤသည့်တန့်မျိုးခြသေ့်စိုး၊ ကောင်းကျိုးသန့်စင် ကြယ်။

အင်္ဂါသည်မိမိမှတတန့်၊ဆဲ့တတန့်၊နှစ်တန့်၊ လေးတန့်၊ရှစ် တန့်၊ရှနစ်တန့်၊ဆယ်တန့်၊တို့ဥ္ဒကောင်း၏။ဗုဒ္ဓဟူးမှဆဲ့တတန့်၊ ခြောက်တန့်၊ငါးတန့်၊သုံးတန့် တို့ဥ္ဒကောင်း၏။ကြာသပတေးမှ ဆယ်တန့်၊ ဆဲ့တတန့်၊ဆဲ့နှစ်တန့်၊ခြောက်တန့် တို့ဥ္ဒကောင်း ၏။တနင်္ဂနွေမှငါးတန့်၊သုံးတန့်၊ခြောက်တန့်၊ဆဲ့တတန့်၊ဆယ် တန့်၊တို့ဥ္ဒကောင်း၏။ လင်္ဂမှသုံးတန့်၊ခြောက်တန့်၊ဆဲ့တတန့်၊ ဆယ်တန့်၊တတန့်တို့ဥ္ဒကောင်း၏။စန်းမှသုံးတန့်၊ခြောက်တန့် ဆဲ့တတန့်၊တို့ဥ္ဒကောင်း၏။ ဆယ်တန့်ဥ္ဒကားကောင်းဆိုးနှစ် ပါး၏အလယ်ဥ္ဒဖြစ်၏။ သောကြာမှဆဲ့နှစ်တန့်၊ခြောက်တန့်၊ ရှစ်တန့်၊ဆဲ့တတန့်တို့ဥ္ဒကောင်း၏။ စနေမှတတန့်၊ လေးတန့်၊

ချုံနှစ်တန်၊ ဆယ်တန်၊ ဆဲ့တတန်၊ ကိုးတန်၊ ရှစ်တန်တို့၌ ကောင်း၏။

၇၆—ဗုဒ္ဓဟူး၏ဝဂ္ဂသုဒ္ဓိအဖော။

(၂၁၁) ဂဠုန်နောက်ဖြစ်၊ တဆဲ့နှစ်၊ဆဲ့တစ်ခြောက်ကိုး ငါး၊

(၂၁၂) ဆင်မင်းနေဘုံမူ၊ ဂဠုန်တူ၊သုံးဆူဘစ်ဆယ်ပွား။

(၂၁၃) စန်းနေဘုံနှစ်ဆယ်၊ ဆဲ့တစ်ချယ်၊ ခြောက်သွယ် ရှစ်လေးများ။

(၂၁၄) လင်္ဂမှဆဲ့ဘစ်၊ တစ်ခြောက်နှစ်၊ ဆယ်ရှစ်လေး တန်ထား။

(၂၁၅) ပူးမှလေးတစ်၊ဆဲ့တစ်နှစ်၊ကိုးရှစ်သုံးနှင့်ငါး၊

(၂၁၆) မြွေခြင်္သေ့ဝယ်၊ပူးသို့ချယ်၊တဆယ်ချနစ်ပွား၊

(၂၁၇) ကြွက်မင်းနောက်ဖြစ်၊ တဆဲ့နှစ်၊ ဆဲ့တစ်ရှစ် ခြောက်များ၊

(၂၁၈) ဤသည့်တန်တွေ၊ဆင်မင်းနေ၊သရေနေ့တိုင်းပွါး။

ဗုဒ္ဓဟူးသည်တနင်္ဂနွေမှ၊ ဆဲ့နှစ်တန်၊ ဆဲ့တတန်၊ခြောက် တန်၊ကိုးတန်၊ငါးတန်တို့၌ကောင်း၏။ မိမိမှဆဲ့နှစ်တန်၊ဆဲ့တ တန်၊ခြောက်တန်၊ကိုးတန်၊ငါးတန်၊သုံးတန်၊တတန်၊ဆယ်တန် တို့၌ကောင်း၏။စန်းမှနှစ်တန်၊ ဆယ်တန်၊ဆဲ့တတန်၊ ခြောက် တန်၊ရှစ်ဘန်၊ လေးတန်တို့၌ကောင်း၏။ လင်္ဂမှဆဲ့တတန်၊တ တန်၊ခြောက်တန်၊နှစ်ဘန်၊ ဆယ်တန်၊ရှစ်တန်၊ လေးတန်၊ဘို့၌ ကောင်း၏။ သောကြာမှလေးတန်၊တတန်၊ဆဲ့တတန်၊နှစ်တန်၊ ကိုးတန်၊ ရှစ်တန်။သုံးတန်၊ငါးတန်တို့၌ကောင်း၏။ စနေမှရှင်း၊ အင်္ဂါမှရှင်း၊ လေးတန်၊တတန်၊ဆဲ့တတန်၊နှစ်တန်၊ကိုးတန်၊ရှစ်

တန့်၊သုံးတန့်၊ ငါးတန့်၊ ဆယ်တန့်၊ခုနစ်တန့်တို့၌ ကောင်း၏၊ ကြာသပတေးမှ၊ဆဲ့နှစ်တန့်၊ဆဲ့တတန့်၊ရှစ်တန့်၊ ခြောက်တန့် တို့၌ကောင်း၏၊

၇၇—ကြာသပတေး၏ဝဂ္ဂသုဒ္ဓိအဟော

(၂၀၉) ခြသေ့ဆဲ့တစ်၊ တစ်လေးနှစ်၊ ခုနှစ်၊ ရှစ်ဆယ် ပါး။

(၂၁၀) ဂဠုန်နောက်မှူ၊ ခြသေ့တျူ၊ကိုးသုံးတန့်ပွါး၊

(၂၁၁) ခြသေ့အသွင်၊ ကြွက်နောက်တွင်၊ သုံးခွင်အပို ထား။

(၂၁၂) ပူးနောက်ကိုးဆယ်၊ ဆဲ့တစ်ချယ်၊ နှစ်သွယ်ငါး ခြောက်များ။

(၂၁၃) စန်းနောက်ခုနစ်၊ကိုးငါးဆဲ့နှစ်၊ တစ်မြဲမှတ်သား၊

(၂၁၄) မြွေမင်းမှနောက်၊ ဆဲ့နှစ်ခြောက်၊သုံးခြောက်အ တန့်ငါး။

(၂၁၅) ဆင်ငနောက်ကိုးတစ်၊ လေးဆဲ့နှစ်၊ဆဲ့တစ်ခြောက် နှင့်ငါး။

(၂၁၆) လဂ်၏နောက်ဟူ၊ခုနှစ်ယူ၊ ကြွင်းမူဆင်အလား။

(၂၁၇) ပြသည့်တန့်မျိုး၊ ကြွက်မင်းစိုး၊ ကောင်းကျိုးနေ့ တိုင်းပွား။

ကြာသပတေးသည်အင်္ဂါမှဆဲ့တတန့်၊ တတန့်၊ လေးတန့်၊ နှစ်တန့်၊ခုနစ်တန့်၊ရှစ်တန့်၊ ဆယ်တန့်တို့၌ကောင်း၏၊တနင်္ဂနွေ မှဆဲ့တတန့်၊ တတန့်၊ လေးတန့်၊ နှစ်တန့်၊ခုနစ်တန့်၊ ရှစ်တန့်၊ ဆယ်တန့် ကိုးတန့်၊ သုံးတန့်တို့၌ကောင်း၏၊ မိမိမှဆဲ့တတန့်၊ တတန့်၊လေးတန့်၊နှစ်တန့်၊ ခုနစ်တန့်၊ရှစ်တန့်၊ ဆယ်တန့်၊သုံး

တန့်တို့၌တောင်း၏။ သောကြာမှ ကိုးတန့်၊ ခုနစ်တန့်၊ဆဲ့တ တန့်၊နှစ်တန့်၊ငါးတန့်၊ခြောက်တန့်တို့၌ကောင်း၏၊ စနေမှခုနစ် တန့်၊ကိုးတန့်၊ ငါးတန့်၊ နှစ်တန့်၊ ဆဲ့ ပါဘန့်တို့၌ ကောင်း၏။ စနေမှဆဲ့နှစ်တန့်၊ သုံးတန့်၊ခြောက်တန့်၊ငါးတန့်တို့၌ကောင်း ၏၊ ဗုဒ္ဓဟူးမှ ကိုးတန့်၊ တတန့်၊ လေးတန့်၊ ဆဲ့ နှစ်တန့်၊ ဆဲ့ တတန့်၊ခြောက်တန့်၊ ငါးတန့်တို့၌ကောင်း၏၊ လင်္ဂါမှခုနစ် တန့်၊ကိုးတန့်၊တတန့်၊ လေးတန့်။ ခုနစ်တန့်၊ နှစ်တန့်။ ဆဲ့တ ခြောက်တန့်၊ ငါးဘန့်တို့၌ကောင်း၏။

၇၇—သောကြာ၏ဝဂ္ဂသုဒ္ဓိအဟော၊

(၂၂၈) လင်္ဂါမှတစ်နှစ်၊သုံးလေးရှစ်၊ဆဲ့တစ်ငါးတစ်ကိုး။

(၂၂၉) စန်း၏နောက်မှာ၊ဆဲ့နှစ်သာ၊ပူးမှာဆယ် တန့်တို့။

(၂၃၀) မြွေနောက်သုံးငါး၊ခုနစ်ထား၊ဆယ်ပါးဆဲ့ တစ်ကိုး၊

(၂၃၁) ဂဠုန်နောက်ရှစ်၊တဆဲ့နှစ်၊ဆဲ့တစ်အတန့်မျိုး၊

(၂၃၂) ကြွက်နောက်ကိုးဆယ်၊ ဆဲ့တစ်ချယ်၊ရှစ်သွယ် ငါးတန့်တို့။

(၂၃၃) ဆင်းမင်းနောက်တွင်၊သုံးခြောက်ဝင်၊ငါး ခွင်ဆဲ့ တစ်ကိုး၊

(၂၃၄) ခြင်္သေ့နောက်ဖြစ်၊ငါးဆဲ့တစ်၊ဆဲ့နှစ်သုံး ခြောက်ကိုး။

(၂၃၅) ဖြန့်ညှိတန့်ဟူ၊ပူးရောက်မူ၊စင်ဖြူကောင်း အကျိုး

သောကြာသည် လင်္ဂါမှတတန့်၊နှစ်တန့်၊သုံးတန့်၊လေးတန့်

ရှစ်တန်၊ ဆဲ့တတန်၊ ငါးတန်၊ ကိုးတန်တို့၌ ကောင်း၏။ စန်းမှ တတန်၊ နှစ်တန်၊ သုံးတန်၊ လေးတန်၊ ရှစ်တန်၊ ဆဲ့တတန်၊ ငါးတန်၊ ကိုးတန်။ ဆဲ့နှစ်တန်တို့၌ကောင်း၏။ မိမိမှတတန်၊ နှစ်တန်၊ သုံးတန်၊ လေးတန်၊ ရှစ်တန်၊ ဆဲ့တတန်၊ ငါးတန်၊ ကိုးတန်၊ ဆဲ့နှစ်တန်၊ ဆယ်တန်တို့၌ကောင်း၏။ စနေမှသုံးတန်၊ ငါးတန်၊ ခုနစ်တန်၊ ဆယ်တန်၊ ဆဲ့တတန်၊ ကိုးတန်တို့၌ကောင်း၏။ တနင်္ဂနွေမှရှစ်တန်၊ ဆဲ့နှစ်တန်၊ ဆဲ့တတန်တို့၌ကောင်း၏။ ကြာသပတေးမှကိုးတန်၊ ဆယ်တန်၊ ဆဲ့တတန်၊ ရှစ်တန်၊ ငါးတန်တို့၌ ကောင်း၏။ ဗုဒ္ဓဟူးမှသုံးတန်၊ ခြောက်တန်၊ ငါးတန်၊ ဆဲ့တတန်၊ ကိုးတန်တို့၌ကောင်း၏။ အင်္ဂါမှငါးတန်၊ ဆဲ့တတန်၊ ဆဲ့နှစ်တန်၊ သုံးတန်၊ ခြောက်တန်၊ ကိုးတန်တို့၌ကောင်း၏။

၇၈—စနေ၏ဝဂ္ဂသုဒ္ဓိအဖြေ။

(၂၃၆) စနေနောက်ပါး၊ သုံးနှင့်ငါး၊ ခြောက်ပါးတဆဲ့တစ်။

(၂၃၇) အင်္ဂါနောက်ဆယ်းဆဲ့နှစ်ချယ်၊ ကြွင်းဝယ်ရှေးနည်းဖြစ်။

(၂၃၈) ဂဠုန်နောက်တွင်၊ ကိန်းလေးခွင်၊ ရှစ်ခွင်ဆဲ့တစ်နှစ်။

(၂၃၉) ပူးမင်း၏နောက်၊ ဆဲ့နှစ်ကောက်၊ ခြောက်နှင့်တဆဲ့တစ်။

(၂၄၀) စန်းယုန်မင်းနောက်၊ ဆဲ့တစ်ရောက်၊ သုံးခြောက်အတန်ဖြစ်။

(၂၄၁) လင်္ဂါမှနောက်မူ၊ စန်းအတူ၊ လေးဆူ ဆယ်နှင့်တစ်။

(၂၄၁) ကြွက်မင်းနေ့ဝက်ကား၊ ဆဲ့တပါး၊ ခြောက်ငါး တဆဲ့နှစ်၊
(၂၄၂) ဆင်နေ့ဝက်ဆဲ့နှစ်၊ ခြောက်ဆဲ့တစ်၊ ကိုးရှစ် ဆယ်တန့်ဖြစ်။
(၂၄၃) ဆိုခဲ့ပြီးတုံ၊အတန့်ရုံ၊မြွေကြိုးဘောင်းစင်စစ်၊

ဝနေ့သည်မိမိမှသုံးတန့်၊ငါးတန့်၊ခြောက်တန့်၊ဆဲ့တတန့်တို့၌ကောင်း၏၊အင်္ဂါမှဆယ်တန့်၊ဆဲ့နှစ်တန့်၊သုံးတန့်၊ငါးတန့်၊ခြောက်တန့်၊ ဆဲ့တတန့်တို့၌ကောင်း၏၊ တနင်္ဂနွေမှ တတန့်၊လေးတန့်၊ခုနစ်တန့်၊ဆယ်တန့်၊ရှစ်တန့်၊ဆဲ့တတန့်၊နှစ်တန့်တို့၌ကောင်း၏၊သောကြာမှဆဲ့နှစ်တန့်၊ခြောက်တန့်၊ဆဲ့တတန့်တို့၌ကောင်း၏။ စန်းမှဆဲ့တတန့်၊ သုံးတန့်၊ ခြောက်တန့်တို့၌ကောင်း၏၊လက်မှဆဲ့တတန့်၊ သုံးတန့်၊ခြောက်တန့်၊လေးတန့်၊ဆယ်တန့်၊တတန့်တို့၌ကောင်း၏၊ကြာသပတေးမှဆဲ့တတန့်၊ခြောက်တန့်၊ ငါးတန့်၊ ဆဲ့နှစ်တန့်တို့၌ကောင်း၏၊ ဗုဒ္ဓဟူးမှဆဲ့နှစ်တန့်၊ခြောက်တန့်၊ဆဲ့တတန့်၊ကိုးတန့်၊ ရှစ်တန့်၊ဆယ်တန့်တို့၌ကောင်း၏။

၇၉—ဝဍ္ဍသုဒ္ဓိ၏အကျိုး၊

(၂၄၅) ဖြပြီးဘန့်ဂြိုဟ်၊ အကောင်းဆို၊ ကြွင်းကိုအဆိုးထား။
(၂၄၆) ဂေါစာအရ၊ရှစ်မျိုးပြ၊အဋ္ဌဝဂ်ဟုကြား၊

ခြံသော့ဂဏ္ဍုန်၊ မြွေဂြိုဟ်ဘုံစသည်ဖြင့် ဖြဆိုအပ်ပြီးသော အတန့်တို့၌တည်ရှိသော တနင်္ဂနွေစသော ဂြိုဟ်တို့သည် အကောင်း။ဖြဆိုအပ်ပြီးသည်မှကြွင်းသော အတန့်တို့၌ တည်ရှိသောတနင်္ဂနွေစသောဂြိုဟ်တို့သည် အဆိုးဟုပဟာဆိုရာ၏။

ဂေါစာဂြိုဟ်အရဂြိုဟ်တလုံးတလုံး၌ ရှစ်မျိုးရှစ်မျိုးစီ ဝေဘန်၍ဟောဆိုရာသောဟောနည်းကို အဋ္ဌဝဂ်ဟုခေါ်ဆိုသည်။

ဝဂ္ဂသုဒ္ဓိပိုင်းပြီး၏။

၁၀–အနဖာစသောယုဂ်လေးပါး။

(၂၄၇) အင်္ဂါစသော၊ ဂြိုဟ်ငါးဖြာ၊ ရှိရာတပါးပါး။
(၂၄၈) စန်းမှရေကာ၊ ဆဲ့နှစ်ကျ၊ အနဖာဟုထား။
(၂၄၉) သုနဖာဟု၊ နှစ်တန့်ကျ၊ ဒုရုဓုံနှစ်ပါး။
(၂၅၀) ကေမဒုလျှင်၊ ယင်းသုံးတွင်၊ မဝင်တမျိုးခြား။

တနင်္ဂနွေကိုကြဉ်၍၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သော်ကြာ၊ စနေဟူသော ဂြိုဟ်ငါးလုံးတို့တွင် တလုံးတလုံးသော ဂြိုဟ်သည်စန်းမှတဆဲ့နှစ်တန့်၌တည်မှုအနဖါယုဂ်၊ နှစ်တန့်၌တည်မှုသုနဖါယုဂ်၊ နှစ်တန့်၊ တဆဲ့နှစ်တန့် နှစ်မျိုးစုံ၌တည်မှုဒုရုဓရယုဂ်၊ နှစ်တန့်၊ တဆဲ့နှစ်တန့်တို့၌ ထိုဂြိုဟ်ငါးလုံးတို့တွင်တလုံးလုံးမျှမတည်မှုကားကေမဒုမယုဂ်မည်၏။

၁၁–အနဖာ-သုနဖာယုဂ်အဟော။

(၂၅၁) ဣန္ဒြေသုခ၊ ကျင့်သီလ၊ ကြီးဖွာဉာဏ်အမြင်။
(၂၅၂) ကျော်စောဖြစ်ချ၊ အနဖါ။ ယုဂ်မှာဟောစေခြင်း။
(၂၅၃) ပညာထင်ရှား၊ ဥစ္စာများ၊ ရခြားကိုယ့်စွမ်းအင်။
(၂၅၄) သုနဖါယုဂ်၊ မည်သမုတ်၊ မိန့်ထုတ်ကျမ်းဗေဒင်။

အနဖါယုဂ်၌ ဖွားသောသူသည် စက္ခုစသောဣန္ဒြေတို့၏ချမ်းသာခြင်းနှင့်ယှဉ်၏၊ ဖြို့ဟစ်ဒိုကာ အသိအားဖြင့်ရူပါရုံစသောငါးပါးသော အာရုံတို့၏ချမ်းသာခြင်းနှင့်ယှဉ်၏၊ တင့်တယ်ကောင်းမြတ်သောသီလရှိ၏၊ အပိတ်အပင် မရှိသိမြင်တတ်၏၊ ကျော်စောထင်ရှား၏၊ သုနဖာယုဂ်၌ ဖွားသော သူ

သည်ပညာရှိ၏၊ ကျော်စောထင်ရှား၏။ ဥစ္စာရှိ၏။ ထိုဥစ္စာကို မိမိအလိုလိုရှာကြံ၍ရ၏။

၈၂—ဒုရုဓရေ-ကေမဒုမယုဂ်အဟော။

(၂၅၆) ခစားများစွာ၊ ပေါဥစ္စာ၊ မှုမှာလုံ့လထုတ်။
(၂၅၇) စိတ်တက်ကြွမှု၊ ဟောရိုးပြု၊ ဒုရုဓရေယုဂ်။
(၂၅၈) မှုလုပ်ခစား၊ ဆင်းရဲပွား၊ ရှားပါးနှစ်ဥစ္စာ။
(၂၅၉ ဤသို့ဟောလေ၊ မှန်မသွေ၊ ကေမဒုမမှာ။

ဒုရုဓရေယုဂ်၌ ဖွားသောသူသည်များသောအခစားသူရှိအံ့။ ဥစ္စာပေါများအံ့။ အမှုကိစ္စအလုပ်အကိုင်ဟူသမျှ၌အားထုတ်အံ့။ တက်ကြွသောစိတ်ရှိအံ့၊ ကေမဒုမယုဂ်၌ ဖွားသောသူကားအခစားအမှုကိစ္စလုပ်ကိုင်သူဖြစ်အံ့၊ ကိုယ်စိတ်ဆင်းရဲအံ့။ ဥစ္စာမရှိဖြစ်အံ့၊

၈၃-သုနဖါစသောယုဂ်သုံးမျိုး၌ပြိုဟ်အဟော၊

(၂၆၀) သုအဒုရု၊ ယုဂ်သုံးခု၊ ရမှုပြိုဟ်အင်္ဂါ။
(၂၆၁) ခိုးတတ်ထက်မြက်၊ ဗေဒင်ထွက်၊ ဟောမြွက်ယင်းဇာတာ၊
(၂၆၂) ဥစ္စာဉာဏ်ရှိ၊ သိမ့်မွေ့ဘိ၊ မှတ်သိဆွင်မင်းမှာ၊
(၂၆၃) ချမ်းသာစိုးရ၊ အကျိုးပ၊ ဟောကြ ပြိုဟ်သောကြာ။
(၂၆၄) မင်းပူဇော်ပြု၊ ဂုဏ်ပေါင်းစု၊ မှတ်ရှုကြွက်ရာဇာ၊

အင်္ဂါပြိုဟ်သုနဖါအနဖါ ဒုရုဓရေယုဂ်ခသော ဇာတာရှင်သည်ခိုးတတ်အံ့၊ ကြမ်းထမ်းထက်မြက်အံ့ ၊ ဗုဒ္ဓဟူးပြိုဟ်သုနဖါ၊ အနဖါ ဒုရုဓရေယုဂ်ရသောသူသည် များသော ဥစ္စာရှိအံ့။ ဉာဏ်ပညာရှိအံ့၊ သိမ့်မွေ့အံ့၊ သောကြာပြိုဟ်သုနဖါအနဖါဒုရု

ရေယုဂ်ရသောသူသည်ချမ်းသာအံ့။အစိုးရအံ့။ ကြွသပတေး ဂြိုဟ်သုနဖါအနုဖါဒုရုဓရေယုဂ်ရသော သူသည်ကားမင်းအပူ ဇော်ခံရအံ့။အဟ္ဟ။ခမ္မ။သုခ။ ဘောဂဟူသော ဂုဏ်အပေါင်း တို့၏တည်ရာဖြစ်အံ့။

(၂၆၄) မြွေမင်းနဂါး။ယုဂ်သုံးပါး။ရပြောအဟောမှာ။

(၂၆၅) လုံ့လခစား၊ဂုဏ်ကြီးမား။အများပူဇော်ရာ။

(၂၆၆) ဂြိုဟ်များအတူ၊အကျိုးယူ။များလူဖွားဇာဘာ။

စနေဂြိုဟ် သုံနဖါ အနဖာဒုရုဓရေယုဂ်ရသော ဇာတာရှင် သည်အမှုကိစ္စတို့၌ များစွာအားထုတ်တတ်၏။ ခစားသူများ စွာရှိ၏။ဂုဏ်တို့ဖြင့်ကြီးမြင့်၏။ သူခပ်သိမ်းတို့ပူဇော်အပ်၏။ သုနဖါ အနုဖါဒုရုခရေယုဂ်ကို ရသောယောကျ်ား မိန်းမများ သည်ဂြိုဟ်တို့၌ရှိသောအကျိုးဂုဏ်တို့နှင့်တူမျှသောအကျိုး ဂုဏ်တို့ကိုရကုန်၏။

၁၄–တနင်္ဂနွေ၏အခရာ။

(၂၆၇) ဂဋ္ဌုန်မှချွင်။တန်နှစ်ခွင်၊ခေါ်တွင်ဝေသိယာ။

(၂၆၈) ယဝနဆရာ တနည်းမှာ။ သညာအမည်ပြု။

(၂၆၉) ဝေဋ္ဌယှဉ်ရာ။ယတြာ။ ယင်းမှာချီးမွမ်းပြု။

တနင်္ဂနွေမှနှစ်ရာမြောက်သောအတန့်ကို ဝေသိမည်၏ဟူ၍ယဝနဆရာသည်မိန့်ဆိုအပ်၏။ ထိုဝေသိမည်သော ရာသီ ကိုမွေးဖွားသောအခါဇာတာတွင်အားရှိ၍ကောင်းသော ဝေဋ္ဌဂြိုဟ်တို့နှင့်ယှဉ်ရာ။ယတြာတို့၌ချီးမွမ်းအပ်သတည်း။

၁၅–ဂြိုဟ်နှစ်ခုပူးအဟော။

(၂၇၀) ယနှယ်ယားကျောက်၊ မှုဘတ်မြောက်၊ ယူကော် စန်းငွေယုန်။

(၂၇၁) မကောင်းမှုနေ့၊ပြုဟ်ခြသော့။သိမ်မွေ့ဆင်စွယ်ရုံ။

(၂၇၂) ဆီးဝါးကြမ်းကြုတ်၊ သူ့မှုလုပ်၊ ဟောထုတ်ကြွက်နှင့်ကြို။

(၂၇၃) မင်းထံစစ်ထိုး၊လက်ဖွေ့ထိုး၊တီးမျိုးဘာအခံ။

(၂၇၄) ဆေးဆိုးများမှ၊ဉစ္စာရ။ဟောကြပူးနှင့်ဆုံ၊

(၂၇၅) ဖွေငွေစခါတ်။ကျွမ်းကျင်တတ်၊မွေ့မြတ်နဂါးကြို၊

(၂၇၆) ဂဠုန်ယှဉ်ရာ။ ပြုဟ်ခြောက်ဖြာ။ဟောပါစိတ်ကယုံ။

တနင်္ဂနွေပြုဟ်သည် တနင်္လာနှင့်ပူးမူ။ ယန္တယားအမှုကိစ္စ၊ကျော်အမှုကိစ္စတို့၌ လိမ္မာကျွမ်းကျင်၏၊အင်္ဂါနှင့်ပူးမူမကောင်းမှု၌မွေ့လျော်၏။ဗုဒ္ဓဟူးနှင့်ပူးမူအမှုကိစ္စ၌သိမ်မွေ့စွာမြင်၏။ ကြာသပတေးနှင့်ပူးမူကြမ်းကြုတ်ခြင်း၊ သူတပါးအမှု၌မွေ့လျော်ခြင်းကိုပြု၏။သောကြာနှင့်ပူးမူမင်းထံမှဉစ္စာရ၏။စစ်ထိုးခြင်း။လက်ဖွေ့ထိုးခြင်း၊ဆေးဆိုးခြင်းတို့မှလည်းဉစ္စာရ၏။ခရသင်းစသော တူရိယာသဘင်တို့ဖြင့်လည်းဉစ္စာရ၏။စနေနှင့်ပူးမူရွှေငွေစသောခတ်တို့၌လည်းသိကျွမ်းလိမ္မာ၏၊

(၂၇၇) တွဲယှဉ်အင်္ဂါ၊ စန်းယုန်မှာ၊ လိမ္မာအမျိုးတွင်။

(၂၇၈) ဆင်နှင့်ယှဉ်ပြား၊ ချစ်စကား၊ပြောကြားသူစွမ်းအင်၊

(၂၇၉) ကြွက်နှင့် ယှဉ်ဘက်၊ အမျိုးထက်၊ တိုးတက်ကျော်စောထင်၊

(၂၈၀) ပုဏ္ဏားနှင့်ယှဉ်လတ်၊ ရောင်းဝယ်တတ်၊ အဝတ်အ
ထည်တွင်။ ၄

(၂၈၁) မြွေနှင့်ယှဉ်ဖြား၊ သယောက်သား၊ ပေါက်ဖွား
ဓာတာရှင်။

စန်းသည်အင်္ဂါနှင့်ယှဉ်မှုအမျိုး၌ လိမ်မာ၏။ ဗုဒ္ဓဟူးနှင့်ယှဉ်မှု ချစ်ဘွယ်သောစကား ကိုပြောဆိုတတ်၏။ ကြာသပတေးနှင့်ယှဉ်မှု အမျိုးထက်ပိုလွန်၍ ထင်ရှား၏။ သောကြာနှင့်ယှဉ်မှုအဝတ်ပုဆိုးအထည်တို့ကို ရောင်းဝယ်ကုန်သွယ်ခြင်း၌လိမ်မာ၏။ စနေနှင့်ယှဉ်မှု မယားငယ် လင်ငယ်နှင့်ပေါက်ဖွားသောသယောက်သားသို့်ဖြစ်၏။

(၂၈၂) ပြိုဟ်မင်းခြသေ့်၊ ဆင်ယှဉ်တွေ့၊ လက်ဝှေ့သ
မားဆို။

(၇၈၃) ကြွက်နှင့်ယှဉ်လတ်၊ ပညာတတ်၊ မြဲမှတ်များလူ
ဗိုလ်။

(၂၈၄) ပုဏ္ဏားနှင့်ယှဉ်ဖြား၊ သူ့မယားဖြစ်ပွားရာဂရို။

(၂၈၅) မြွေနှင့်ယှဉ်တွဲ၊ ရှေးကံနဲ၊ ဆင်းရဲဒုက္ခပို။

အင်္ဂါသည်ဗုဒ္ဓဟူးနှင့်ယှဉ်မှု လက်ပန်း လက်ဝှေ့သမားဖြစ်၏။ ကြာသပတေးနှင့်ယှဉ်မှု ပညာတတ်၏။ သောကြာနှင့်ယှဉ်မှုသူတပါးမယားကိုချစ်ကြိုက်တတ်၏။ စနေနှင့်ယှဉ်မှု ဆင်းရဲ၏။

(၂၈၆) ကြွက်နှင့်ယှဉ်ဆင်၊ သိချင်းတွင်၊ ပုဏ္ဏားလျှင်ပညာ
တတ်။

(၂၈၇) မျက်လှည့်မာယာ၊ ကျွမ်းလိမ်မာ၊ ယှဉ်ရာနဂါး
နတ်၊

ဗုဒ္ဓဟူးသည်ကြာသပတေးနှင့်ယှဉ်မူသီချင်း၌လိမ်မာ၏။ သောကြာနှင့်ယှဉ်မူ ပညာတတ်၏။ စနေနှင့်ယှဉ်မူဗျာည့်ပတ်တတ်၏။ မျက်လှည့်အတတ်ကိုလည်းတတ်၏။

၂၈၈) ကြွက်ပုံ့နှင့်ဆုံ၊ များစွာဂုဏ်၊ မြွေကြိုး အိုးလုပ်သွား။

(၂၈၉) မိုးမမှပင်၊ ဥစ္စာမြင်၊ ပူးလျှင်မြေနှင့်ငြား။

(၂၉၀) ဂြိုဟ်နှစ်လုံးတူ၊ သုံးလုံးမူ၊ နည်းယူဟောမြွက်ကြား။

ကြာသပတေးသည်သောကြာနှင့်ယှဉ်မူ များသောဂုဏ်ရှိ၏၊ စနေနှင့်ယှဉ်မူ အိုးဝိုင်းသည်ဖြစ်၏။ သောကြာသည် စနေနှင့်ယှဉ်မူကား၊ မိုးမမှများစွာဥစ္စာရ၏။ ဂြိုဟ်သုံးလုံးတို့ ပူးယှဉ်ရာ၌လည်း ဂြိုဟ်နှစ်လုံးယှဉ်သည်နှင့် နည်းတူ အကျိုးတို့ကိုဟောရာသတည်း။

၈၆—ပဗ္ဗဇ္ဇယုဂ်အဟော။

(၂၉၁) လေးလုံးစတုံ၊ ဂြိုဟ်ပေါင်းဆုံ၊ တဘုံရာသီစက်။

(၂၉၂) ပဗ္ဗဇ္ဇယုဂ်၊ ခေါ်သမုတ်၊ ကျမ်းထုတ်မိန့်ဆိုမြွက်။

(၂၉၃) အားရှိဂြိုဟ်တူ၊ ရဟန်းဟူ၊ များမူရှေးဂြိုဟ်ဘက်၊

တရာသီတည်း၌ ဂြိုဟ်လေးလုံးပေါင်းဆုံ၍တည်သည်ကို ပဗ္ဗဇ္ဇယုဂ်ခေါ်၏။ ထိုဂြိုဟ်လေးလုံးတို့တွင် နောက်ဆိုလတ္တံ့နည်းအတိုင်း၊ အားရှိသောဂြိုဟ်၏ရဟန်းအဖြစ်ကိုပြု၏။ အားရှိသော ဂြိုဟ်များမူကား၊ ရှေးကျသောဂြိုဟ်၏ ရဟန်းမျိုးဖြစ်၏။

၈၇—ရဟန်းမျိုးအပြား။

(၂၉၄) ရသေ့ဂဠုန်၊ ပြည့်စန်းကြုံ၊ နီရုံဝတ်ခြံသေ့။

(၇၉၅) တကၠတြွန္းဆင္၊ မႈုးကြြက္ပင္၊ ပုးလ်ွင္ဖ်ာည့္သည္ ေလ့။
(၂၉၆) အဝတ္ကာင္းစင္၊ ေမြမင္းပင္၊ ေပွာသ်ွင္လြွမ ေတြွ။
(၂၉၇) အားရွိပြိုဟ္လ်ွင္၊ စစ္ပြဲတြင္၊ ႐ႈံးလ်ွင္လူသိုႏ္ွေ။
တနဂၤႏ္ွၿဂိုဟ္အားရွိမူ ခေသ့ရဟာန္း၊ တနင္းလာၿဂိုဟ္ အားရွိမူဗုဒၶသာဝကတပည့္ရဟာန္း။ အဂၤါၿဂိုဟ္ အားရွိမူအ ဝတ္နီဝတ္ေသာရဟာန္း၊ ဗုဒၶဟူးၿဂိုဟ္အားရွိမူ တကၠတြန္း ရဟာန္း၊ ၾကာသပေတးၿဂိုဟ္အားရွိမူ ဘိကၡဳမည္ေသာရဟာန္း အမ်ိဳး၊ ေသာၾကာၿဂိုဟ္အားရွိမူစရကမည္ေသာ လွည့္လည္ ေလ့ရွိေသာရဟာန္း။ စေနၿဂိုဟ္အားရွိမူ အဝတ္မဝတ္ေသာ ရဟာန္းျဖစ္အံ့ဟုေဟာရမည္။ ပဗၺဇၨယဂ္မည္ေသာ ၿဂိုဟ္ေလး လုံးတို႔တြင္ အားရွိေသာၿဂိုဟ္သည္ စစ္ထိုး၍႐ႈံးမူ ရဟာန္း ျဖစ္ေသာ္လည္းလူအျဖစ္သို႔ေ႐ြွေလ်ာကၽြးေျပာင္းေလ၏။

ဂဂ-တာနည္းရဟာန္းမ်ိဳးအျပား။

(၂၉၈) သစ္ခြက္ဗုဒၶ၊ ေတာင္ေဝွးျပ၊ သုံးခြက္လက္စြဲ၊
(၂၉၉) အဝတ္ကင္းပ၊ ဂဋႆနွ်မွ၊ စ၍စဥ္တနဲ႔။
တနဂၤႏ္ွၿဂိုဟ္အားရွိမူ သစ္သီးသစ္ရင္းစားေသာရဟာန္း၊ တနင္းလာၿဂိုဟ္ အားရွိမူ ခြက္သပိတ္လက္စြဲေသာ ရဟာန္း။ အဂၤါၿဂိုဟ္အားရွိမူ ဗုဒၶမည္ေသာရဟာန္း၊ ဗုဒၶဟူးၿဂိုဟ္အား ရွိမူ ေတာင္ေဝွးဒုတ္တေခ်ာင္းကိုင္ေသာ ရဟာန္း၊ ၾကာသပ ေတးၿဂိုဟ္အားရွိမူ သစ္သားသုံးခြက္ကိုင္ေသာ ပရိဗိုဇ္ရဟာန္း။ ေသာၾကာၿဂိုဟ္အားရွိမူ၊ စက္လက္စြဲလ်က္ သြားလာလွည့္ လည္းေသာပိဏၰာေဇာ္ကီရဟာန္း၊ စေနၿဂိုဟ္အားရွိမူ အဝတ္

မဝတ်သောရဟာန်းဟူ၍ ပဗ္ဗဇ္ဇယက်တွင်ရှိသော ဂြိုဟ်ကိုရှု၍ ဟောရာ၏။

၉၉-ရဟာန်းမဖြစ်သောပဗ္ဗဇ္ဇယက်။

(၃၀၀) ယက်ပဗ္ဗဇ္ဇိ၊နေရောင်ထိ၊ ကွယ်ဘိယင်းသဘော။

(၃၀၁) စစ်ရှုံးဂြိုဟ်မြင်၊ရှိအားအင်၊လိုချင်မျှသာဟော။

ပဗ္ဗဇ္ဇယက်ဖြစ်၍တည်သော ဂြိုဟ်တို့ကို တနင်္ဂနွေဂြိုဟ်၏ အရောင်သည် ထိရောက် သွမ်းအုပ်ခဲ့မူ။ ယင်းပဗ္ဗဇ္ဇယက် သဘောသည် ကွယ်ပျောက်လေသဖြင့်ရဟာန်းအဖြစ်ကို မရ ရောက်နိုင်တော့ပြီ၊ ။ပဗ္ဗဇ္ဇ ယက် အဖြစ်၌ တည်၍ အားရှိသောဂြိုဟ်တို့သည်၊တပါးသော ဂြိုဟ်တို့နှင့် စင်ထိုး၍ ရှုံးကုန်သော်ငြား၊ ထိုအားရှိသောပဗ္ဗဇ္ဇဂြိုဟ်တို့ကိုပင် တပါးသော ဂြိုဟ်တို့သည် မြင်ကုန်သော်ငြား၊ ရဟာန်း အဖြစ်ကို တောင့်တရုံသာဖြစ်နိုင်တော့၏။ရဟာန်းမူကား မဖြစ်နိုင်တော့ပြီ။ ။

၉၀-မင်းနှင့်တူသောယက်အဟော။

(၃၀၂) ရာသီတချ၊လေးဂြိုဟ်ရ၊တနှုကိုးငါးနှစ်။

(၃၀၃) ကျွန်မဉ္စပင်၊ဖွားသန့်စင်၊မင်းလျှင်အတူဖြစ်၊

ရာသီတခု၌ဂြိုဟ်လေးခုတို့ရပြိုင်၍တည်မူ။ထိုဇာတာရှင် သည်ပြည့်ရှင်မင်းနှင့်တူမျှသော ကောင်းကျိုးကိုရရာ၏။ တ နည်းလည်းလဂ်နေရာသီလဂ်မှကိုးတန့်၊ငါးတန့်၊ နှစ်တန့်တို့၌။ ဂြိုဟ်ဘည်မူပြည့်ရှင်မင်းနှင့်တူမျှသောစည်းစိမ် ကောင်းကျိုး ကိုရနိုင်၏။

၉၁-စရ-စသည်၌စန်းအဟော။

(၃၀၄) စရရပ်ခွင်၊စန်းယှန်ဝင်၊ဗေဒင်နည်းအရ။

(၃၀၅) စည်းစိမ်မတည်၊မိတ်မတည်၊သေည်အကျိုးပြ။
(၃၀၆) ထိုရင်နီးဟူ၊ရှေးနည်းမူ။ပြန်ယူကောင်းကျိုးချ။

စရရာသိဋ္ဌိစန်းတည်မူ စည်းစိမ်မတည်ဖြစ်အံ့။ ငိတ်ဆွေလည်းမတည်အံ့၊ အလုပ်အကိုင် မတည်တန့်ဖြစ်အံ့၊ ဖုည့်လည်သောအလေ့ရှိအံ့။ ရွှေ့ပြောင်းလှုပ်ရှားတတ်အံ့။ ထိုရောသိဋ္ဌိစန်းတည်မူကား။ရှေးနည်းကိုအပြန်ယူ၍ စည်းစိမ် တည်တန့်အံ့။မိတ်ဆွေလည်းတည်တန့်အံ့၊စသည်ဖြင့် ကောင်းကျိုးကိုသာဟောဆိုရာ၏။

(၃၀၇) ဒွိသဘာဝတွင်၊စန်းယှဉ်ဝင်၊ပေါ်ထင်,လုံ့လပွား။
(၃၀၈) မျှားကိစ္စပြု၊အကျိုးရ၊မှတ်ရှုလူအများ။
(၃၀၉) သူ့သဘောမျှ၊ ရှုဟောကြ။နရစသည့်ကား။

ဒွိသဘာဝရာသိဋ္ဌိစန်းတည်မူကားထင်ပေါ်ကျော်စောရှိအံ့။ လုံ့လအားထုတ်အံ့၊ အမှုအမျိုးမျိုးကိုလုပ်ကိုင်အံ့။ မေထုန်၊ ကန့်,ဘူ,ကုံလေးရာသီ၊ဓနုရာသီ၏ရှေ့ထက်ဝက်ဟူသောနရရာသိဋ္ဌိစန်းတည်မူမြို့ရွာကိုချစ်၏။ တောအရပ် မြစ်ချောင်းစသောရေအရင်ကိုကြောက်၏။မိဿ၊ပြိဿ၊သိဟ်၊သုံးရာသီ၊ဓနုရာသီ၏ နောက်ထက်ဝက်၊ မကာရရာသီ၏ ရှေ့ထက်ဝက်ဟူသောပသုရာသိဋ္ဌိစန်းတည်မူ တောတောင်အရပ်ကိုချစ်၏။ မြို့ရွာ အရပ် ချောင်းမြစ်စသော ရေအရပ်ကို ကြောက်၏။ ကရကဋ်၊မိန်၊မကာရရာသီ၏နောက်ထက်ဝက်ဟူသောဇလစရရာသိဋ္ဌိစန်းတည်မူမြစ်ချောင်းစသော ရေအရင်ကိုချစ်၏။ မြို့ရွာတောတောင်ကိုကြောက်၏။ ဗြိစ္ဆာဟူသောကီဋရာသိဋ္ဌိစန်းတည်မူကားမြို့ရွာတောတောင်အရင်ကိုချစ်သတည်း။ ဤသို့နရရာသီ-လူ၊ ပသုရာသီ-သား၊ဇလစရရာသီရေသတ္တဝါ၊

ကိဥရာသီ၊ ကင်းမြီးကောက်ဟူ၍ မှတ်ပြီးလျှင် ရာသီ၏သဘောကိုရှု၍ဟောရာ၏။

၉၂—ဂြိုဟ်မြင်ခြင်း၏အကျိုး။

(၃၁၀) စန်းရာသီရှင်၊စန်းကိုမြင်၊မင်းလျှင်ဖြစ်အံ့ဟော၊

(၃၁၁) စန်းရှင်မိတ္တ၊မြင်ပြန်က၊များလှဉစ္စာပေါ၊

(၃၁၂) စန်းဒေက္ကာဏ်ရှင်၊စန်းကိုပင်ရှုမြင်ဥစ္စာပေါ၊

စန်းတည်သောရာသီ၏အရှင်ဂြိုဟ် သည်စန်းကိုမြင်မူမင်းဖြစ်အံ့၊စန်းတည်သောရာသီရှင်၏မိတ်ဂြိုဟ်သည်၊စန်းကိုမြင်မူ၊ဉစ္စာပေါအံ့၊ စန်းတည်သောဒေက္ကာဏ်၏အရှင်ဂြိုဟ်သည်၊ စန်းကိုမြင်လျှင်မူလည်းဉစ္စာပေါများအံ့။

(၃၁၄) ရာသီအရှင်။ဒေက္ကာဏ်ရှင်၊ဖြစ်လျှင်ဂြိုဟ်သောမ၊

(၃၁၅) ကောင်းကျိုးကိုယူ။ပါပဟူ၊ဖြစ်မူဉစ္စာပေါ၊

ရာသီ၏အရှင်ဂြိုဟ်၊ဒေက္ကာဏ်၏အရှင်ဂြိုဟ်သည်သောမဂြိုဟ်ဖြစ်မူ ကောင်းကျိုးကိုရ၏။ ထိုရာသီ၏အရှင်၊ ဒေက္ကာဏ်၏အရှင်ဂြိုဟ်သည်ပင်ပါပဂြိုဟ်ဖြစ်မူကား၊မကောင်းကျိုးကိုရ၏။

၉၃—ရာသီ၏အရေဟော။

(၃၁၃) ကိုယ်စသည်မှာ၊ သောမသာ၊ မှန်စွာ ကောင်းကျိုးရ။

(၃၁၆) ပါပဂြိုဟ်များ၊ခိုလာငြား၊ဆိုးဝါးယုတ်မာလှ။

(၃၁၇) ခြောက်အတန့်တွင်၊ သောမဝင်၊ အောင်မြင်ရန်ဟူက။

(၃၁၈) ဗျာယရှစ်မှာ၊ဂြိုဟ်နှစ်ဖြာ၊ခိုလာအဆိုးပြ၊

ရာသီပိုင်း၌ပြဆိုခဲ့ပြီးသည့်အတိုင်း။ လဂ်နေရာသီကစ၍

တနု-ခနုငသောရာသီတို့တွင်လဂ်နေသောတနုရာသီ (ကိုယ်ရာသီ)၌သောမဂြိုဟ်တည်မူ ထိုဇာတာရှင်၏ ကိုယ်ကာယသည်လှပကျန်းခိုင်၏။ပါပဂြိုဟ်တည်မူကားမလှပမကျန်းခိုင်ဟုဟောရမည်။ ခနု-သဟဇငသောတဆဲ့တရာသီတို့၌လည်းနည်းတူသိရာ၏၊ လဂ်မှခြောက်တန်၌သောမဂြိုဟ်တည်မူရန်သူကိုအောင်မြင်နိုင်၏၊ ဆဲ့နှစ်တန်၊ရှစ်တန်တို့၌သောမ၊ ပါပဂြိုဟ်နှစ်မျိုးတို့ တည်ကုန်မူကား။မကောင်းကျိုးကိုသာ ပေးတတ်ကုန်၏။

၉၄—လဂ်၌စန်းတည်သောအကျိုး။

(၁၂၁) မိသ်,ဗြိသ်,ကရကဋ်၊ ဤသုံးရပ်၊ တည်လတ်စန်းနှင့်လဂ်၊

(၁၂၂) ဥစ္စာကြွယ်ဝ၊ ဆင်းလည်းလှ၊ ရေးကကုသိုလ်ဘက်၊

(၁၂၃) ကြွင်းသည့်ကိုးခွင်၊ လဂ်ရောက်ဝင်၊ စန်းလျှင်ကဏ္ဍာပက်။

(၁၂၄) အင်္ဂါချို့အ၊ဆင်းရဲရ၊ ကျမ်းကထင်ရှားထွက်။

မိသ၊ဗြိသ၊ကရကဋ် ဤသုံးရာသီ၌ စန်းနှင့်လဂ်တည်ရှိမူ ဥစ္စာများစွာနှင့်အံ့၊ အဆင်းလည်းလှအံ့။ ကြွင်းသည့်ကိုးရာသီ၌လဂ်တည်၍။ စန်းမူကားကဏ္ဍာ (သွေ့တ်) ပက္ခ၌ပင်နုစန်းဖြစ်၍တည်အံ့။ အင်္ဂါချို့ခြင်း၊ဆွံ့အခြင်း၊ ဆင်းရဲခြင်းသည်ဖြစ်၏။

၉၅—လဂ်၌တနင်္ဂနွေတည်သောအကျိုး။

(၁၂၅) မိသ်,သိဟ်,ကရကဋ်၊ပယ်ကြဉ်အင်၊ ကြွင်းရပ်လဂ်ဝင်နှံ။

(၃၂၄) မျက်စိမသန့်၊ချိုတဲ့ပြန်၊ရေးကံအကျဟုနှ်၊
(၃၂၅) သိဟ်ရာသီဇာ၊ ကြက်မျက်နာ၊ မိသ်ဇာမျက်စိ မှုန်။
(၃၂၆) ကရကာဋ်ဇာ၊ တည်ရောက်လာ၊ပြူးရာမျက်စိပုံး
(၃၂၇) ဆဲ နှစ်အခန်း၊ဂဠုန်စန်း၊မျက်စိကန်းတို့ကြုံ၊

မိသ၊သိဟ်၊ကရကာဋ်သုံးရာသီကိုကြဉ်၍ ကြွင်းကိုးရာသီတို့၌လဂ်တနင်္ဂနွေဘည်မူမျက်စိမသန့်ရှိအံ့၊သိဟ်ရာသီ၌သဂ်တနင်္ဂနွေတည်မူ ကြက်မျက်သင့်နာရေအံ့၊ မိသရာသီ၌လဂ်တနင်္ဂနွေတည်မူ မျက်စိမှုန်အံ့၊ ကရကာဋ်၌ လဂ်တနင်္ဂနွေဘည်ရောက်မူကားမျက်စိပြူးအံ့။လဂ်မှဆဲ နှစ်တန်၌တနင်္ဂနွေသော်ရင်း။စန်းသော်ရင်းတည်မူမျက်စိကန်းအံ့။

၉၆-ဥစ်စသည်၌တည်သောဂြိုဟ်၏အကျိုး။

(၃၂၈) မိတ်သစ်ကြိဥစ်၊လေးမျိုးလုပ်၊ ဖေါ်ထုတ်အပါဒ် အား။
(၃၂၉) တဆာနှစ်ဆ၊ သုံးလေးဆ၊ ဘော်ပြကောင်းကျိုး ထား။
(၃၃၀) ရန်၏ခေတ်ကြုံ၊ ကျိုးနည်းတုံ၊ ဂဠုန်ရော်မှုကား။
(၃၃၁) မကောင်းကျိုးပင်၊ ကောင်းကျိုးစင်၊ ဗေဒင်မိန့် ဆိုကြား။

မိမိမိတ်အိမ်၌ တည်သော ဂြိုဟ်သည် တဆ(တပါဒ်) ကောင်းကျိုးကိုရ၏၊ကသစ်အိမ်၌တည်သော ဂြိုဟ်သည် နှစ်ဆကောင်းကျိုးကိုရ၏၊မူလတြိကုဏ်းအိမ်၌တည်သောဂြိုဟ်သည်သုံးဆကောင်းကျိုးကိုရ၏။ ဥစ်အိမ်၌တည်သော ဂြိုဟ်သည်ကားအပြည့်အစုံလေးဆ(လေးပါဒ်)(လေးပုံ)အကျိုးရှိ

သမျှသော ကောင်းကျိုးကိုရ၏။ ရန်အိမ်၌တည်သော ဂြိုဟ်သည်နည်းသောကောင်းကျိုးကိုရ၏။ ထိုရန်အိမ်၌တည်သော ဂြိုဟ်သို့ဘနက်၌ ဂြိုဟ်ပူးရောက်မှုကားတရုံတခုသောကောင်းကျိုးကိုမျှမရတော့ပြီ။

၉၇–မိဿစသောနဝင်း၏အကျိုး။

(၃၃၂) မိဿမှာခိုးသူ။ ပြိဿစားဟူ၊ မေမှုပညာတတ်၊
(၃၃၃) ကရကဋ်မှာ၊ များဥစ္စာ၊ သိဟ်မှာဘုရင်မြတ်။
(၃၃၄) . ကန်နပုန်းယူ၊ ရဲရင့်တူ၊ ပြိစ်မှုဆင်းရဲကပ်၊
(၃၃၅) နုဖျက်ဆီးရာ၊ မ–ယုတ်မာ၊ ကုံမှာကြမ်းကြုတ်တတ်၊

(၃၃၆) အမြတ်မိန်တွင်၊ ဆဲ့နှစ်ခွင်။ လဂ်တွင်နဝင်းမှတ်

ဆဲ့နှစ်ရာသီတို့တွင် တခုခုသော ရာသီ၌လဂ်တည်၍မိဿနဝင်း၌ဖွါးမူခိုးသူဖြစ်အံ့။ ပြိဿနဝင်း၌ဖွားမူအစားကြူးသူဖြစ်အံ့၊ မေထုန်နဝင်း၌ ဖွားမူပညာတတ်အံ့။ ကရကဋ်နဝင်း၌ ဖွားမူဥစ္စာများစွာရှိအံ့၊ သိဟ်နဝင်း၌ ဖွားမူမင်းဖြစ်အံ့။ ကန်နဝင်း၌ဖွားမူ နပုန်းဖြစ်အံ့။ တူနဝင်း၌ ဖွားမူရဲရင့်အံ့၊ ပြိစ္ဆာနဝင်း၌ဖွါးမူဆင်းရဲအံ့။ဓနုနဝင်း၌ဖွားမူသူ့ဘပါးကိုဖျက်ဆီးတတ်အံ့၊ မကာရနဝင်း၌ ဖွားမူယုတ်မာအံ့၊ ကုံနဝင်း၌ ဖွားမူကြမ်းကြုတ်အံ့။ မိန်နဝင်း၌ဖွားမူမြင့်မြတ်သူဖြစ်အံ့၊

၉၈–ကာသစ်၏အကျိုး။

(၃၃၇) အမျိုးနှင့်တူ၊ တဖွင့်ဟူ၊ နှစ်မှုမျိုးထက်မြတ်၊
(၃၃၈) မိတ်ဆွေ ပူဇော်၊ သုံးပွင့်ပေါ်။ လေးသော်ဥစ္စာမှတ်၊

(၃၃၉) ငါးစည်းစိမ်ချောက်၊မင်းဝင္ခြောက် ခွန်ဘောင်
မင်းဖြစ်တတ်။
(၃၄၀) ကသစ်ဟောရန်။ အကျည်းဘန်၊ ကျမ်းဂန်ဆို
ဆုံးဖြတ်။
ကသစ်တပွင့် ရမူအမျိုးနှင့်တူ၏။ နှစ်ပွင့်ရမူအမျိုးထက်
လွန်မြတ်၏၊ သုံးပွင့်ရမူမိတ်ဆွေတို့ အပူဇော်ကိုခံရ၏၊လေး
ပွင့်ရမူ ဥစ္စာများစွာရှိ၏၊ငါးပွင့်ရမူ စည်းစိမ်ချမ်းသာကိုရရှိ
၏။ ခြောက်ပွင့်ရမူမင်းနှင့်တူ၏။ ခုနစ်ပွင့်ရမူကား စင်စစ်ဧ
ကန်မင်းဖြစ်၏။

၉၉–မိတ်၏အကျိုး။

(၃၄၁) သူ့ကိုမှီတစ်။မိတ်မှာနှစ်။သုံးဖြစ်မျိုးဇာတ်ကို၊
(၃၄၂) ဆွေမှီသက်မွေး။ မိတ်ရလေး။ ကြီတွေးကျမ်းအ
လို။
(၃၄၃) ငါးဂိုဏ်းအရှင်၊ ခြောက်အားရှင်၊ ခွန်လျှင်မင်း
ဖြစ်ဆို။
(၃၄၄) မိတ်ပြိုဟ်အရ၊အကျည်းမျှ၊လင်းပြကျမ်းအဆို။
မိတ်တခုရမူသူတပါးကိုမှီ၍ အသက်မွေးရအံ့၊ မိတ်နှစ်ခု
ရမူမိတ်ဆွေကိုမှီ၍ အသက်မွေးရအံ့၊ သုံးခုရမူအမျိုးကိုမှီ၍
အသက်မွေးရအံ့၊ လေးခုရမူ အဆွေခင်ပွန်းကိုမှီ၍ အသက်
မွေးရအံ့၊ငါးခုရမူဂိုဏ်း၏အရှင်ဖြစ်အံ့၊ခြောက်ခု ရမူအားအ
ရှင်ဖြစ်အံ့၊ခုနစ်ခုရမူကားမင်းဖြစ်အံ့။

၁၀၀–ဥစ်ကြိုကုဏ်းအကျိုး။

(၃၄၅) တစ်နှင့်နှစ်သာ၊ဥစ်ရှေး၊ဥစ္စာများဖွံ့ဟော၊
(၃၄၆) ဥစ်သုံးလေးမြင်၊မင်းမျိုးတွင်၊မင်းပင်ဖြစ်အံ့ဟော၊

(၃၄၈) ငါးခြောက် ခွန်ကား၊ မျိုးတပါး၊ ဖြစ်ပြွားမင်းပင်ဟော။

(၃၄၉) ကြံ့ကုဏ်းမှာ၊ဥစ်နည်းသာ၊ယူခါဗေဒင်ဟော။

ဥစ်တချပ်ရမူဥစ္စာများစွာရှိ၏။နှစ်ချပ်ရမူကားထိုထက်များစွာဥစ္စာရှိ၏။ဥစ်သုံးချင်ရမူမင်းမျိုး၌ဖြစ်သျှင်မင်းဖြစ်၏။ လေးချပ်ရမူကား မင်းမျိုး၌ဖြစ်ခဲ့မူထိုထက်ကြီးမြတ်သောမင်းဖြစ်၏။ ဥစ်ငါးချပ်ရမူတပါးသင်းရဲသားဧသောဇမျိုး၌ဖြစ်သော်လည်း၊မချအမှန်မင်းဖြစ်၏။ခြောက်ချပ်ရမူထိုထက်သာလွန်သောမင်းဖြစ်၏။ ခုနစ်ချပ်ရမူကား သာလွန်သည်ထက်သာလွန်သောမင်းဖြစ်၏၊ကြံ့ကုဏ်းကိုလည်းဥစ်နှင့်နည်းတူဟောဆိုရာ၏။

၁၀၁—နိစ်ရန်အကျိုး။

(၃၅၀) ဥစ္စာကင်းတစ်၊သင်းရဲနှစ်၊သုံးဖြစ်မိုက်လေးနာ။

(၃၅၁) ငါးနှောင်ဖွဲ့ဟူ၊ခြောက်မှာမူ၊အပူသင်းရဲဖြာ။

(၃၅၂) သတ်တတ်ခုနစ်၊နိစ်ရန်ဖြစ်၊စိစစ်ဟောကြပါ။

နိစ်အိမ်၌ဂြိုဟ်၊ ရန်အိမ်၌ဂြိုဟ်တည်သော ဂြိုဟ်တခု ရှိမူဥစ္စာရှားပါးအံ့။ နှစ်ခုရှိမူသင်းရဲဒုက္ခများအံ့၊ သုံးခုရှိမူမိုက်မဲတွေဝေအံ့။ လေးခုရှိမူအနာရောဂါများအံ့။ ငါးခုရှိမူအနှောင်အဖွဲ့ခံရအံ့။ ခြောက်ခုရှိမူများစွာသောဒုက္ခတို့သည် ပူပန်စေအပ်သောသူဖြစ်အံ့၊ ခုနစ်ခုရှိမူသတ်တတ်သော မကောင်းမှုတို့နှင့်ယှဉ်သောသူဖြစ်အံ့။

၁၀၂—ရာဇယောဂ်အဟော။

(၃၅၃) ဥစ်ရောက်မိတ်မြင်၊ ဂြိုဟ်တခွင်၊ လူရှင်မင်းဖြစ်တတ်။

(၃၅၄) အား:ရှိကိန်းတည်၊ သုံးစသည်၊ ပြည်ရှင်မင်းဖြစ်တတ်၊

ဂြိုဟ်တလုံးပင်ဖြစ်သော်လည်း ဥစ်အိမ်၌တည်၍ထိုဂြိုဟ်ကို တဏ္ဍာလမိတ်ဂြိုဟ်မြင်မူမင်းဖြစ်အံ့၊ ဂြိုဟ်သုံးလုံးလေးလုံးတို့သည် အား:နှင့်ယှဉ်ကုန်၍ကိန်းအိမ်၌တည်ကုန်မူမင်းဖြစ်အံ့၊

(၃၅၅) မြတ်နဝင်းတွင်၊စန်းလဂ်ဝင်၊လေးအင်ဂြိုဟ်ရှု။

(၃၅၆) ဤသို့ပေါက်ဖွါး၊သတို့သား၊ ဟောသားမင်းဖြစ်ဟု။

စန်းသည်ရင်း၊သဂ်သည်ရင်း၊ ဝဂ္ဂုတ္တမနဝင်း၌တည်၍ထိုစန်းကိုရင်း၊သစ်ကိုရင်း၊ လေးလုံး၊ငါးလုံး၊ ခြောက်လုံးသောဂြိုဟ်တို့မြင်မူမင်းဖြစ်အံ့ဟောရာ၏။

(၃၅၇) ရာဇယုဂ်တွင်၊ရှိအားအင်၊ဂြိုဟ်လျှင်ဒသာနိက်။

(၃၅၈) ဤသို့ဖွါးမူ၊ထိုသည့်သူ၊ထီးဖြူစည်းစိမ်ဆိုက်။

ရာဇယုဂ်သည်ထင်ရှားရှိလတ်သော်။အားရှိသောဂြိုဟ်၏ဒသာနိက်မွေးဖွါးမူ၊ထိုသူသည်မင်းဖြစ်အံ့ဆိုလိုသည်၊

ပက်ကိဏ်းပိုင်းပြီး၏။

## ၁၀၃-အာသယယုဂ်သုံးပါးအဟော။

(၃၅၉) စရာသိ၊ဂြိုဟ်ကုန်မှီ၊သညီရဇ္ဇုယုဂ်။

(၃၆၀) ထိုယုဂ်ဖွါးချာ၊များဆွာသာ၊ကျမ်းမှာအရှိထုတ်၊

(၃၆၁) ထိရတည်က၊မှသလ၊မာနသူကြွမ်းကြုတ်။

(၃၆၂) ဒွိသဘာ၌၊နလသာ၊များစွာဥစ္စာမြင့်၊

(၃၆၃) အာသယတွင်၊သုံးမျိုးပင်၊ဂုဏ်ထင်လွှမ်းမိုးအုပ်

ခပ်သိမ်းသောဂြိုဟ်တို့သည်စရရာသီ၌တည်ကုန်မူ၏ရဇ္ဇု ယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသောသူသည် သူတပါးစည်းစိမ်ကို ညူစု စောင်းမြောင်းခြင်းလက္ခဏာရှိသော ဏ္ဏသဘာနှင့်ယှဉ် သောစိတ်ယုတ်မာသည်များစွာဖြစ်ပေါ်အံ့၊ ဂြိုဟ်ခပ်သိမ်းတို့ သည်ထိရရာသီ၌တည်ကုန်မူ၊ မုသလယုဂ်မည်၏။ ထိုယုဂ်၌ ဖွါးသောသူသည်မာနကြီးအံ့။ ဂြိုဟ်ခပ်သိမ်းတို့သည်ဒွိသဘာ ဝရာသီ၌တည်ကုန်မူကားနလယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသော သူသည်ဥစ္စာများစွာရှိအံ့။ အာသယယုဂ်သုံးမျိုးလုံး၌ပင် ဖွါး သောသူသည်ကျော်စောထင်ရှား၍ဂုဏ်အသရေရှိအံ့။

၁၀၄—ဒလယုဂ်နှစ်ပါးအခဟာ။

(၃၆၄) ကိန်းအိမ်ကြွ၊ ပါပရှိ၊ မရှိသောမာ။

(၃၆၅) သပ္ပိသမုတ်၊ ထိုသည့်ယုဂ်၊ ဟောထုတ်ဆင်းရဲ ကို။

(၃၆၆) သောမတည်က၊ ကင်းပါပ၊ ခေါ်ကြယုဂ်မာလာ။

(၃၆၇) ထိုယုဂ်မှာဖွါး၊ သတို့သား၊ များများချမ်းသာရာ။

(၃၆၈) စန်းဂြိုဟ်ကင်းပ၊ ယုဂ်ဒလ၊ ထုတ်ပြမျိုးနှစ်ဖြာ။

တစုံတခုသော ကိန်းအိမ်သုံးခုတို့၌တနင်္ဂနွေ၊ အင်္ဂါ၊ စနေ ဟူသောပါပဂြိုဟ်တို့တည်၍၊ ထိုကိန်းအိမ်သုံးခုတို့၌တစုံတ ခုသောသောမဂြိုဟ်မရှိမူသပ္ပိယုဂ်မည်၏။ ထိုသပ္ပိယုဂ်၌ဖွါး သောသူသည့်ဆင်းရဲ၏၊ တစုံတခုသောကိန်းအိမ်သုံးခုတို့၌ ဗုဒ္ဓဟူး။ ကြာသပတေး။ သောကြာဟူသော။ သောမဂြိုဟ်း တည်၍။ထိုကိန်းအိမ်တို့၌ ပါပဂြိုဟ်မရှိမူမာလာယုဂ်မည်၏။ ထိုမာလာယုဂ်၌ ဖွါးသောသူသည် ချမ်းသာ သုခပေါ်များ

ကြွယ်ဝ၏၊ ဤ သို့တနင်းလာဂြိုဟ်ကိုပမာထားမပြုဘဲချန်လှပ်၍ဒလယုဂ်နှစ်မျိုးပြားသတည်း

၁ ၀ ၅—အာဘတ္တိယုဂ်နှစ်ဆယ်အဟော၊

(၃၀၉) နှစ်ချကျော်လျှင်၊ ကိန်းနှစ်ခွင်၊ ခိုဝင်ဂြိုဟ်အလုံး၊
(၃၁၀) ကဒါယုဂ်ခေါ်၊ ယဖ်ပူဇော်၊ ဟောပေါ်ကျမ်းတွင်သုံး၊

ရာသီနှစ်ခု ကျောင်ကိန်းအိမ်နှစ်ခုတို့၌ အလုံးရုံသောဂြိုဟ်တို့ တည်ရှိကုန်မူဂဒါယုဂ်မည်၏၊ ထိုဂဒါယုဂ်သည်လက်နေရာသီနှင့်လေးတန့်တွင်တည်သော ယုဂ်တမျိုး၊ လေးတန့်နှင့်ခုနစ်တန့်တွင် တည်သောယုဂ်တမျိုး၊ ခုနစ်တန့်နှင့်ဆယ်တန့်တွင်တည်သေါယုဂ်တမျိုး၊ ဆယ်တန့်နှင့်လက်တွင်တည်သောယုဂ်တမျိုးဟူ၍လေးမျိုးရှိသတည်း၊ ထိုဂဒါယုဂ်၌ ဖွားသောသူသည်ယဇ်ပူဇော်အံ့၊

(၃၁၁) လဂ်ခုနှစ်ခွင်၊ ဂြိုဟ်ရုံဝင်၊ ခေါ်တွင်သကဋ၊
(၃၁၂) လှည်းမော်တော်စက်၊ မွေးအသက်၊ တွေးလျက်ဟောဆိုကြ၊

လဂ်နေရာသီနှင့်လက်မှခုနစ်တန့်ရာသီတို့၌ အလုံးရုံသောဂြိုဟ်တို့တည်ကုန်မူသကဋယုဂ်မည်၏၊ ထိုသကဋယုဂ်၌ဖွားသောသူသည်နွားလှည်း၊ မြင်းလှည်းရထား၊ မော်တော်ကားဟူသောစက်လှည်းများဖြင့်အသက်မွေးရတတ်၏၊

(၃၁၃) ဆယ်နှင့်လေးမှာ၊ ဂြိုဟ်ရုံလာ၊ ခေါ်ပါဝိဟင်္ဂ၊
(၃၁၄) တမန်ဟူသာ၊ ဟောဆိုပါ၊ ကျမ်းမှာထင်ရှားပြ၊

လဂ်မှဆယ်တန့်နှင့် လေးတန့်တွင်အလုံးရုံသော ဂြိုဟ်တို့

တည်ကုန်မူဝိဘာဂ်ယုဂ်မည်၏၊ထိုယုဂ်၌ ဖွားသောသူသည်တမန်အလုပ်ဖြင့်အသက်မွေးရ၏။

(၃၇၅) လဂ်နှင့်ငါးကိုး၊ဂြိုဟ်စုံတိုး။ခေါ်ရိုးသိဂ်ါခ္ဓု၊

(၃၇၆) စည်းစိမ်ချမ်းသာ၊မြင့်ရှည်စွာ၊တည်မှာအဟောပြ၊

လဂ်နေရာသိနှင့်။ လဂ်မှငါးတန့်၊ ကိုးတန့်တို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူသိဂ်ါခ္ဓုကယုဂ်မည်၏။ထိုယုဂ်၌ဖွားသောသူသည်စည်းစိမ်ချမ်းသာမြင့်ရှည်စွာအသက်ပ၏၊

(၃၇၇) လဂ်ဘိုကြည့်ပါ၊ တွင်းသုံးမှာ၊ ရောက်ရာတြိကုဏ်း။

(၃၇၈) ဂြိုဟ်ကုန်တည်မူ၊ ဟလာဟူ၊ ထိုသူလယ်ထွန်သုံး။

လဂ်ကိုကြည့်၍ တွင်းသော ကဲန်းအိမ်သုံးချင်၌ ဂြိုဟ်တို့သည်၊ အချင်းချင်းတြိကုဏ်းသို့ရောက်၍ဘည်မူဟလာယုဂ်မည်၏၊ထိုယုဂ်သည်ဒုတိယ၊ဆဋ္ဌ၊ ဒသမဌတမျိုး၊ တတိယ၊သတ္တမ၊ဧကာဒသမဌတမျိုး၊စတုတ္ထ၊အဋ္ဌမ၊ ဒွါဒသမဌတမျိုးအားဖြင့်သုံးမျိုးရှိ၏၊ ထိုယုဂ်၌ဖွားသောသူသည်လယ်ထွန်အလုပ်ကိုလုပ်ကိုင်၍အသက်မွေးရ၏၊

(၃၇၉) လေးဆယ်ပါပ၊လဂ်သတ္တ၊သောမ,ဝဇ္ဇယုဂ်၊

(၃၈၀) ငယ်စည်အခါ၊ ကြီးချမ်းသာ၊ လယ်မှာဆင်းရဲထုတ်။

လဂ်မှလေးတန့် ဆယ်တန့်ရာသီတို့၌ အလုံးစုံသောပါပဂြိုဟ်တို့တည်၍ လဂ်နေရာသိနှင့် လဂ်မှခုနစ်တန့်ရာသီတို့၌ သောမဂြိုဟ်တို့ထည်ကုန်မူဝဇ္ဇ (ဝဇိရ) ယုဂ်မည်၏၊ ထိုဝဇ္ဇ

ယှက်၌ဖွားသောသူသည် အရွယ်သုံး ပါးတို့တွင် ပထမငယ်သောအရွယ်၊ တတိယကြီးသောအရွယ်၌ချမ်းသာ၍ ဒုတိယအလတ်အလယ်ဖြစ်သောအရွယ်၌ဆင်းရဲ၏။

(၃၇၁) ဝစ္ဆယှက်ကို။သောပါဂြိုဟ်။ပြန့်ဆိုယဝယှက်၊

(၃၇၂) အကြီးအငယ်၊ ဆင်းရဲချယ်။ အလယ်ချမ်းသာ
ထုတ်။

ဝစ္ဆယှက်၌ဆိုအပ်ပြီးသောနည်းကိုပြောင်းပြန်ထားသဖြင့် လဂ်နှင့်ခုနစ်တန့်တို့၌ ပါပဂြိုဟ်တို့တည်၍လေးတန့်ဆယ်တန့်တို့၌သောမဂြိုဟ်တည်မူယဝယှက်မည်၏။ ထိုယဝယှက်၌ဖွားသောသူကားပထမ၊ တတိယအရွယ်၌ ဆင်းရဲ၍ ဒုတိယအရွယ်၌ချမ်းသာ၏။

(၃၇၃) သောပါရေးကာ။ကမလ များလှည့်ရွာထုင်။

ကိန်းအိမ်လေးရပ်တို့၌ သောမဂြိုဟ် ပါပဂြိုဟ်နှစ်မျိုးတို့သည်၊ ရောနှောလျက် အညီအမျှတည်မူ ကမလယှက်မည်၏။ ထိုယှက်၌ဖွားသောသူသည်ဥစ္စာငွေများစွာရှိ၏။

(၃၇၄) ကိန်းပြင်ဂြိုဟ်ရှိ၊ယှက်ဝါပိ။သုခိသေးသိန်နှင်။

အလုံးစုံသောဂြိုဟ်တို့သည် ကိန်းအိမ်လေးရပ်တို့မှပြင်ပ၌တည်ကုန်မူ ဝါပိယှက်မည်၏။ ထိုယှက်သည် လဂ်မှနှစ်တန့်။ငါးတန့်။ရှစ်တန့်၊ ၁၁ ဆဲ့တန့်တို့၌ အလုံးစုံသောဂြိုဟ်တို့တည်ရှိသောယှက်တမျိုး။သုံးတန့်။ခြောက်တန့်။ ကိုးတန့် ဆဲ့နှစ်တန့်တို့၌ အလုံးစုံသော ဂြိုဟ်တို့တည်သော ယှက်တမျိုးဟူ၍နှစ်မျိုးရှိ၏။ ထိုဝါပိယှက်၌ဖွားသောသူသည် စည်းစိမ်ချမ်းသာနည်းပါး၏။

(၃၇၅) လဂ်စလေးခွင်၊ဂြိုဟ်ကုန်ဝင်။ခေါ်တွင်ယူပယှက်။

(၃၈၆) ပေးကမ်းစွန့်ကြဲ၊ထိုသူမြဲ၊မလွဲအဟောထုတ်၊

လဂ်နေရာသိကာစ၍၊ဒုတိယ၊တတိယ၊ စတုတ္ထလေးရာသီ တို့နှိက်၊အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ၊ ယူပယှက်မည်၏၊ ထိုယှက်နှိက်ဖွားသောသူသည်၊ပေးကမ်းစွန့်ကြဲခြင်းကိုမြဲမြံ စွာပြုလုပ်၏။

(၃၈၇) လေးစလေးချ၊ဂြိုဟ်ကုန်ရ၊ဏ္ဍသုခိုသည့်ယှက်။

(၃၈၈) ညှင်းဆဲ သတ်ဖြတ်၊ ပြုလုပ်တတ်၊ သတ်မှတ် အဟောထုတ်၊

လဂ်မှလေးတန့်စတုတ္ထရာသီကစ၍ပဉ္စမ၊ဆဋ္ဌမ၊ သတ္တမ လေးရာသီတို့နှိက် အလုံးစုံသော ဂြိုဟ်တို့ တည်ကုန်မူဏ္ဍသု ယှက်မည်၏။ ထိုယှက်နှိက်ဖွားသောသူသည် ညှင်းဆဲသတ် ဖြတ်ခြင်းကိုပြုလုပ်တတ်၏၊

(၃၈၉) ခွန်ရှစ်ကိုးဆယ့်။ဂြိုဟ်ကုန်ချယ်၊ ခေါ်ဘွယ်သတ္တိ ယှက်။

(၃၉၀) မရှိဥစ္စာ။ထိုသူမှာ။ကျမ်းလာအဟောထုတ်၊

လဂ်မှခုနစ်တန့်၊ရှစ်တန့်။ ကိုးတန့်။ ဆယ်တန့်လေးရာသီ တို့နှိက်အလုံးစုံသောဂြိုဟ်တို့ တည်ကုန်မူ သတ္တိယှက်မည်၏၊ ထိုယှက်နှိက် ဖွားသောသူသည်ဥစ္စာကင်းမဲ့၏။

(၃၉၁) ဆယ်တန့်ကစ၊လဂ်သို့ကျ၊ဒဏ္ဍမည်သည့်ယှက်။

(၃၉၂) သားသမီးစ၊ချစ်သူမှ၊ကွဲရခရှးကံရတ်။

ဆယ်တန့်၊ဆဲ့ဘတန့်၊ ဆဲ့နှစ်တန့်။ လဂ်၌လေးရာသီတို့ နှိက်အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ ဒဏ္ဍယှက်မည်၏၊ ထို ယှက်နှိက်ဖွားသောသူသည်။ သားသမီးစသောချစ်သူတို့နှင့် ကွဲ ကွာရ၏။

(၃၉၃) လဂ်ကာစတေ့၊ ခုနစ်ဘုံ၊ ဂြိုဟ်စုံတည်နေသောယုဂ်၊

(၃၉၄) ကျော်စောသင်ချာ၊ ဗေဒင်လာ၊ မှန်စွာအဟောထုတ်။

လဂ်နေ ရာသီကစ၍။ ဒုတိယ၊ တတိယ။ စတုတ္ထ၊ ပဉ္စမ။ ဆဋ္ဌ၊ သတ္တမဟူသော ခုနစ်ရာသီတို့နှိုက် အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူနေသောယုဂ်မည်၏။ ထိုယုဂ်နှိုက်ဖွားသောသူသည် ကျော်စောထင်ရှား၏။

(၃၉၅) လေးမှဆယ်ကျ၊ ယုဂ်ကျူရ၊ ဆိုထအလွဲနှုတ်၊

လေးတန့်ကစ၍ဆယ်တန့်သို့ကျရောက်သည်တိုင်အောင် ခုနစ်ရာသီတို့၌အလုံးစုံသော ဂြိုဟ်တို့တည်ကုန်မူ။ ကျူရယုဂ်မည်၏။ ထိုယုဂ်၌ဖွားသောသူသည်မဟုတ်မမှန်သော (မုသာဝါဒ)မသူတော်တို့၏စကားကိုပြောဆိုတတ်၏။

(၃၉၆) ခွန်စလဂ်ကား၊ ဆတ္တထား၊ သားချင်းကျိုးပြုလုပ်၊

ခုနစ်တန့်ကစ၍ လဂ်အထိ ခုနစ်ရာသီတို့၌ အလုံးစုံသော ဂြိုဟ်တို့တည်ကုန်မူ၊ ဆတ္တယုဂ်မည်၏။ ထိုယုဂ်၌ဖွားသောသူသည်၊ သားချင်းပေါက်ဖော်တို့၏ အကျိုးစီးပွားကို ပြုလုပ်တတ်၏။

(၃၉၇) ဆယ်ငလေးဟူ၊ စာပယူ။ ထိုသူရဲစွမ်းချုပ်။

ဆယ်တန့်ကစ၍လဂ်မှလေးတန့်အထိခုနစ်ရာသီတို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ။ စာပယုဂ်မည်၏၊ ထိုယုဂ်၌ ဖွားသောသူသည်ရဲစွမ်းသတ္တိရှိ၏။

(၃၉၈) ကိန်းမှကြွင်းတုံ၊ ရာသီကုန်၊ ငတု ခုနစ်ရောက်။

(၃၉၉) အဋ္ဌငန္န၊ ယုဂ်ဆိုရ၊ ကြွယ်ဝသုန်းကံတောက်၊

ကိန်းအိမ်မှအပရာသီရှစ်ခုတို့တွင် တခုတခုကစ၍ ခုနစ်

ချမြောက်ထိရောက်သော ခုနစ်ရာသီတို့နိုက် အလုံးစုံသော ဂြိုဟ်တို့တည်ကုန်မူ အဋ္ဌစန္ဒယုဂ်မည်၏၊ ထိုယုဂ်သည်လဂ်မှ နှစ်တန့်ကစ၍ခြောက်တန့်အထိတပါး၊သုံးတန့်ကစ၍။ကိုးတန့်အထိတပါး၊ငါးတန့်ကစ၍ဆဲ့တတန့်အထိတပါး။ ခြောက်တန့်ကစ၍ ဘဆဲ့နှစ်တန့်အထိတပါး။ခုစ်တန့်ကစ၍ လဂ်နေရာသီမှ ဒုတိယရာသီအထိတပါး။ကိုးဘန့်ကစ၍တတိယရာသီအထိတပါးဟူ၍ခုစ်ပါးရှိ၏။ ထိုယုဂ်၌ဖွားသောသူသည် ချမ်းသာကြွယ်ဝ၍ဘုန်းကံထွန်းတောက်ပ၏။

(၄၀၀) လဂ်မှစသော်၊ တခွင်ကျော်၊ ခြောက်ဖေါ်ယုဂ် စက္က။

(၄၀၁) ခနည်ဥစ္စာ၊ထိုဇာဘာ၊များစွာပေါကြွယ်ဝ။

လဂ်နေရာသီကစ၍တခွင်ကျော်ခြောက်ရာသီတို့၌အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ စက္ကယုဂ်မည်၏။ ထိုယုဂ်၌ဖွားသောသူသည်။ဥစ္စာဓနကြွယ်ဝချမ်းသာ၏။

(၄၀၂) စက်မှကြွင်းကျန်၊တန့်ခြောက်တန်။ခေါ်ရန်သမုဒ္ဒ။

(၄၀၃) ထိုသည့်ဇာဘာ။မင်းဖြစ်ရာ။ကျမ်းမှာထင်ရှားပြ။

စက္ကယုဂ်မှ ကြွင်းကျန်သော ခြောက်ရာသီတို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ သမုဒ္ဒယုဂ်မည်၏။ထို သမုဒ္ဒယုဂ်၌ဖွါးသောသူသည်မုချအမှန်မင်းဖြစ်၏။

(၄၀၄) အာကတိယုဂ်၊ ပေါင်းချုပ်၊ ၂သရုပ်နှစ်ဆယ်ရှိ။

ပြဆိုခဲ့ပြီးသောအာကတိယုဂ်ကို၊အချုပ်အားဖြင့်ပေါင်းလိုက်လျှင်နှစ်ဆယ်အရေအတွက်ရှိ၏။

(၄၀၅) ထိုနှစ်ဆယ်တွင်၊ဖွါးကဲ့လျှ ၊ကြည့်ရှုင်အကျိုး၁။

ထိုအာကာတိယုဂ်နှစ်ဆယ်တို့တွင်တခုခုဖြင့်ဖွါးမြင်သော သူသည်ကြည်လွှင်နှစ်သက်သောအကျိုးကိုရသတည်း။

၁၀၆—သင်္ချာယုဂ်ခနှစ်ပါးအဟော၊

(၄၀၆) ရာသီကတုံ၊ဂြိုဟ်လုံးစုံ၊တည်တုံဂေါလယုဂ်၊
(၄၀၇) ဆင်းရဲဒုက္ခ၊တွေ့ကြုံရ၊ကျမ်းကမိန့်ဆိုထုတ်။

တရာသီတည်း၌ အလုံးစုံသောဂြိုဟ်တို့ တည်ကုန်မူဂေါ လယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသောသူသည်ဆင်းရဲဒုက္ခများ၏။

(၄၀၈) ရာသီနှစ်ခွင်၊ယုဂပင်၊ထိုတွင်ဥစ္စာပါး။

ရာသီနှစ်ခုတို့၌ အလုံးစုံသော ဂြိုဟ်တို့တည်ကုန်မူ ယုဂ ယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသောသူသည် ဥစ္စာပစ္စည်းကင်းမဲ့ ဆင်းရဲ၏။

(၄၀၉) ရာသီသုံးရပ်၊သူလမှတ်၊သူသတ်ထိုသူကား။

ရာသီသုံးခုတို့၌ အလုံးစုံသော ဂြိုဟ်တို့တည်ကုန်မူသူလ ယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသောသူသည်သူသတ်သမားဖြစ်၏။

(၄၁၀) လေးရာသီကျ၊ကေဒါရ၊ဖွါးကလယ်ထွန်သား။

ရာသီလေးခုတို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ ကေ ယုဂ်မည်၏။ ထိုယုဂ်၌ဖွါးသောသူသည်လယ်ထွန်သမား

၁) ငါးရာသီမှာ၊ပါသသာ၊ယုတ်မာသီလပါး၊

ရာသီငါးခုတို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူ ပါသ ယုဂ်မည်၏၊ ထိုယုဂ်၌ဖွါးသောသူသည်သီလမရှိ၊ သူယုတ် မာတည်း။

(၄၁၂) ခြောက်ရာသီကို၊ဒါမဆို၊နွားကိုကြောင်းသမား၊

ရာသီခြောက်ခုတို့၌ အလုံးစုံသောဂြိုဟ်တို့တည်ကုန်မူဒါ

မယုက်မည်၏။ ထိုယုက်၌ ဖွါးသောသူသည် နွား-ကျွဲ-ဆိတ် ကြောင်းသမားဖြစ်၏။

(၄၁၂) ခုနစ်ခွင်မှာ၊ယုက်ငိဏာ၊ပညာသိမ်မွေ့ခြား။

ရာသီခုနစ်ခုတို့၌ အသုံးရုံသောဂြိုဟ်တို့တည်ကုန်မူငိဏာ ယုက်မည်၏။ ထိုယုက်၌ဖွါးသောသူသည် သိမ်မွေ့သောပညာ ရှိ၏။

(၄၁၃) သူ၏ဉစ္စာ၊မှီချမ်းသာ၊သင်္ချာခုနစ်ပါး။

ဆိုအပ်ပြီးသည့်အတိုင်း သင်္ချာယုက်ခုနစ်ပါး အပြားရှိ၏။ ထိုသင်္ချာယုက်၌ဖွါးသောသူသည်သူတပါးစည်းစိမ်ကိုမှီ၍လခ စားစသောအလုပ်မျိုးဖြင့် အသက်မွေးရာသတ်၏။ (ရှေး၌ပြဆို အပ်ပြီးသော ရစ္စုမှသလစသော ယုက်တို့၏ လက္ခဏာကို ကြည့်၍ အခြားတပါးသောလက္ခဏာမျိုးနှင့်တည်သောယုက် ကိုသာသင်္ချာယုက်ယူရမည်။)

နဘာသယုက်ပိုင်းပြီး၏။

(၄၁၄) မိန်းမယောကျ်ား၊ဤနှစ်ပါး၊ မခြားကျိုးတူလာ။

(၄၁၅) စန်းလဂ်နှစ်တန်၊အားနှင့်ကြံ၊သဏ္ဍာန်အသွင်မှာ၊

(၄၁၆) အဆင်းရုပ၊လှမလှ၊ကြံဆသော်ပါပါ။

မိန်းမယောကျ်ားနှစ်ပါးလုံး၌ မခြားမူ၍အတူပင်ကောင်း ကျိုးမကောင်းကျိုးလာရှိ၏။ မိန်းမတို့အားအသူးအားဖြင့်စန်း ဖြင့်ရင်း လဂ်ဖြင့်ရင်းသဘောအသွင် ပုံသဏ္ဍာန်ကိုကြံစည်၍ ဟောဆိုရာ၏၊ အဆင်းလှမလှကိုကားပါပဂြိုဟ်သောမဂြိုဟ် နှစ်ပါးဖြင့်ကြံစည်၍ဟောဆိုရာ၏။

(၄၁၇) ရာသီသမ၊စန်းလဂ်ကျ၊မိန်းမပုံအသွင်။

(၄၁၈) အဆင်းသီလ၊ဂုဏ်ယှဉ်ထ၊ ဘော်ပြကျမ်းဗေဒင်။

ဖြိုသ၊ ကရကောင့် စသောစုံသည့် ခြောက်လ သမရောဘိ၌ တည်သော စန်းလဂ်၌ ဖွါးသော မိန်းမသည် မိန်းမပုံအသွင် သဏ္ဍာန်ဟန်ပန်ပင်ရှိ၏။ ကောင်းသောအကျင့်သီလဂုဏ်ဘို့ နှင့်လည်းယှဉ်၏၊

(၄၁၉) ဝိသမတွင်၊ စန်းလဂ်ဝင်၊ အသွင်ပုံယောကျ်ား၊

(၄၂၀) သီလကင်းပ၊ ဆင်းရဲရ၊ မိန်းမအညံ့စား၊

မိသ၊ မေတုန်စသော မစုံခြောက်လ ဝိသမရာသိ၌တည် သော စန်းလဂ်၌ ဖွါးသောမိန်းမသည်ကား ယောကျ်ားပုံအ သွင်သဏ္ဍာန်ဟန်ပန်ရှိ၏။ သီလမရှိ၊ ဆင်းရဲ၏၊

၁၇၀—လင်၏သရုပ်၊

(၄၂၁) သောမမမြင်၊ ခုနစ်ခွင်၊ အားစင်ဂြိုဟ်ဘည်ရပ်။

(၄၂၂) ဤသည့်ကညာ၊ လင်ကြင်ရာ၊ ယုတ်မာစက်ဆုတ် အပ်၊

လဂ်မှခုနစ်တန့်၌ သောမဂြိုဟ်တို့ မြင်ခြင်း ကင်းကုန် သော၊ အားမရှိသော ဂြိုဟ်တို့ကြောင့် ဖွားမြင်သောမိန်းမ သည်၊ စက်ဆုတ်အပ်သောလင်ကြင်ရာယောကျ်ားရှိ၏၊

(၄၂၃) ခုနစ်တန့်မြောက်၊ စရရောက်၊ ပေါ်ပေါက်သန့်စင် ဖွား၊

(၄၂၄) ထိုပျိုကညာ၊ ချစ်လင်မှာ၊ ကင်းကွာလှည့်လည် သွား၊

ဖွားရာ ရာသီမှခုနစ်တန့်၊ မြေခံရာသီသည်စရရာသီဖြစ်၍ ဖွားသောမိန်းမသည်ကင်းကွာလေ့လှည့်လည် သွားလာလေ့ ရှိသောလင်ယောကျ်ားရှိ၏၊

(၄၂၅) ခုနစ်တန့်တွင်၊ အင်္ဂါဝင်၊ ငယ်စဉ်မုဆိုးမ။

(၄၂၆) ဂဠုန်မင်းလျှောင်၊ယင်းမှာဝင်၊ချစ်လင်စွန့်ခံရ၊
(၄၂၇) စနေဂြိုဟ်လျှောင်၊ပါပမြင်၊ပျိုစင်အိုမင်းရ။

လဂ်မှခုနစ်တန့်၌ အင်္ဂါဂြိုဟ်တည်ရှိသောဇာတာရှင် မိန်းမသည်ငယ်စဉ်အခါ၌ မုဆိုးမဖြစ်ရ၏။ ခုနစ်တန့်၌တနင်္ဂနွေဂြိုဟ်တည့်မူကားချစ်လင်၏ စွန့်ပစ်ခြင်းကိုခံရ၏၊ ထိုလဂ်မှ ခုနစ်တန့်၌ရှိသော စနေဂြိုဟ်ကို ပါပဂြိုဟ်မြင်မူ အပျိုစင်ပင် အိုမင်းရင့်ရော်ခြင်းသို့ရောက်ရ၏။ အပျိုကြီးဖြစ်၏၊ လင်မရတော့ပြီ၊

(၄၂၈) ပုံးခြံသော့ကြွက်၊ဆင်မင်းဘက်၊ လေးချက်အားရှိဂြိုဟ်၊
(၄၂၉) ရာသီသမ၊လဂ်ရောက်က၊မိန်းမအဟောကို
(၄၃၀) မြင့်မြတ်စကား၊လွှန်ထင်ရှား၊မြောက်များကျမ်းတတ်ဆို၊

သမရာသီ၌လဂ်တည်၍ ထိုထိုသမရာသီ၌ သောကြာ၊ အင်္ဂါကြာသပတေး၊ဗုဒ္ဓဟူး ဟူသောဂြိုဟ်လေးလုံးတို့သည် အားရှိ၍တည်ကုန်မူ ထိုဇာတာရှင်မိန်းမသည် မြတ်သောစကားကိုဆိုတတ်၏။ လွှန်စွာကျော်စောထင်ရှား၏၊ သံသရာဝဋ်မှလွတ်ကြောင်းဖြစ်သောကျမ်းများစွာကိုတတ်၏။

(၄၃၁) ဝေးစေ့ထုတ်ရ၊ယုဂ်ရာဇ၊စသည်အကျိုးများ၊
(၄၃၂) မိန်းမဟူရာ၊မဖြစ်သာ၊လင်မှာမိန့်ဆိုကြား၊

ဝေးစေ့ထုတ်ခံရခြင်းစသော မကောင်းကျိုး၊ရာဇ ယုဂ်စသောကောင်းကျိုး များသည်မိန်းမတို့၌ ဖြစ်ခြင်းငှါ မသင့်လျော်သဖြင့်မိန်းမတို့ဇာတာတွင် ထိုကဲ့သို့သော အကျိုးကို

တွေ့မြင်မှုထိုမိန်းမတို့၏ လင်ယောကျ်ားတို့၌သာလျှင်ဟော ဆိုရာ၏။

မိန်းမဇာတာပိုင်းပြီး၏။

(၄၃၃) လဂ်မှ ၇စ်ခွင်၊ ဂဠုန်ဝင်၊မိုးလျှင် သေကြောင်း ဘော။

(၄၃၄) စန်းရေခြိသော်၊ ထက်နက်းတွေ၊ ဖျားချ၍ ဆင်ရ တေး၊

(၄၃၅) ကြွက်မှာအနာ၊ဖူးငတ်စာ၊မြွေမှာရေသိပ်ဘေး၊

(၄၃၆) လဂ်မှရှစ်ခွင်၊စရမြင်၊သေလျှင်ရပ်ဘကျေး၊

လဂ်မှရှစ်တန့်၌တနဂ်နွေဘည်မှုမီးကြောင့်သေ၏။ တနင်း လာတည်မူရေကြောင့်သေ၏။ အင်္ဂါဘည်မူလက်နက်ကြောင့် သေ၏၊ ဗုဒ္ဓဟူးဘည်မူဖျားချ၍သေ၏၊ ကြာသပတေးဘည်မူ အစာမကျေခြင်း စသော အနာရောဂါ မျိုးကြောင့် သေ၏။ သောကြာတည်မူအစာငတ်၍သေ၏၊ စနေဘည်မူရေသိပ်၍ သေ၏၊ လဂ်မှရှစ်တန့်ရာသီသည်၊ စရရာသီဖြစ်ဘိမူ အရပ် တပါး၌သေ၏။ (ထိုရာသီဖြစ်မူမိမိအရပ်၌ပင်သေ၏၊ ဒွိသ ဘာဝရာသီဖြစ်မူ ဘားသမ်းခရီးအကြား၌သေ၏)။

(၄၃၇) ကွာဘ်လပ်ရှစ်ကို၊ အားရှိဂြိုဟ်၊ ဟောဆိုမြင်သေ က။

(၄၃၈) ထိုဂြိုဟ်အဖြစ်၊ဒေါသဖြစ်၊စိစစ်သေနည်းပြ။

လဂ်မှရှစ်တန့် ရာသီသည်ဂြိုဟ်မရှိဘဲ ကွာဘ်လပ်ဖြစ်မူ၊ ထိုရာသီကိုမြင်သောဂြိုဟ်၏ အဖြစ်ဒေါသကြောင့်သေ၏၊ထို လက်မှရှစ်ဘန့်ရာသီကိုတနဂ်နွေဂြိုဟ်မြင်မူ ဂြိုဟ်ပိုင်း၌ ပြဆို ပြီးသည့်အတိုင်း တနဂ်နွေဂြိုဟ်၏ အဖြစ်ဒေါသသည် သည်း

ခြေဖြစ်၍ ထိုဓာတာရှင်သည်သည်းခြေရောဂါးကြောင့် သေရ ၏။နည်းတူ တနင်းလာဖြစ်မူ သလိပ်လေကြောင့်၊ အင်္ဂါဖြစ်မူ သည်းခြေကြောင့်၊ဗုဒ္ဓဟူးဖြစ်မူလေသည်းခြေသလိပ်ဟူသော ဒေါသသုံးပါးကြောင့်၊ ကြာသပတေးဖြစ်မူ သလိပ်ကြောင့်၊ သောကြာဖြစ်မူ သလိပ်လေဟူသော ဒေါသနှစ်ပါးကြောင့်၊ စနေဖြစ်မူကား လေကြောင့်သေအံ့ဟုဟောရာ၏။

(၄၃၉) ဖွားသည်မှစစ်၊နှစ်ဆဲ့နှစ်၊ ရောက်ထစ်ဒေက္ကာထ် ရှင်။

(၄၄၀) မီးရေကာစ၊သေကြောင်းပြ၊ရှေးကနည်းမျိုးပင်၊

ဖွားလဂ်ဒေက္ကာဏ်မှနှစ်ဆဲ နှစ်ခုမြောက်သောဒေက္ကာဏ် ၏ အရှင်ဂြိုဟ်သည်တနင်္ဂနွေဖြစ်မူမီးကြောင့်သေ၏။ တနင်း လာဖြစ်မူရေကြောင့်သေ၏စသည်ဖြင့် (၄၃၂၊ပ၊၄၃၄)က ဗျာတ္တိ၌ပြဆိုပြီးသောနည်းကိုမှီး၍ဟောရာ၏။

၁၁၀-လာဘရောဂဝတ်အဓေဟော။

(၄၄၁) လဂ်မှစိစစ်၊ခြောက်ခုနှစ်၊တနင့်ရှစ်ဌါသုံးရပ်၊

(၄၄၂) ကြွက်မင်းပျော်ရာ၊ထိုသူမှာ၊သေခါနတ်ရွာဘဝ်၊

(၄၄၃) စန်းသောကြာကြုံ၊ပြိဟ္မာဘုံ၊လူ့ဘုံသားရောက် တတ်။

(၄၄၄) ဂရုနှ်အင်္ဂါ၊တိရစ္ဆာ၊ဘုံမှာမလွဲမှတ်၊

(၄၄၅) ဆင်မင်းနှင့်မွေ့၊ငရဲပြေ၊စွဲနေသည္တစေပ်၊

(၄၄၆) ဌါသည့်သုံးရပ်၊ ဂြိုဟ်ကင်းလပ်၊ ကြံအပ်ဟော နည်းဆင်။

(၄၄၇) နှစ်ဆဲ့နှစ်မြောက်၊တဆဲ့ခြောက်၊ ပြည့်မြောက် တွင်းရှင်။

ဘုရားလက်မှခြေါက်တန့်၊ခုနစ်တန့်၊ရှစ်တန့်တို့တွင်တတန့်တန့်ကြာသပတေးရှိမူ၊ထိုသူသေသောအခါနတ်ပြည်သို့သွားရောက်ရ၏။ စန်းသောကြာတို့တွင်တလုံးလုံးရှိမူဖြဟ္မာပြည်၊လူ့ပြည်သို့လားရောက်ရ၏။တနင်္ဂနွေတို့တွင်တလုံးလုံးရှိမူတိရစ္ဆာန်ပြည်သို့သွားရောက်ရ၏။ဗုဒ္ဓဟူးစနေဂြိုဟ်တို့တွင်တလုံးလုံးရှိမူ ငရဲပြည်သို့ လားရောက်ရ၏။ ထိုလက်မှခြောက်တန့်၊ခုနစ်တန့်၊ ရှစ်တန့်တို့၌ဂြိုဟ် ရှိမူလက်မှနှစ်ဆဲ့နှစ်ချမြော်သောကြွင်း၊တဆဲ့ခြောက်၊ခုမြောက်သောကြွင်းသခင်ဂြိုဟ်တို့ဖြင့်ကြံ၍ဟောရာ၏။ (ကြွင်းသခင်ဂြိုဟ်သည် ကြာသပတေး ဖြစ်မူနတ်ပြည်သို့လားရောက်၏စသည်ဖြင့်ဟောရမည်ဆိုလိုသည်။)

၁၁၈—နိဗ္ဗာန်ရောက်သောယုဂ်ဓဟော။

(၄၄၇) ခြောက်ရှစ် ဘိန်းတွင်၊ ကြွက်ဥစ်ဝင် သေလျှင် နိဗ္ဗာန်ရောက်။

(၄၄၈) ကြွက်ဂြိုဟ်ကြွင်းလျှင်၊ အားကောင်းစင်၊ မိန်တွင် လဂ်လည်းရောက်။

(၄၄၉) ထိုသည့်ဇာတာ၊ မတွေ့ရာ၊သေခါနိဗ္ဗာန်ပေါက်။

လဂ်မှခြောက်တန့်၊ရှစ်တန့်တို့၌ရင်း၊ ဘိန်းလေးခုတို့တွင်တခုခု၌ရင်းကြာသပတေးဂြိုဟ်သည်ဥစ်ဖြစ်၍တည့်မူ၊ ထိုသူသည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်ကိုကျင့်လျှင်၊ ယခုဘဝပင် နိဗ္ဗာန်ကိုရ၏။ မိန်လဂ်သောမနဝင်းစီး၍ကြာသပတေးမှ ကြွင်းသောဂြိုဟ်တို့သည် အားမရှိကုန်မူ ထိုသူသည် လည်းကောင်းသော အကျင့်ကိုကျင့်လျှင်၊ ယခုဘဝနိဗ္ဗာန်ကိုရ၏။

၁၁ဝ—လားရာဂတိအဖယော။

(၄၅ဝ) စန်းဂဠုန်များ၊ ရှိအင်အား၊ တည်ပြားဒေက္ကာဏ်ရှင်။

(၄၅၁) ကြွက်မှာနတ်ရွာ၊ စန်းသောကြာ၊ ဗြိဟဿာလူ

(၄၅၂) ခြသေ့်ဂဠုန်၊ တိရစ်ဆံ၊ ရောက်ကြုံဤလူ့ခွင်။

(၄၅၃) ဆင်နှင့်မြွေကား၊ ငရဲသား၊ စွဲပြားသန္ဓေဝင်။

(၄၅၄) ဥစ်အမြတ်စား၊ နိစ်ယုတ်ထား၊ ကြားကားအလတ်ပင်။

တနင်္ဂနွေ တနင်းလာ တို့တွင် တခုခုအားရှိ၍ တည်သောရာသီ၏ ဒေက္ကာဏ်အရှင်ဂြိုဟ်သည်ကြာသပတေးဖြစ်မူ၊ ထိုသူသည်လူ့ဘုံဗြဟ္မာ့ဘုံကဤလူ့ဘုံသို့လာရောက်၏။ စန်းသောကြာတို့တွင်တခုခုဖြစ်မူ၊ ထိုသူသည်နတ်ဘုံက၊ ဤလူ့ဘုံသို့လာရောက်၏။ အင်္ဂါတနင်္ဂနွေတို့တွင် တခုခုဖြစ်မူ၊ ထိုသူသည် တိရစ္ဆာန်ဘုံကဤလူ့ဘုံသို့လာရောက်၏။ ဗုဒ္ဓဟူးစနေတို့တွင်တခုခုဖြစ်မူ၊ ထိုသူသည်ငရဲဘုံက ဤလူ့ဘုံသို့ လာရောက်၏။ ပြဆိုပြီးသည်အတိုင်းဒေက္ကာဏ်အရှင်ဂြိုဟ်သည်ဥစ်အိမ်၌တည်မူ မြတ်သောဘဝကလာ၏။ နိစ်အိမ်၌တည်မူယုတ်သောဘဝကလာ၏။ ဥစ်နိစ်နှစ်ပါးအကြား၌တည်မူ အလယ်အလတ်ဖြစ်သောဘဝကလာ၏။

နေ့ရယိကပိုင်းပြီး၏။

၁၁၁—ရာသီကိန်းဂြိုဟ်ကိန်းတို့ကိုပြခန်း။

(၄၅၅) ဗြိသ်သိဟ်ဆယ်ဖြစ်၊ မေဗြိစ်ရှစ်၊ ခုနစ်မိသ်နှင့်တူ၊

(၄၅၆) ကန်မကာရ်ငါး၊ တွင်းလေးပါး၊ ရောက်ပြားသချာယူ။

(၄၅၇) ကြွက်ခြေသော့ပုံ၊ ဗုဒ္ဓဟူး၊ ရှေးဦးနည်းစဉ်ယူ။
(၄၅၈) ဂဠုန်စန်းမြွေ၊ ကိန်းသုံးထွေ၊ ယူလေဆင်နည်းတူ။
(၄၅၉) လဂ်ရာသီထောက်၊ သင်္ချာကောက်၊ အမြောက်လိဂ္ဂါယူ။
(၄၆၀) ရာသီတကွက်၊ ဂြိုဟ်နှင့်လဂ်၊ ဂြိုဟ်ဘက်သင်္ချာယူ။

ဖြိသဘိဟ်ရာသီ၌ လိဂ္ဂါပုံမြောက် ကိန်းကား ၁၀ ဆယ်။ မေထုန်မြိ ္ဆာဘ၌ ၅ စ်ခု၊ မိသတူ၌ ခုနစ်ခု၊ ကန်မကရ၌ ငါးခု၊ ကြွင်းလေးရာသီတို့တွင် ဝိသရာသီကထောက်၍ ရောက်ရာအတန်သင်္ချာကိုယူသဖြင့်၊ ကရကန်လေးခု၊ ဓနုကိုးခု၊ ကုံဆဲ့တခု၊ မိန်ဆဲ့နှစ်ခုဖြစ်၏။ ရာသီကိန်းတွင်ဆိုအပ်သောဆယ်, ၅ စ်, ခုနစ်, ငါးအစဉ်အားဖြင့် ကြာသပတေးကိန်းကား ၁၀ ဆယ်။ အင်္ဂါကိန်းကား ၅ စ်ခု၊ သောကြာကိန်းကားခုနစ်ခု၊ ဗုဒ္ဓဟူးကိန်းကား ငါးခု၊ ကြွင်းသောတနင်္ဂနွေ၊ တနင်္လာ၊ စနေကိန်းတို့ကား ဆင်ဗုဒ္ဓဟူးဂြိုဟ်နှင့်နည်းတူ ငါးခုဖြစ်၏။ လဂ်သည်ထိုထိုရာသီ၌ရှိမူ ထိုထိုရာသီမြောက်ကိန်းဖြင့် လိဂ္ဂါပုံကိုမြှောက်ရ၏။ ဂြိုဟ်နှင့်လဂ်အတူတည်ရှိကဲ့မူ ဂြိုဟ်၏မြောက်ကိန်းဖြင့် လိဂ္ဂါပုံကိုမြှောက်ရသတည်း။

## ၁၁၂-ဓယာ ၈ းစသည်တို့၏နက္ခတ်များ။

(၄၆၁) လဂ်၌အသိ ၁၊ ပုံလိဂ္ဂါ၊ ကိုးဖြာနှောကိုးနုတ်။
(၄၆၂) ခုနစ်မယား၊ သားချင်းတား၊ သုံးပါးသင်္ချာထုတ်။
(၄၆၃) သားငါးရန်ခြောက်၊ ဂထာန်းကောက်၊ အမြောက်သင်္ချာသုပ်။
(၄၆၄) နှစ်ဆဲ့ခုနစ်၊ စားနည်းဖြစ်၊ ကြွင်းလစ်နက္ခတ်ထုတ်

(၄၆၅) အမေးရောက်သာ၊ ဤနည်းသာ၊ ဖြေပါနောက်
မခရဝတ်၊

မယားစာတာကို မေးသောအခါ၊ လင်္ကာနှသော ရာသီ အသင်္ခလိဂ္ဂကွင်း ကို လိဂ္ဂာပုံပြု၍ ယခင်ဖြဆိုပြီးသည့်အတိုင်း ကိုးချနှောသည်၊ ကိုးချနှုတ်သည့်တိုင်အောင်ပြုရာ၍၊ ခုနစ်ချ မြှောက်။ နှစ်ဆဲ ခုနစ်ချစား၊ အကြွင်းကားမယားနက္ခတ်ဖြစ် ၏။သားချင်းစာဘာကိုမေးလတ်မူကားသုံးချနှင့်မြှောက်၊ နှစ် ဆဲ ခုနစ်ချစား။ အကြွင်းကားသားချင်းနက္ခတ်ဖြစ်၏။ သား သမီးစာဘာကိုမေးမူကားငါးချမြှောက်၊ နှစ်ဆဲ ခုနစ်ချစား၊အ ကြွင်းကား သားသမီးနက္ခတ်ဖြစ်၏။ ချွန်သူ့စာဘာကိုမေးမူ ကားခြောက်ချမြှောက်၊ နှစ်ဆဲ ခုနစ်ချစား။ အကြွင်းကားချွန် သူ့နက္ခတ်ဖြစ်၏။

၁၁၃—နှစ်ရှာစသည်များ။

(၄၆၆) နှစ်ရတုသ၊ထီးထိပြ၊ရွေ့ညြနက္ခတ်များ။
(၄၆၇) နှာရှိနှင့်လင်္ဂ၊ဤကိုးချက်၊မပျက်ဝိဘပ်ထား၊
(၄၆၈) ဆယ်စသည်မြှောက်၊ ကိုးချထွာက်၊ ထိုနောက်
နှုတ်ကိုးပါး၊
(၄၆၉) မိမိဝိဘပ်၊စားကိန်းမှတ်၊ ကြွင်းလတ်နှစ်စသား။

မွေးဖွါးသောအခါ ခုသော်သာတ်ဥဿဝီအသင်္ခလိဂ္ဂာကို လိဂ္ဂာပုံပြု၍ ရှေးရာသီကိန်းမှတ်တိုင်းလည်းမြှောက်၊ ပြိုစ် ယှဉ်သော်ပြိုဟ်ကိန်းအတိုင်း မြှောက်ရာ၏။ ထွားဘဘော် ကိုဆယ်ချမြှောက်၊ တဘော်ကိုရှစ်ချမြှောက်၊ တဘော်ကိုရ နစ်ချမြှောက်၊ တဘော်ကိုငါးချမြှောက်ရာ၏။ လင်္ဂသည်စာ ချသော ကြွင်းတွင် ရှေးထက်ဝက်အတိုင်း စီးမူကိုးချနှုတ်။

နောက်သက်ဝက်အတို့၌စီးမှုကိုးရနုတ်၊ ဆယ်ရဖြင့်မြှောက်သော တဘောဝ်ကို တဆဲ့နှစ်ရစား၊ အကြွင်းကား အသက်နှစ်တည်ခြင်းကိုဝင်း။မြှောက်ရနှင့်စား အကြွင်းကား သိသိရစသော ရတုတည်ခြင်းကိုဝင်း၊ နှစ်ရစားတရကြွင်း မူကား ရပြီးသောရတုဘွင်ရှေးလဖြစ်၏၊ သုံးမူကားနောက်လဖြစ်၏၊ ရှစ်ရမြှောက်သောတဘောဝ်ကိုနှစ်ရစားတရကြွင်းမူကား၊ လဆန်းတည်း၊သုံးမူကားလဆုတ်တည်း၊ တဆဲ့ငါးရနှင့် စား၍ အကြွင်းအတိုင်းတိထိကိုဆိုရာ၏။ ရနှစ်ရမြှောက်သော တဘောဝ်ကိုနှစ်ရနှင့်စားတရကြွင်းမူနေ့တည်း။သုံးမူညဥ့်တည်း။ နှစ်ဆဲ့ရနှစ်ရစား အကြွင်းကိုအဿဝနီကစ၍ ရေသဖြင့်။ နက္ခတ်ကိုဆိုရာ၏၊ငါးရမြှောက်သောတဘောဝ်ကို။ထိုအခါ၌ဖြစ်သောနေ့နာရီညဥ့်နာရီဖြင့်စား။ အကြွင်းအတိုင်း နေ့နာရီညဥ့်နာရီကိုဆိုရာ၏၊လဂ်နသောရာသီကိုသိလိုမူတဆဲ့နှစ်ရစားအကြွင်းအတိုင်းလဂ်နရာသီကိုဆိုရာ၏၊

(၄၇၁) နှစ်ရတုလ-ဆယ်မြှောက်ရ၊ဒသကတွင်ဖြစ်။

(၄၇၂) လခွဲတိထိ၊ရှစ်မြှောက်ဘိ၊ ကျမ်းညှိမိန့်ဆိုသုတ်၊

နှစ်သည်ဝင်း။ရတုသည်ဝင်း၊သသည်ဝင်းဆယ်သချာဖြင့်မြှောက်ရသဖြင့်ဒသကကိန်းတွင်ဖြစ်၏။သခွဲသည် ဝင်းတိထိသည်ဝင်းရှစ်ရမြှောက်ရသောအဋ္ဌကကိန်း၌ဖြစ်၏။

(၄၇၃) နေ့ဖွားညဥ့်ဖွား၊ နက္ခတ်များ၊ မြှောက်ငြားရနှစ်သာ။

(၄၇၄) နာရီလဂ္ဂ၊ဟောရတ်စ၊မြှောက်ရငါးသချာ။

နေ့အခါ၌ဖွားခြင်းညဥ့်အခါ၌ဖွားခြင်း၊နက္ခတ်များကိုသိ

သိုမှုချနစ်ချမြှောက်ရာ၏၊ နာရီကိုဇင်း၊ လင်္ကိုဇင်း။ ယော ရတ်ကိုဇင်းသိလိုမှုငါးချသင်္ချာဖြင့်မြှောက်ရာ၏ဆိုလိုသည်၊

ဗေဒနီတိကျမ်းပြီး၏။

———:၀:———

ဗေဒသံခိပ်နိဂုံး။

(၁) လယ်မြေလေးပါး၊ ရှိထင်ရှား၊ အလားဝိဒေဟာ။
(၂) ကုလားကစ၊ ကင်းစဉ်ပ၊ မြန်မာ့နေထိုင်ရာ။
(၃) သရက်မြို့မှ၊ ခြောက်တိုင်မှ၊ ဂါမတုတ်ကိုင်းမှာ။
(၄) သုံးဆခွေ့ဘ၊ ကဆုန်လ၊ ဖွားသနေ့သောကြာ။
(၅) လျှောင်းလျှာနာမ၊ သာဓိန၊ ခေါ်ကြကျမ်းဆရာ။
(၆) ခွေနောခွေ့ဘ၊ ဝါခေါင်လ၊ ပြီးထဲ၍ကျမ်းစာ။
(၇) လုံးစုံဆောင်ပုဒ်၊ ကြိုးအားထုတ်၊ နွှတ်တက် ရသူ မှာ။
(၈) ဗေဒင်ပါမြောက်၊ တန်ခွန်ဆောက်၊ ဘွန်းတောက် ၍လူရွှာ။
(၉) ပညာဓိက၊ သမ္မုဒ္ဒ၊ ဘုရာ့ဆုကိုသာ။
(၁၀) ရစေလို့မှု၊ များပြုစုံ၊ ကျမ်းပြုစေတနာ။
(၁၁) အမျှအတူ၊ ရစေဟူ၊ များတူဝေနေယျာ၊

ဟူသောသံပေါက် ကဗျာတဆဲ့တချက်တွင် (၁-၂-၃) ၍ကဗျာသုံးချက်ဖြင့်ဗေဒသံခိပ်ကျမ်းကို စီရင်သော ကျမ်း ဆရာ၏ ဘွားမြင်ရာ အရပ်ကိုပြသည်၊ အလောင်းတော် မဟောသဓာ၏ ဖြစ်ပေါ်ရာဝိဒေဟာတိုင်းကြီးတွင်၊ သိန်း၊ ဒေ ဝိန်း၊ ကာမိန်း၊ ပကုတ်ဟူသော အမတ်လေးပါးတို့သည် ထင်

ရှားရှိလေသကဲ့သို့၊ ဤကျမ်းကိုစီရင်သော ကျမ်းဆရာ၏ ဖြစ်ထွန်းသွားမြင်ရာအရပ်၌လည်း အမတ်လေးပါးနှင့်အလား တူစွာရွာ၏အရှေ့၌၊ တုပ်မနိုင်၊ အနောက်၌မြေရဲ၊ တောင်၌ဖရေဇာ၊ မြောက်၌အင်းအမည်ရှိသောလယ်မြေ လေးပါးတို့သည်။ ထင်ရှားစွာတည်ရှိသည်ဖြစ်၍၊ ကုလား၊ တရုပ်၊ ရှမ်းစသော လူမျိုးခြားတို့တဦးတယောက်မျှရောနှောခြင်းမရှိ မြန်မာလူမျိုးတို့သာနေထိုင်ရာ ဖြစ်သောသရက်မြို့မှ မြောက်တိုင်မျှ လောက်သာဝေးကွာသော တုတ်ကိုင်းအမည်ရှိသည့် ရွာဟု ဆိုလိုသည်။

(၄-၅) ကဗျာများ၏ အဓိပ္ပါယ်ကား ဆိုခဲ့ပြီးသည့် အဝိုင်းတုပ်ကိုင်းရွာကြီး၌(၁၂၆၀)ပြည့်နှစ် ကဆုန်လပြည့်ကျော် ၉-ရက် သောကြာနေ့နံနက်စက်လေးနာရီ အချိန်တွင် ထိုအရပ်ဒေသ၌ အမျိုးနှင့်တကွ ထင်ရှားကျန်သော မိခင်ဘခင်တို့မှဖွားမြင်ဖြစ်ပေါ်ပြီးသည့်နောက်၊ ယခုမြို့၊ အဠကထာ ဋီကာဂန္ထ နှုရတို့၌တတ်မြောက်လိမ်မာခြင်းသို့ရောက်သော အခါ အလောင်းတော်မဟောသ်နှင့်ဖြစ်ပေါ်ရာအရပ်နှစ်ဦးဥပမာ ဥပမေယျတူခြင်း။ အလောင်းတော် သိဒ္ဓတ်မင်းသား။ ဖွားတော်မူသောကဆုန်လတွင် ဘွားမြင်ခြင်း၊ သောကြာနေ့တွင် ဘွားမြင်ခြင်း၊ ထက်သန်သောသဒ္ဓါဖြင့်ဆရာ၏ ဝတ်ကြီးဝတ်ငယ်စသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ပညာမိဘ သဗ္ဗညု ဗောဓိ ခေါက်ပုံ မြမြန်စွာ ပန်ယူခြင်း ဤ အကြောင်းသေးပါးတို့သည် ဤဗေဒင်သံခိပ် ကျမ်းဆရာ၏ ကျေးဇူးအရှင် ဖြစ်တော်မူသော ကောရာဇာတော၊ ဆရာတော်ဘုရားကြီးအား ဝပ်တွား၍ တောင်းပန်တီသကဲ့သို့ ဆရာတော်

ဘုရား၏သန္တာန်၌ဇာတ်တော်တွင်ပါရှိသောအလောင်းတော် "သာမိန"မင်း၏အမည်ကိုပင်လျှင် မစပေးသနားတော်မူလိုသောစိတ်ဓာတ်တော်ဝိထိအစဉ်သည် ဖြစ်ပေါ်၍လာသဖြင့် ဤကျမ်းဆရာအားအမည်ကို "သာမိန" ဟူ၍ပင်ဘွဲ့ချီးအပ်နှင်းတော်မူသည့်အတိုင်းဆရာတော်ဘုရားကြီးနှင့်တကွမိတ်ဆွေအပေါင်းတို့သည် "သာမိန"ဟူ၍ပင် ခေါ်ဝေါ်ပြောဆိုခြင်းသည်ထင်ရှားစွာဖြစ်လေသတည်း၊

(၆-၇-၈-ကဗျာတို့၌လိုရင်းအဓိပ္ပါယ်ကား။—၁၂၉၂ခု ဝါခေါင်လပြည့်ကျော် (၁၁)ရက်အင်္ဂါနေ့(၁၁)ရီအချိန်တွင် ဤဗေဒ သံခိပ်ကျမ်းသည် ရေးသားစီရင်၍ ပြီးဆုံးခြင်းသို့ ရောက်လေ၏၊ ထိုကျမ်းတွင်ပါဝင်လျက်ရှိသော ဆောင်ပုဒ်သံပေါက်ကဗျာများကို အလုံးစုံသင်ကြားကျက်မှတ်၍ နှုတ်တက်အာဂုံဆောင်နိုင်ကုန်သော သူတို့သည်ဗေဒင်အရာ၌မှာ ဒိသာပါမောက္ခ ဆရာကြီးဖြစ်၍ ဤလူ့ပြည်တွင် ထင်ရှားကျော်စော၍ဂုဏ်အသရေထွန်းတောက်ပလိမ့်မည်ဟုဆိုလိုသတည်း။

(၉-၁၀-၁၁)ကဗျာတို့ဖြင့်ကျမ်းဆရာသည် ကျမ်းပြုရသောကောင်းမှုကြောင့် ပညာမိကာသမ္ဗောသမ္ဗောဓိဆုကို ရလိုကြောင်း၊ ထိုကောင်းမှုအဘို့ကိုပင်လျှင် များစွာသောဝေနေယျတို့အားအမျှပေးဝေကြောင်းကိုပြဆိုပေသတည်း။

ဗေဒသံခိပ်နိဂုံးပြီး၏။

———:o:———

# ဗေဒနိတိနိဂုံး။

(၁) ယာနဒိဗ္ဗရောဝတိ၅ာ။
ဥလ္လန္တံရမဏီဗလော။
တိရေပဉ္စမကောတာယာ။
သရက်အစ္ဆိပုရံရမံ။
(၂) တေသိ ဒဗ္ဗပိမိတိအာရ—ဓေ။
ဓနဝန္တေဟိကာရိတော။
ဝိသုဒ္ဓေါနာမယောထေရော။
မြန်မာရဋ္ဌသုပါကဋော။
(၃) တေသသိသော သာယောစထေရော။
ပိဋကတ္တယကောဝိဒေါ၊
ဂဟာဌပဗ္ဗဇီတေဟိ။
သေလန္တတ္ထံဝမာနိတော၊
(၄) တာသသိသာဗဗြေန။
လဒ္ဓလဥ္ဆကေနနာမတော။
သာဝိနေနကတမိဒံ။
နိစ္စံဝံရဖ္ထုသာဝေဝါ။
(၅) ဆမိနာပုညဘာဂေန။
ဘဝေယျာမိတထာဂတော။
ဘာဗေယျာမိမပုည်ံ။
သဗ္ဗေသဥ္စအသေသတော။
ဥလ္လန္တံရမဏီဗလော၊ ငွေပြားအဆင်းရှိသော ဿသောင် ဖြင်နှစ်ခုတို့၏ အကြား၌၊ဆန္ဒနီလာ ပတ္တမြားအဆင်းရှိသော

ရေအယဉ်တို့သည်၊တသွင်သွင်စီးဆင်းလျက် ရှိသော၊ဧရာဝတီ၄ါ၊ဧရာဝတီအမည် ရှိသော။ယာနဒီ၊သန့်ရှင်း ကြည်၊ ရေချိုတည်၍၊ ခိုမှီဘွယ်ဖြစ်၊ အကြင် မြစ်သည်၊အထွတ်၊ကျော် စာမော်ကွန်း၊ကျမ်းစာ ညွှန်းလေသံအောင်၊ဖြစ်ထွန်းတည်ရှိ လေသတည်း။ (၂) တာယ၊ထိုဧရာဝတီမြစ်၏။ ပစ္ဆိမကော၊ အနောက်ဖြစ်သော။တီရေ၊ကမ်းထိပ်၌။ချမ်း၊နှလုံးမွေ့လျော်၊ ပျော်ရွှင်ဘွယ်ကောင်းသော။ သရက်ပုရံ၊သရက်မြို့သည်။ အထွတ်၊နေ့လပမာ၊ထင်ရှားစွာ တည်ရှိပါသတည်း။တဒ္ဓိ၊ ထိုသရက်မြို့၌။ ဓနဝန္တေဟိ၊များစွာ ဥစ္စာရှိကုန်သော၊မြေ ပိုင်ရှင်၊ပွဲစား၊ကုန်သည်၊အရာရှိ,ဒါယကာ၊ဒါယကာမ အ စားစားတို့သည်။ကာရိတေ၊သဒ္ဓါကြည်ဖြူ၊ဆောက်လှူအပ် သော၊ အခုဋ္ဌမိုဘိအာရာမေ၊အခုဋ္ဌမိုအမည် ရှိသော ကျောင်း တိုက်ကြီး၌၊ မြန်မာရဋ္ဌသုပါကဋ္ဌော၊မြန်မာပြည်အလုံး၌၊တ အုန်းအုန်းလျှံသော ကျေးဇူးတော်အသံတို့ဖြင့်၊ဆူညံအောင် ထင်ရှား,ကျော်စောသော။ဝိသုဒ္ဓါနာမ၊အရှင်ဝိသုဒ္ဓ အမည် တော် ရှိသော၊ ယောထေရော၊ အကြင်မဟာထေရ်,အရှင် မြတ်သည်။အထွတ်၊ရှိတော်မူပါသတည်း၊

(၃) တဿစ၊ထိုမဟာထေရ်အရှင်မြတ်၏လည်း(ဤ၌ သရက်မြို့အပိုင်၊တော-တောကြောင်း,ကျောင်း၌သီတင်းသုံး ခဲ့ဘူးသော ကျမ်းဆရာ၏ ကျေးဇူးရှင်ဆရာတော် ဘုရား ၏ ဆရာအရှင်,အာဒိစ္စမဟာထေရ်အရှင်မြတ်ကို 'သမ္ဘိတ္တာန' အနက်ရှိသော စ သဒ္ဒါဖြင့် ပြသည်။) သိသော၊တပည့် အ စစ်၊ ဖြစ်တော်မူပေသော၊ ဝိဓုကဏ္ဍယ ကောဝိဒေါ၊ ဝိဓု ကာတ်သုံ ပုံတို့၌၊ အလုံးစုံ တတ်မြောက်,လိမ္မာတော်မူသော၊

ဂဟဋ္ဌပဗ္ဗဇိတေဟိ၊လူ,ရှင်,ရဟန်းတို့သည်။သေလ နှစ္စ တ္တံ၀၊
ရှုးပန်းရှု နှယ်၊အသွယ်သွယ်တို့ဖြင့်၊ ဆန်းကြယ်စွာပြီး၊ မြ
ကျောက်ထီးကဲ့သို့။ မာနိတော၊ရိုသေ၀ပ်သျှိုး၊မြတ်နိုးတော်
မူအပ်ထသော။ ယောဒထေရော၊အကြွင် ကောရေဇာတော၊ရ
ဆရာ,မဟာထေရ်အရှင်မြတ်သည်။အဋ္ဌိ၊ရှိတော်မူ၏။

(၄) တဿ၀၊ ထိုကြောင့်ဇာ မဟာထေရ် အရှင်မြတ်
၏လည်း။ (ဤ၌ စ သဒ္ဒါဖြင့် အခြားဆရာများကို ပြသည်။)
သိဿသာစဋ္ဌေန၊ တပည့် အာစာနည်အစစ် ဖြစ်ပေသော။
လဒ္ဓလဒ္ဓကေန၊ သစ္စ၀ါဒီတိုက်ရှင်,မင်းတိုင်ပင်အမတ်ကြီး
နှင့် တကွ၊ ဖြန့်မာပညာရှိ,အသင်းသားတို့အထံမှ၊ ရအပ်
သော ထွေတံဆိပ်ရှိသော။နာမတော၊အမည်အားဖြင့်။သာဓိ
နေန၊သာဓိနှအမည်ရှိသော ဆရာသည်၊ ကတံ၊ရေးသား,ပြု
ဖြင်၊စီရင်အ[illegible]ပေသော။ ဣဒံ၊ဤ ဗေဒနိတိကျမ်းကို။ သာဓ
ဝေါ၊ရှင်,လူ,ပုဏ္ဏားး၊ ပညာလိုက်စားကြကုန်သော သူတော်
ကောင်းတို့သည်။နိစ္စံ၊အမြဲ၊ဓါရေန္တု၊နှုတ်တွင် ဆွဲ၊အာဂုမ်
ရအောင်၊မှတ်တောင်မူကြပါကုန်လော့၊

(၅) ဣမိနာပုညဘာဂေန၊ ကျမ်းကိုပြုရ ဤကောင်းမှု
အဘို့ကြောင့်။ တထာဂတော၊ဂင်္ဂါ၀ါလု၊သဲစုအလား၊ရှေး
ဘုရားတို့နှင့်၊မခြားတစ်၊ပညာဓိက ဘုရားသည်၊ဘာ၀ေယျာ
မိ၊ပါရမီခရီး၊အစဉ်မှီး၍၊အပြီး နောင်ခါ၊ဖြစ်ရပါလို၏။မမ၊
အကျွန်ုပ်၏၊ပုညံ၊ကျမ်းပြုရသော ကောင်းမှုအဘို့ကို။အသေ
သတော၊ အကြွင်းမရှိသော အားဖြင့်။ သဗ္ဗေ သဉ္ဇ၊အလုံးစုံ
သော သတ္တ၀ါတို့အားလည်း။ ဘာဇေမ၊ အတူ,အမျှ၊ရတို့
ရည်မှန်း၊ဝေးကမ်း,ဝေဘန်ပါ၏၊ ။ဗေဒနီတိနိဂုံးပြီး၏။